ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဥ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၇၆ ) လျှို့ဝှက်ဆန်းကျယ်သော တာအိုကာကွယ်သူ လှုပ်ရှားလာခြင်း၊ တစ်ချက်တည်းဖြင့် နဂါးပြာအကြီးအကဲ ဒဏ်ရာအပြင်းသွားရသွားခဲ့ခြင်း

အမိပမိရတနာသိုက်အတွင်းမှ ကျွင်းရှောင်ယောက်နှင့် တခြားသူများ ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ဟာ တိုက်ပွဲကြီးများကို ကြုံတွေ့ခဲ့ရသော်လည်း သူ၏ အဖြူရောင်အဝတ်အစားများက သန့်ရှင်းသပ်ရပ်နေဆဲပင်။ သူဟာ ကိုယ်ပိုင်ခြံဝင်းထဲ၌ လမ်းလျှောက်ထွက်ကာ ပြန်လာသကဲ့သို့ သက်တောင့်သက်သာရှိနေသည်။

လွတ်လပ်ပေါ့ပါးပြီး ချောမောခန့်ညားသောအသွင်ဖြင့် သူဟာ အမျိုးသမီးကျင့်ကြံသူများ အသည်းနှလုံးကို ဆွဲယူသိမ်းပိုက်ပြန်၏။

သူတို့၏စိတ်ထဲတွင် ကျွင်းရှောင်ယောက်သာ တစ်ဦးတည်းသော ကိုးကွယ်ရာနတ်သားလေး ဖြစ်တော့သည်။

သို့သော်လည်း ပရိသတ်က စိတ်လှုပ်ရှားစွာ

မအော်ဟစ်ရသေးခင်က အရှိန်အဝါနှစ်ခုက
ရုတ်တရက် ပေါက်ကွဲထွက်ပေါ်လာသည်။

ယင်းက ကျိုပန်းရင်နှင့် နဂါးပြာအကြီးအကဲပင်
ဖြစ်သည်။

သန်မာသော အရှိန်အဝါနှစ်ခုဟာ သွေးဆူနေသော
ပရိသတ်ကို ချက်ချင်း သတိပြုမိသွားစေခဲ့၏။

အစိက ပုဂ္ဂိုလ်ကြီးများသည်လည်း
လေးနက်သောမျက်လုံးများဖြင့်
ဆက်လက်ဖြစ်ပွားလာမည်အား
စောင့်ကြည့်လိုက်ကြသည်။

ကျောင်းရှောင်ယောက်ဟာ အနှောင်အဖွဲ့ကင်းကင်းဖြင့်
လွတ်လပ်စွာ ပြုမူခဲ့၏။

သူဟာ ဘိုးဘေးနဂါးသိုက်မှ နဂါးမိန်းကလေးကို
ရှက်ရွံ့စွာဖြင့် ထွက်ပြေးစေခဲ့သည်။

ထို့နောက် ကျိုမိသားစုမှ သူတော်စင်ငယ်ကျိုရွှမ်၏
လက်တစ်ဖက်ကို ဖြတ်တောက်လိုက်ပြန်သည်။

ကျွင်းရှောင်ယောက်နေရာတွင်
တခြားပါရမီရှင်ဆိုပါက ထိုသို့
ပြုလုပ်ဝံ့မည်မဟုတ်ပေ။

မဟုတ်လျှင် အပြင်ရောက်သည်နှင့်တပြိုင်နက်
ကျိုပန်းရင်နှင့် နဂါးပြာအကြီးအကဲ၏
တိုက်ရိုက်သတ်ဖြတ်ခြင်းကို ခံကြရနိုင်သည်။

"ကျွင်းရှောင်ယောက်၊ ဘယ်အရာပဲဖြစ်ဖြစ်

အကန့်အသတ်ဆိုတာရှိတယ်ကွ၊ မင်းရဲ့
လုပ်ရပ်တစ်ခုက မင်းရဲ့အနာဂတ်မှာ
ဝေးဝေးမှာမသွားနိုင်အောင် ဖြစ်စေနိုင်တယ်"
ကျပန်းရင်က သုန်မှုန်နေသောမျက်နှာနှင့်
အေးစက်စက်ဖြင့် ပြောလိုက်သည်။

သူ့နံဘေးတွင် တည်နေရာရွှေ့ပြောင်းခြင်း
တာအိုတံဆိပ်တော်အကြီးဖြင့် ထွက်ပြေးလာသော
ကျိုရွှမ်ရှိ၏။

ဤအခိုက်တွင် ညာလက်ပြတ်နေသောကျိုရွှမ်က
အသက်မဲ့နေသော မျက်လုံးများဖြင့် ရှိနေသည်။
သူ့အသွင်ဟာ လမ်းလျှောက်နေသော
အလောင်းကောင်နှင့် မခြားပေ။

အမြင်ရှိသူတိုင်း ကျိုရွှမ်၏ တာအိုနှလုံးသား

ပြိုကွဲသွားတာကို သိမြင်နိုင်သည်။

ပါရမီရှင်များအတွက် ရှုံးနိမ့်မှုက
ကြောက်စရာမကောင်းပေ။

ကြောက်စရာအကောင်းဆုံးက
တာအိုနှလုံးသားပြိုကွဲခြင်း ဖြစ်သည်။
ထိုအခြေအနေမျိုးတွင် မည်သို့မျှ နာလန်မထူနိုင်ဘဲ
အမှိုက်သဖွယ် ဖြစ်လာကြရပေလိမ့်မည်။

ကျိုရွှမ်ဟာ ရတနာသိုက်သို့ ရောက်လာစဉ်က
ကျိုမိသားစု၏ သူတော်စင်ငယ်အနေဖြင့်
ယုံကြည်မှုအပြည့်ရှိခဲ့သည်။

သို့သော်လည်း ယခုအခါ လမ်းလျှောက်နေသော
အလောင်းကောင်ကဲ့သို့ ဖြစ်နေခဲ့ရပြီ။

ထို့ကြောင့် ကျိုပန်းရန် ဒေါသတကြီးဖြစ်သွားသည်မှာ အံ့သြစရာမဟုတ်တော့ပေ။

"လွှန်ကဲတာလား၊ ဒါက ဘယ်လိုလုပ်ပြီး လွှန်ကဲတာဖြစ်မှာလဲ။ ဒါက သာမန် တိုက်ပွဲတစ်ခုပဲကို"

သူတော်စင်နယ်ပယ်မှ ကျိုပန်းရင်နှင့် ရင်ဆိုင်ရချိန်၌ပင် ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက မပြောင်းလဲဘဲ တည်ငြိမ်နေဆဲပင်။

သူဟာ အဓိပဓိအလောင်းကောင်၏ ဖိနှိပ်မှုကိုပင် မကြောက်ရွံ့ခဲ့ပေ။ ထိုအတွက် သူတော်စင်တစ်ပါး၏ ဖိနှိပ်မှုကို မည်သို့ကြောက်ရပါမည်နည်း။

"အဘိုးကြီး၊ မင်းက ငါ့မြေးကို မင်းဘာလုပ်ချင်လို့လဲ"
ကျွင်းကျန်းထျန်းက ကျွင်းရှောင်ယောက်အရှေ့တွင် ထွက်ပေါ်လာသည်။

တချိန်တည်းမှာပင် နဂါးပြာအကြီးအကဲက လုံပိကျစ်ကိုခေါ်ကာ ရောက်ရှိလာသည်။

လုံပိကျစ်က နဂါးပြာအကြီးအကဲ၏ အနောက်တွင်ရပ်ကာ ကျွင်းရှောင်ယောက်ကို ချောင်းကြည့်လိုက်သည်။ သူ့မျက်လုံးတွင်ကား ကြောက်ရွံ့မှုများ ရှိနေဆဲပင်။

သူမ၏ တာအိုနှလုံးသားက မပြိုကွဲသေးသော်လည်း သိပ်မလိုပါချေ။

အနည်းဆုံးတော့ ကျွင်းရှောင်ယောက်ဟာ

သူမနှလုံးသားထဲတွင် အရိပ်မည်းကြီးတစ်ခု ထင်ကျန်စေခဲ့ပြီ ဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ ငါ့နဂါးမိန်းကလေးကို မင်းဘာလုပ်ခဲ့တယ်ဆိုတာ မေ့ပေးနိုင်ပေမဲ့ ငါ့တို့ ဘိုးဘေးနဂါးသိုက်ရဲ့ နဂါးအရိုးတွေ ယူသွားတာကိုတော့ သည်းမခံနိုင်ဘူးဟေ့။ အခု ဒါတွေကို ဥစ္စာရင်းမှန်လို့ ပိုင်ရှင်ဆီပြန်ပေးချိန်တန်ပြီ" နဂါးပြာအကြီးအကဲက အလေးအနက် ပြောလိုက်သည်။

ဘိုးဘေးနဂါးသိုက်၏ လျှမ်းမိုးနိုင်စွမ်းရှိပုံဖြင့် တခြားတစ်ယောက်သာ နဂါးအရိုးများကို ယူငင်သွားပါက တိုက်ရိုက် လုယက်ပြီးသွားပြီ ဖြစ်သည်။

သို့ရာတွင် ကျွင်းမိသားစုမှ
နတ်ဘုရားသားတော်ဖြစ်နေခြင်းက
မိုးပြာနါးအကြီးအကဲကို အခက်တွေ့စေခဲ့ပေသည်။

"အိုး၊ ဘိုးဘေးနဂါးသိုက်ကြီးကတော့ တကယ်ကို
လွှမ်းမိုးနိုင်စွမ်းရှိတာပါလား"

"ဒါပေမဲ့ ကျုပ်ကိုယ်ပိုင်အစွမ်းအစနဲ့ ရထားတာကို
ဘာဖြစ်လို့ ပြန်ပေးရမှာလဲ"

ကျွင်းရှောင်ယောက်က မထီတထီပြုံး၍
ပြောလိုက်သည်။

သူ့အမူအရာကြောင့် နဂါးပြာအကြီးအကဲဟာ
မျက်နှာသုန်မှုန်လာပြီး ပြောလိုက်သည်။

"ကောင်းတယ်၊ ငါတို့ နဂါးအရိုးလေးချောင်းကို
ပေးလို့ရတယ်၊ ဘိုးဘေးနဂါးရဲ့ အဓိပဓိအရိုးကိုတော့

ပြန်ပေးပါ"

ထိုစကားကိုကြားသောအခါ ကျွင်းရှောင်ယောက်က လှောင်ပြောင်ပြောဆိုလိုက်၏။

"ဘိုးဘေးနဂါးသိုက်၊ ခင်ဗျားက တကယ်ကို မျက်နှာပြောင်တိုက်ပြီး အရှက်မဲ့တာပဲ။ အမိပမိအကြီးအကဲရဲ့ နာကျင်မှုကို ခင်ဗျား မေ့သွားပြီလား"

"မင်းက မာနကြီးလွန်းတယ်"

ကျွင်းရှောင်ယောက်၏စကားက နဂါးပြာအကြီးအကဲကို အနာပေါ်တုတ်ကျသကဲ့သို့ဖြစ်စေ၍ မျက်နှာကြီး မည်းမှောင်သွားသည်။

သို့သော် မိုးပြာနဂါးအကြီးအကဲ၏

စကားသံဆုံးသည်နှင့်...

"တွမ်"

အဝးတစ်နေရာ လေထဲမှ စူးရှသော
ကုချင်းအသံတစ်ချက်က ရုတ်တရက်
ထွက်ပေါ်လာသည်။

ကုချင်းသံက လူသတ်ဓားတစ်လက်အသွင်ဖြင့်
လေထုကိုဖြတ်သန်းကာ မိုးပြာနဂါးအကြီးအကဲထံ
တိုးဝင်သွား၏။

ဤကုချင်းသံ၏ စွမ်းအားက စိတ်ကူးကြည့်ရန်ပင်
မလွယ်ပေ။

"ရှစ်"

ဓားက မိုးပြာနဂါးအကြီးအကဲ၏ ခန္ဓာကိုယ်ကို တစ်ဝက်လောက်ထိ နစ်ဝင်သွား၍ သွေးများ ဖြာကျသွားခဲ့သည်။

တစ်ချက်တည်းဖြင့် သူတော်စင်တစ်ပါးကို ဒဏ်ရာအပြင်းအထန်ရစေခဲ့ခြင်း။

လူထုက ချက်ချင်းပင် ရုတ်ရုတ်သဲသဲဖြစ်သွား၏။

နဂါးပြာအကြီးအကဲလည်း ကြောက်လန့်တကြားဖြင့် အနောက်ပြန်ဆုတ်သွားတော့သည်။

"ဒါ ဘယ်က စီနီယာများလဲ"

နဂါးပြာအကြီးအကဲက တုန်ယင်စွာဖြင့် အော်မေးလိုက်သည်။

သို့သော် ပြန်ဖြေသံမကြားရပေ။

အခြားတစ်ဖက်တွင် ကျွင်းကျန်းထျန်းက ထူးခြားသော မျက်လုံးအကြည့်များဖြင့် ပြောလိုက်သည်။

"ရှောင်ယောက်၊ ကြည့်ရတာ မင်းရဲ့တာအိုကာကွယ်သူက လှုပ်ရှားလာပြီထင်တယ်"

"တာအိုကာကွယ်သူလား"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

သူ၏ တာအိုကာကွယ်သူက ဆန်းကျယ်ကာ ယခုထိ လူလုံးမပြသေးပေ။

သို့သော်လည်း ကုချင်းကိုသုံးကာ တိုက်ခိုက်ခြင်းက
အမှန်တကယ် သိမ်မွေ့လွန်းလှသည်။

"မင်းရဲ့တာအိုကာကွယ်သူမှာ နောက်ခံတွေရှိတယ်၊
နောက်ကျရင် မင်းသိလာပါလိမ့်မယ်"
ကျွင်းကျန်းထျန်းက ပဟေဠိဆန်ဆန် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း မျက်လုံးများပင်
ကျဉ်းမြောင်းသွား၏။

သူ့အတွက် ကျွင်းမိသားစုမှ ပို့ပေးထားသော
တာအိုကွာကွယ်သူက ဘယ်သူလဲ။

သို့သော်လည်း ကာကွယ်သူ၏
တိတ်ဆိတ်ငြိမ်သက်နေမှုကြောင့် ပရိသတ်ဟာ
ရုတ်ရုတ်သဲသဲနှင့် ဟိုကြည့်သည်ကြည့်

ဖြစ်လာကြသည်။

ကျွင်းမိသားစုဟာ ကျွင်းရှောင်ယောက်အတွက်
ဤမျှအစွမ်းထက်သော တာအိုကာကွယ်သူအား
ပို့ပေးထား၏။

သိထားရသည်မှာ အစွမ်းထက် အင်အားစုကြီးများမှ
ပါရမီရှင်များ၏ တာအိုကာကွယ်သူပင်
သူတော်စင်အဆင့်သာ ဖြစ်ကြသည်။

"ကျွင်းမိသားစုက
နတ်ဘုရားသားတော်ရဲ့အနေအထားက
တကယ်ထူးခြားနေပုံပဲ"
လူအများက သက်ပြင်းချလိုက်ကြသည်။

မိုးပြာနဂါးအကြီးအကဲလည်း ဒဏ်ရာရသွားပြီးနောက်

ဘာမျှဆက်မပြောဝံ့တော့ပေ။

ထပ်ပြောဝံ့ပါက သူ့အသက်ကိုပင်
တိုက်ရိုက်နှုတ်ယူသွားမှာ ကြောက်ရသည်။

ကျိုပန်းရင်လည်း အလွန်ကြောက်လန့်သွားကာ
တိတ်ဆိတ်သွားခဲ့သည်။

ယင်းက ပြဿနာတစ်ခုသာမို့ မြို့သိပ်ထားရုံမှတစ်ပါး
အခြားမရှိတော့ပေ။

"ခင်ဗျားတို့ ပြောစရာမရှိတော့ဘူးဆိုရင်
ကျွင်းမိသားစု ထွက်ခွာမယ်"
ကျွင်းရှောင်ယောက်က ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

နဂါးပြာအကြီးအကဲနှင့် ကျိုပန်းရင်က မျက်နှာကြီး
အိုစာနေကာ ဘာမျှပြန်မပြောကြပေ။

ထို့နောက်တော့ ကျွင်းမိသားစု၊ ကျန်းမိသားစုနှင့်
တခြားမိသားစုများလည်း
စတင်ထွက်ခွာလိုက်ကြသည်။

နဂါးပြာအကြီးအကဲနှင့် ကျိုပန်းရင်လည်း
မျက်နှာပျက်ပျက်နှင့် ပြန်လည်ဆုတ်ခွာသွားကြ၏။

သူတို့ဘဝတွင် ဤမျှလောက်
တစ်ခါမျှအရှုံးကြီးမရှုံးခဲ့ဖူးပေ။

"ဟင်း၊ ကျွင်းမိသားစုက ထိပ်တန်းမိသားစုကြီး
သုံးခုထဲက တစ်ခုဖြစ်ထိုက်ပါပေတယ်။
တာအိုမိသားစုကြီးနှစ်ခုတောင်

အနောက်ဆုတ်သွားခဲ့ရတယ်"

ကျင့်ကြံသူတချို့က ခံစားချက်အပြည့်ဖြင့် ပြောလိုက်ကြသည်။

အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်ကတော့ ဤသို့ဖြင့် အဆုံးသတ်ခဲ့ရပြီ။

မူလကတည်းက လူအများဟာ ရတနာသိုက်အတွင်း၌ ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ကို အတောက်ပဆုံးဖြစ်မည်ဟု ထင်ထားခဲ့ကြသည်။

သို့သော်လည်း ဤမျှတောက်ပလာဖို့တော့ မျှော်လင့်မထားခဲ့ကြပါချေ။

ယင်းက ပါရမီရှင်အားလုံး၏ တောက်ပမှုကို

ဖုံးလွှမ်းလုနီးပင် ဖြစ်သွားခဲ့ရသည်။

ဘိုးဘေးနဂါးသိုက်မှ နဂါးမိန်းကလေး၊ ကျိမိသားစုမှ သူတော်စင်ငယ်၊ ခေါင်းကိုးလုံးခြသေ့၊ ကောင်းကင်စားစာငှက်... စသည်ဖြင့်။ ၎င်းတို့အားလုံး ကျွင်းရှောင်ယောက်၏ ပြိုင်ဘက်မဖြစ်ခဲ့ပေ။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က အဓိပမိအလောင်းကောင်ကိုပင် ဖိနှိပ်ခဲ့သည်။

ယင်းက အကုန်လုံး၏ အာရုံကို အဆွဲဆောင်နိုင်ဆုံးဆိုပါက မမှားပေ။

ဤသတင်းပျံ့သွားသောအခါ အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး

တုန်ခါသွားရတော့မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ မျက်မှောက်ခေတ်မှ အင်မော်တယ်နယ်မြေကြီး၏ အထွတ်အထိပ်တွင် ရပ်တည်နေခဲ့သူဟုပင် ဆိုရမည်။

ဤတစ်ခေါက် အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်ခရီးစဉ်က ကျွင်းရှောင်ယောက်ဟူသောနာမည်ကို ပို၍ ခိုင်မာစေခဲ့သည်ဆိုက မမှားပါချေ။

သို့ရာတွင် တချို့ကပျော်ရွှင်ကာ တချို့ကတော့ ဝမ်းနည်း၊ စိတ်ပျက်ခဲ့ရသည်။

ထိုအချိန်တွင် နန်ထျန်းမြို့အတွင်း၌ ယောကျ်ားတစ်ယောက်နှင့် မိန်းမပျိုတစ်ယာက်ဟာ

ရုတ်တရက် ထွက်ပေါ်လာ၏။

ယင်းက ရှောင်ချန်းနှင့် ဝူမင်ယွဲ့သာ ဖြစ်တော့သည်။

-----------wunzinnosp

အခန်း ( ၇၇ ) နတ်ဘုရားမင်းဆက်သို့ ဝူမင်ယွဲ့ပြန်ရပြီ၊ ရှောင်ချန်း၏ နောက်ဆုံးအခွင့်အရေး၊ ရှေးဟောင်းလူထူးဆန်း

"ကျွင်းရှောင်ယောက်က အရမ်းရက်စက်တယ်၊ သူ့နှလုံးသားက အေးစက်လွန်းတယ်၊ ဒီလိုလူက အထွတ်အထိပ်မှာ ရပ်တည်နေရင်တောင် ဒါက ထိုက်တန်ရဲ့လား"

ကျွင်းရှောင်ယောက်၏ ကောလဟာလမျိုးစုံကို
တစ်လမ်းလုံး ကြားခဲ့ရပြီးနောက်
ရှောင်ချန်းမျက်နှာကြီးက သုန်မှုန်လာကာ မနေနိုင်ဘဲ
ကျိန်ဆဲလိုက်မိသည်။

ဝူမင်ယွဲ့ကတော့ စိတ်ထဲတွင်
တစ်ခုခုကိုတွေးနေဟန်ဖြင့် ဘာမှမပြောပေ။

ရှောင်ချန်းဟာ သူမထင်ထားသလောက်
ပြီးပြည့်စုံမှုမရှိကြောင်း
တဖြည်းဖြည်းနားလည်လာသည်။

အချုပ်ခံထားရသော ကျွင်းဝမ်ကျဲကို
ရက်ရက်စက်စက် တိုက်ခိုက်ခြင်းကလည်း
ရှောင်ချန်းကို သူစိမ်းတစ်ယောက်ကဲ့သို့
ပိုမြင်လာစေ၏။

ယခုအခါ ရှောင်ချန်း၏မျက်နှာက အမုန်တရားများ ပြည့်နှက်နေရုံသာမကဘဲ နှလုံးသားမှာပါ မနာလိုမှုများ ပြည့်နှက်နေခဲ့ပြီ ဖြစ်သည်။

ဟုတ်ပေသည်။ ဤအကြောင်းပြချက်အတွက်တော့ ဝူမင်ယွဲ့ဟာ ရှောင်ချန်းကို စွန့်ပစ်လိမ့်မည် မဟုတ်ပေ။

နောက်ဆုံးမှာတော့ ရှောင်ချန်းတွင် ကိုယ်ပိုင်အားသာချက်များ ရှိနေဆဲပင်။ ရှောင်ချန်းဟာ သန်မာသောစိတ်ဓာတ်ရှိပြီး သူမအပေါ်တွင်လည်း ကောင်းသည်။

ထိုစဉ် တိတ်ဆိတ်နေသော ဝူမင်ယွဲ့ပုံစံကို ရှောင်ချန်း သတိပြုမိသွား၏။ သူဟာ ဝူမင်ယွဲ့က အိမ်ပြန်ရမည်ကိုစိုးရိမ်နေသည်ဟုထင်သောကြောင့်

မနေနိုင်ဘဲ မေးလိုက်သည်။

"မင်းယွဲ့၊ ငါတို့ တကယ်ပဲ
ဘာမှမလုပ်နိုင်တော့ဘူးလား"

"ငါ့ရဲ့တာအိုကာကွယ်သူက ငါ့ကို
ရှာတွေ့ပြီးလောက်ပြီ"

ဝူမင်းယွဲ့ ခေါင်းကို ဖြေးလေးစွာခါယမ်းလိုက်၏။

သူမ စကားဆုံးသည်နှင့် အဘွားအိုတစ်ဦးက
ဝူမင်းယွဲ့အရှေ့တွင် ရုတ်တရက် ထွက်ပေါ်လာသည်။

"သူတော်စင်"

ရှောင်ချန်း တုန်လှုပ်သွား၏။

ဤအရှိန်အဝါများက အမှန်တကယ်

သူတော်စင်ဖြစ်သည်။

နန်းတွင်းဝတ်ရုံနှင့် အဘွားအိုက ဝူမင်ယွဲ့ကိုကြည့်ကာ အနည်းငယ် အရိုအသေပေး၍ ပြောလိုက်သည်။

"အရှင့်သမီးက ဒီအဘွားကြီးကို ရှာရပိုလွယ်အောင်လုပ်ပေးခဲ့တာပဲ"

"ကွေ့မို့မို့၊ ရှင်ကျွန်မကို ရှာတွေ့သွားပြီပေါ့"

ဝူမင်ယွဲ့က မအံ့သြဘဲ သက်ပြင်းကိုသာ ချလိုက်လေသည်။

"အရှင့်သမီး၊ အပြင်သွားတာ တော်လောက်ပါပြီ၊ အခု ပြန်ဖို့အချိန်တန်ပြီ"

ကွေ့မို့မို့ ပြောလိုက်သည်။

"ကျွန်မပြန်လာရင် အဲဒီ မာနကြီးတဲ့ဗိုလ်ချုပ်တွေနဲ့ လက်ထပ်ပေးမှာ မဟုတ်လား"

ဝူမင်ယွဲ့က လျှောင်ပြောင် ပြောဆိုလိုက်၏။

"ဒီလို မဟုတ်ပါဘူး၊ အတော်ဆုံးယောကျ်ားတွေပဲ အရှင့်သမီးနဲ့ ထိုက်တန်ပါတယ်"

"ဒီတစ်ခေါက် နတ်ဘုရားမင်းဆက်က
ပွဲတစ်ခုကျင်းပပြီး
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးက
လူငယ်ပါရမီရှင်တွေကို ဖိတ်ခေါ်မှာပါ၊ သူတို့ထဲမှာ
အသန်မာဆုံးကပဲ အရှင့်သမီးရဲ့
ကြင်ရာခင်ပွန်းဖြစ်လာပါလိမ့်မယ်"

"နောက်ပြီး ဒီတစ်ခေါက် နတ်ဘုရားသားတော်လည်း ဒီကိုရောက်လာတယ်လို့ကြားတယ်၊ အရှင့်သမီးက

သူနဲ့ပတ်သက်မှုရှိသွားရင်၊
သူ့ကိုရွေးချယ်လိုက်မယ်ဆိုရင်တော့ ဒါက
အကောင်းဆုံး ရွေးချယ်မှုပါပဲ"
ကွေ့မို့မို့က ပြောလိုက်သည်။

ယင်းကိုကြားသောအခါ ဝူမင်ယွဲ့မျက်နှာ၌ အနည်းငယ်
သဘာဝမကျမှုများ ဖြစ်ပေါ်လာသည်။

ယင်းက ကို့ယို့ကားယားအခြေအနေပင်
မဟုတ်ပါလား။

နောက်ဆုံးတွင် သူက ကျွင်းရှောင်ယောက်၏
ကျွန်မိန်းကလေး ဖြစ်နေခဲ့ရပြီ။

သို့သော်လည်း ယခုအချိန်ထိတော့ ဤအကြောင်းဟာ

သူနှင့် ကျွင်းရှောင်ယောက်သာ သိသည်။

ထိုစကားကိုကြားသောအခါ ရှောင်ချန်းမျက်နှာက ချက်ချင်းပင် လင်ပုပ်ဖမ်းသကဲ့သို့ ဖြစ်သွားသည်။

ကျွမ်မို့မို့ပြောနေသည်များကို သူဂရုမစိုက်သော်လည်း ကျွင်းရှောင်ယောက်ကို ဖော်ပြချင်းဟာ သူ့အား အပြင်းအထန် ထိုးနှက်လိုက်သကဲ့သို့ပင်။

"ဟမ့်၊ ကျွင်းရှောင်ယောက်က မင်ယွဲ့ရဲ့ လက်တစ်ချောင်းနဲ့တောင် ထိုက်တန်လို့လား"

ရှောင်ချန်းက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဟမ်၊ ဒါဘယ်က ကောင်စုတ်လေးလဲ၊ ဒီအဘိုးကြီးကို ဒီစကားမျိုးပြောရအောင် အတင့်ရဲလှချေလား"

ကွေ့မို့မို့က မျက်မှောင်ကြုတ်ကာ
သူတော်စင်အဆင့်အရှိန်အဝါများအား
ထုတ်ဖော်လိုက်၏။

ရှောင်ချန်းက ကျွင်းရှောင်ယောက်မဟုတ်ပေရာ
သူတော်စင်အဆင့် အရှိန်အဝါများကို ဘယ်လိုလုပ်ပြီး
ခံနိုင်ပါမည်နည်း။

ချက်ချင်းပင် သွေးတစ်ပွက်အန်ကာ
လွင့်စဉ်သွားတော့သည်။

ဝူမင်ယွဲ့လည်း မျက်နှာအမူအရာ ပြောင်းလဲသွားကာ
အမြန်အော်ဟစ်လိုက်သည်။

"ကွေ့မို့မို့၊ ရပ်တော့"

"အရှင့်သမီး၊ ဒီကောင်လေးက ဘယ်သူလဲ"

ကွေ့မို့မို့က မေးလိုက်သည်။

"သူက မိုးပြာနဂါး ရှေးဟောင်းတိုင်းပြည်က မင်းသားကြီးပါ"

ဝူမင်ယွဲ့က ပြောလိုက်သည်။

"အိုး၊ တိုင်းပြည်ငယ်လေးရဲ့ မင်းသားတစ်ပါးပဲ"

ကွေ့မို့မို့မျက်နှာတွင် မထီမဲ့မြင်အမူအရာများ ဖြစ်ပေါ်လာသည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ သူတော်စင်တစ်ပါးအနေဖြင့် သူ့တွင် အထင်မြင်သေးနိုင်စွမ်း ရှိ၏။

'ဒီမိန်းမယုတ်ကြီး'

ရှောင်ချန်းက နှုတ်ခမ်းထောင့်မှသွေးကို လက်ခုံဖြင့်သုတ်ကာ ပြန်ထလာပြီး စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။

"ရှောင်ချန်း၊ ငါတောင်းပန်ပါတယ်၊ နင်အဆင်ပြေရဲ့လား"

ဝူမင်ယွဲ့ ပြောလိုက်သည်။

ယင်းကိုမြင်သောအခါ ဝူမင်ယွဲ့က လျစ်လျူရှုစွာ ပြောလိုက်သည်။

"အရှင့်သမီး၊ မင်းရဲ့ကိုယ်ပိုင်လက္ခဏာကို နားလည်ပေးပါ၊ ဒီလိုတိုင်းပြည်ငယ်ရဲ့ မင်းသားတစ်ပါးက မင်းနဲ့မထိုက်တန်ပါဘူး"

"မင်းရဲ့ခင်ပွန်းဖြစ်လာမဲ့သူဟာ အနည်းဆုံးတော့

ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လို သန့်မာတဲ့
နောက်ခံနဲ့ ထူးကဲတဲ့ အစွမ်းသတ္တိရှိတဲ့
ပါရမီရှင်ဖြစ်ရမယ်"

"တော်လောက်ပြီ၊ ကျွေ့မို့မို့ ထပ်မပြောပါနဲ့တော့။
မင်ယွဲ့ ရှင်နဲ့အတူ ပြန်လိုက်ခဲ့မယ်"

ဝူမင်ယွဲ့ဟာ အမြန်တားမြစ်လိုက်၏။

အကြောင်းကတော့ ရှောင်ချန်းမျက်နှာဟာ ပို၍
မည်းမှောင်လာတာကို မြင်လိုက်ရသောကြောင့်
ဖြစ်သည်။

"မင်းသမီး၊ ကျေးဇူးပြုပြီး"

ကျွေ့မို့မို့က ရှောင်ချန်းကို လုံးဝဂရုမစိုက်ဘဲ
တည်ငြိမ်စွာပင် ပြောလိုက်သည်။

ဝူမင်ယွဲ့လည်း လျှောက်လှမ်းသွား၏။

ရှောင်ချန်းက အံကိုကြိတ်ပြီး လက်သီးဆုပ်ကာ အေးစက်စက်ဖြင့် ပြောလိုက်သည်။

"လူတိုင်းကို အထင်မသေးနဲ့၊ မင်ယွဲ့ရဲ့ ကြင်ရာရွေးပွဲနေ့ကျရင် ကျုပ်ရှောင်ချန်းက နတ်ဘုရားမင်းဆက်ရဲ့ ပါရမီရှင်ဆိုသူတွေကို နင်းချေပြမယ်"

"အိုး၊ ကိုယ့်အရည်အချင်းကို ပိုတွက်နေတဲ့ ပုရွက်ဆိတ်လေးတစ်ကောင်ပဲ"

ကွေ့မို့မို့က ဂရုမစိုက်ဘဲ ဝူမင်ယွဲ့ကိုခေါ်ကာ ဆက်လက်ထွက်ခွာသွား၏။

ဝူမင်ယွဲ့လည်း နှုတ်ခမ်းကိုအသာဟ၍ ရှောင်ချန်းကို

တစ်ချက်လှည့်ကြည့်လိုက်သည်။

ရှောင်ချန်း၏ ပြတ်သားသောမျက်နှာကိုမြင်ပြီးနောက်
ရက်စက်လှသော အမှန်တရားကို သူမ
မပြောနိုင်တော့ပေ။

သူမဟာ ကျွင်းရှောင်ယောက်၏ ကျွန်မိန်းကလေး
ဖြစ်နေပြီဟုသာ ပြောပြခဲ့လျှင် ရှောင်ချန်းဒေါသ
ပေါက်ကွဲသွားမည်မဟုတ်ပါလား။

'ဟင်း၊ ငါတစ်ဆင့်ချင်းပဲ သွားရမှာပဲ၊ နောင်အခါမှာ
အခွင့်အရေးရမှ ကျွင်းရှောင်ယောက်ရဲ့
ကျွန်တံဆိပ်ကိုဖယ်ရှားဖို့ အခွင့်အရေးရှာရမယ်'
ဝူမင်ယွဲ့ သက်ပြင်းချလိုက်သည်။

တရွေ့ရွေ့ထွက်ခွာသွားသော ဝူမင်ယွဲ့ကိုကြည့်ကာ

ရှောင်ချန်း လက်သီးကိုတင်းတင်းဆုပ်လိုက်၏။
ထိုအတွက် လက်သည်းများက
လက်ဖဝါးကိုပြန်စိုက်ဝင်ကာ သွေးများပင်
စီးကျလာတော့သည်။

"ဘိုးဘေး၊ အခု နဂါးအရိုးတွေလည်း ဆုံးရှုံးလိုက်ရပြီ၊
ကျွန်တော်တို့ အခုဘာလုပ်သင့်လဲ"
ရှောင်ချန်း မေးလိုက်သည်။

နဂါးအရိုးများမရှိပါက သူ၏
မိုးပြာနဂါးအသွင်ပြောင်းကျမ်းကို
ဆက်လက်လေ့ကျင့်ရန် မလွယ်တော့သလို
ခွန်အားတိုးတက်ရန်လည်း မလွယ်တော့ပေ။

"ဟင်း၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်ကတကယ်ကြေ

ာက်စရာကောင်းတာပဲ"

မိုးပြာနဂါးသခင်က သက်ပြင်းချလိုက်သည်။

ဤမျှကြောက်စရာကောင်းသောလူငယ်ကို သူတစ်ခါမျှ မမြင်ဖူးပေ။

ရှောင်ချန်းက သန်မာသော်လည်း ဤလူငယ်နှင့် နှိုင်းယှဉ်လျှင်တော့ လိုအပ်နေဆဲပင် ဖြစ်သည်။

"ဘိုးဘေး၊ ကျွန်တော်ပိုသန်မာလာဖို့လိုတယ်၊ မင်ယွဲ့ကိုလက်ထပ်ပြီး ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ ကြင်ရာမင်းသားဖြစ်လာရစေမယ်။ မဟုတ်ရင် ကျွင်းရှောင်ယောက်ကို ဘာမှလုပ်နိုင်တော့မှာ မဟုတ်တော့ဘူး"

ရှောင်ချန်း အံကြိတ်လိုက်မိသည်။

သူက မမိုက်မဲပေ။

သူ့တွင် အောင်မြင်မှုလမ်းကိုလျှောက်လှမ်းဖို့ စိတ်ကူးများရှိသည်။

"ဒီအတိုင်းဆိုရင်တော့ နောက်ဆုံး နည်းလမ်းတစ်ခုပဲရှိတော့တယ်"

မိုးပြာနဂါးသခင် သက်ပြင်းချလိုက်၏။

"ဘိုးဘေး၊ ကျေးဇူးပြုပြီး ကျွန်တော်ကိုပြောပါ၊ မျှော်လင့်ချက် အလင်းတန်းလေး ရှိနေသရွေ့ ကျွန်တော်အရှုံးမပေးဘူး"

ရှောင်ချန်း၏ မျက်လုံးများက တောက်ပလာကာ စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

"ဒီ မိုးပြာနဂါးအသွင်ပြောင်းကျမ်းက ဘယ်ကလာတယ်ဆိုတာ မင်းသိလား"

မိုးပြာနဂါးသခင်က ရုတ်တရက် မေးလိုက်သည်။

"ဘိုးဘေး၊ ကျေးဇူးပြုပြီး ပြောပါ"

ရှောင်ချန်း ပြောလိုက်၏။

"ဒီကျင့်စဉ်ကို ငါအရင်တုန်းက ဘိုးဘေးနဂါးသိုက်ရဲ့ ရှေးဟောင်းလျှို့ဝှက်နယ်ပယ်တစ်ခု ဝင်ရောက်သွားတော့ မတော်တဆရခဲ့တာ၊ အဲဒီမှာ ဘိုးဘေးနဂါးသိုက်ရဲ့ ရှေးဟောင်းလူထူးဆန်းကို တံဆိပ်ခတ်ထားပုံရတယ်"

မိုးပြာနဂါးသခင်က ပြောလိုက်သည်။

"ဘိုးဘေးနဂါးသိုက်၊ ရှေးဟောင်းလူထူးဆန်းလား"
ရှောင်ချန်း အံ့ဩသွား၏။

ခေတ်များတွင် အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကိုယ် တံဆိတ်ခတ်ထားကြသော ပါရမီရှင်တချို့ရှိသည်။ ၎င်းတို့ဟာ နောင်တချိန်တွင် မိမိတာအိုကို သက်သေပြနိုင်မှသာ ကမ္ဘာလောကထဲသို့ တကျော့ပြန်ဝင်လာတတ်ကြပေသည်။

ဤပါရမီရှင်မျိုးကို လူထူးဆန်းဟု လူသိများကာ အလွန်ကြောက်စရာကောင်းကြ၏။

ဤလူထူးဆန်းမျိုးဟာ ရှေးကတည်းက တံဆိပ်ခတ်ထားသူများဖြစ်လျှင်ပင် မျက်မှောင်ခေတ်မှ ကောင်းကင်ပါရမီရှင်များနှင့် မကွာခြားလှပေ။

သို့သော်လည်း ဤရှေးဟောင်းလူထူးဆန်းမျိုးကို ဒါဇင်နှင့် သို့မဟုတ် ရာချီ၍ တံဆိပ်ခတ်ထားလျှင် ပို၍ကြောက်စရာကောင်းလာနိုင်၏။ ၎င်းတို့ကို သာမန်အမြင်ဖြင့် အကဲဖြတ်ရန် မဖြစ်နိုင်ပေ။

"အဲဒီရှေးဟောင်းအသိုက်က အရမ်းလျှို့ဝှက်တာကြောင့် ဘိုးဘေးနဂါးသိုက်တောင် မသိသေးဘူးလို့ ငါထင်တယ်"

မိုးပြာနဂါးသခင်က ပြောလိုက်သည်။

"ဘိုးဘေး၊ ခင်ဗျားပြောမဲ့ အခွင့်လမ်းဆိုတာက..."

ရှောင်ချန်း ပြောလိုက်၏။

"အဲဒီ ရှေးဟောင်းအသိုက်မှာ အံ့ဩစရာဇစ်မြစ်နဲ့ ဝိသေသလက္ခာရှိတဲ့ ကိုယ့်ကိုယ်ကိုယ်

ရှေးဟောင်းလူထူးဆန်းလို့ ကြွေးကြော်ထားသူရှိတယ်၊ အဲဒီမှာဆိုရင် မိုးပြာနဂါးရဲ့ အမြင့်ဆုံးသွေးကိုတောင် မင်းရှာတွေ့နိုင်တယ်"

"အမြင့်ဆုံးသွေးနဲ့ဆိုရင် မင်းရဲ့
မိုးပြာနဂါးအသွင်ပြောင်းကျမ်းက
ကြီးကြီးမားမားတိုးတက်ဖို့ အခွင့်အရေးရှိနေတုန်းပဲ"
မိုးပြာနဂါးသခင်က ရှင်းပြလိုက်သည်။

"ကောင်းတယ်၊ ဒါဆိုရင်လည်း ရှေးဟောင်းအသိုက်ကို သွားကြရအောင်"
ရှောင်ချန်း စိတ်လှုပ်ရှားစွာ ပြောလိုက်၏။

"ဒါပေါ၊ မင်းသတိထားရမယ်ယ
အဲဒီရှေးဟောင်းလူထူးဆန်း နိုးထလာရင်
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး

တုန်ခါသွားရလိမ့်မယ်"

"အင်မော်တယ်နယ်မြေကြီးရဲ့ လူငယ်မျိုးဆက်မှာ ရှေးဟောင်းလူထူးဆန်းကို ဘယ်သူမှ မယှဉ်နိုင်လောက်ဘူး"

မိုးပြာနဂါးသခင်က လေးလေးနက်နက် ပြောလိုက်သည်။

ရှေးဟောင်းလူထူးဆန်းများ မွေးဖွားလာခြင်းက သာမန်မဟုတ်ပေ။

၎င်းတို့ဟာ ခေတ်ပြိုင်မျိုးဆက်တွင် ပြိုင်ဘက်ကင်းသကဲ့သို့ပင် ဖြစ်သည်။

ရှောင်ချန်းကတော့ သတိပေးချက်ကို မကြားတော့ပေ။

လက်ရှိ စိတ်ထဲတွင် မိုးပြာနဂါးသွေးကိုယူပြီး
ကိုယ့်ကိုယ်ကိုယ်သန့်မာစေ၍
ပန်ဝူနတ်ဘုရားမင်းဆက်သို့သွားရန်သာ ရှိသည်။

ရှေးဟောင်းလူထူးဆန်း၏ နိုးထခြင်း၊ မနိုးထခြင်းနှင့်
ထိုအတွက် အကျိုးဆက်များကတော့
သူနှင့်မသက်ဆိုင်သကဲ့သို့ ဂရုလည်းမစိုက်ပါချေ။

-----------wunzinnosp

အခန်း ( ၇၈ ) ကျိမ်သားစုမှ ပါရမီရှင်မလေး
ကျိုချင်းရီ၊ ခေါင်ကိုးလုံးခြသေ့်မျိုးနွယ်မှ
ကျိုးလင်းယွမ်  တံခါးဝါးသို့ ရောက်လာခြင်း၊ ဒီတော့
မင်းကို ခွေးကလေးလို့ ခေါ်တာပေါ့

နန်ထျန်းမြို့အတွင်း၌...

အခိပခိယွမ်ထျန်း၏ ရတနာသိုက်ဖြစ်ရပ် ပြီးဆုံးပြီမို့ အင်အားစုကြီးများဟာ နန်ထျန်းမြို့မှ စတင်ထွက်ခွာရန် ပြင်ဆင်နေခဲ့ကြပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်သည်လည်း ကျွင်းမိသားစုထံ ပြန်လာခဲ့၏။

ကျန်းစန်းယီလည်း ကျန်းမိသားစုထံ ပြန်သွားခဲ့လေသည်။

သူတို့နှစ်ယောက်ကြားမှ အခြေအနေကို ခံစားမိသောကြောင့် ကျွင်းကျန်းကျန့်နှင့် တခြားသူများဟာ လမ်းခွဲသွားခဲ့ကြသည်။

ကျန်းစန်းယီဟာ သွယ်လျသောကိုယ်ဟန်နှင့် နှင်းဖြူဝတ်စုံကို ဝတ်ဆင်ထားသည်။ လှပသော သူ့မျက်နှာလေးကလည်း ဖြူဖွေး နုဖက်နေ၏။

သူ၏ သန္တောစွမ်းအင်တာအိုခန္ဓာကြောင့်လည်း တခြားသူများကို
အလိုလိုသိမ်ငယ်စိတ်ဝင်သွားနိုင်လောက်သည်။

တချိန်တည်းမှာပင် ကျန်းစန်းယီအနားမှာ ရှိနေရုံဖြင့် တာအိုဉာဏ်အလင်းကို ရရှိခံစားနိုင်လောက်၏။

"အမစန်းယီ၊ အမရဲ့ ခန္ဓာက
တကယ်အံ့သြစရာကောင်းတာပဲ။ အမရဲ့အနားမှာ ရှိနေရုံနဲ့ ကျွန်တော်တောင် ဉာဏ်အလင်းပွင့်တော့မလို ခံစားရစေတယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြုံး၍ ပြောလိုက်သည်။

တခြားသူများဆိုပါက ကျန်းစန်းယီနံဘေးတွင် ရှက်ရွံ့မှုကြောင့် ကြာရှည်နေနိုင်ကြမည်မဟုတ်ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ မတူတော့ပါ။

သူ၏ အရှိန်အဝါနှင့်အနေအထားဟာ ကျန်းစန်းယီထက် မနိမ့်ကျသည့်အပြင် ပို၍ပင် သာလွန်ပါသေးသည်။

"ဒါဆိုရင် ငါက မင်းရဲ့နံဘေးမှာ နေ့တိုင်းရှိနေပေးရင် မင်းအတွက် တာအိုကို နေ့တိုင်း နားလည်ဆင်ခြင်နိုင်မှာပေါ့"

ကျန်းစန်းယီက စနောက်ရင်း အနည်းငယ်

ပြုံးလိုက်သည်။

သို့ရာတွင် သူ့စကားက မရှင်းမရှင်းဖြစ်သွားသောကြောင့် မျက်နှာနီရဲလာ၏။

ရတနာသိုက်ထဲတွင် ကျွင်းရှောင်ယောက်၏ မြင့်မြတ်ခန္ဓာနှင့် ပေါင်းစပ်ခဲ့ရပုံကိုပြန်တွေးမိသောအခါ သူမ မျက်နှာလေးက ရှက်ရွံ့ဟန်ဖြင့်ပန်းနုရောင်သန်းလာတော့သည်။

ကျွင်းရှောင်ယောက်ကတော့ သတိမထားမိဘဲ ပေါ့ပေါ့ပါးပါး ပြုံးကာ ပြောလိုက်သည်။

"ရတနာသိုက်ထဲမှာ အမရဲ့ကျေးဇူးကြောင့်သာ ကျွန်တော်တို့ ကံကောင်းခဲ့ကြတာ၊ မဟုတ်ရင် ကျွန်တော်တစ်ယောက်တည်းနဲ့ အမိပမိအလောင်းကို

ဘယ်တော့မှ နှိမ်နင်းနိုင်မှာမဟုတ်ဘူး"

"မဟုတ်တာ၊ ဒါက မပြောပလောက်ပါဘူး"

ကျန်းစန်းယီက ခေါင်းကိုခါယမ်းလိုက်သည်။

ထို့နောက် စကားလမ်းကြောင်းပြောင်းကာ ပြောလိုက်၏။

"အဲဒီကောင်မလေး လော့လီကလည်း မင်းကို စိတ်ပူနေရှာတယ်၊ သူက မင်းကိုနေ့တိုင်းပဲ လာတွေ့ချင်နေတာ"

"ကျန်းလော့လီ၊ ဟင်း… သုံးနှစ်ကစလို့ အကြီးဆုံး သေဒဏ်တစ်ခုလိုပါပဲ"

ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

ကျန်းစန်းယီ အံ့သြသွား၏။

တခါတရံ ကျွင်းရှောင်ယောက်က သူမ
နားမလည်နိုင်သော စကားများကို ပြောတတ်သည်။

ခဏကြာ စကားပြောပြီးသောအခါ
ကျွင်းရှောင်ယောက်နှင့် ကျန်းစန်းယီလည်း
နှုတ်ဆက်လိုက်ကြ၏။

ကျန်းမိသားစုအဖွဲ့သို့ ပြန်ရောက်လာသောအခါ
ကျန်းမိသားစုအကြီးအကဲက လက်ဝှေ့ယမ်း၍
ပြောလိုက်သည်။

"စန်းယီ၊ ငါတို့ကျန်းမိသားစုနဲ့ နတ်ဘုရားသားတော်ရဲ့
ဆက်ဆံရေးကို ပိုခိုင်မာအောင် လုပ်ရမယ်၊ ဒါကြောင့်
လော့လီနဲ့ နတ်ဘုရားသားတော်ကို
မင်းစီစဉ်ပေးနိုင်မလား"

အကြီးအကဲဟာ ဤအတွက် အတော်ပင်
စိတ်အားထက်သန်နေမှန်း သိသာသည်။

ကျန်းမိသားစုကလည်း သဘောတူမှာ အသေချာပင်
ဖြစ်၏။

ကျန်းစန်းယီ၏ မျက်နှာအမူအရာက အနည်းငယ်
အေးခဲသွားခဲ့သည်။

ခဏကြာမှ သူဟာ အားတင်းပြီး၍ ပြောလိုက်သည်။
"ကောင်းပါပြီရှင်၊ ကျွန်မ ကြိုးစားကြည့်ပါမယ်"

"ဟားဟားဟား၊ အဆင်ပြေတယ်.."
ကျန်းမိသားစုအကြီးအကဲဟာ အားပါးတရ

ရယ်မောလိုက်သည်။

ဤတွင် ကျွင်းရှောင်ယောက်ကလည်း
ကျွင်းမိသားစုထံသို့ ပြန်ရောက်လာခဲ့၏။

သူကတော့ တာအိုလက်တွဲဖော် ရွေးချယ်ရန်ကို
စိတ်မဝင်စားသေးပေ။

နောက်ဆုံးတွင် သူ၏ အဓိကရည်ရွယ်ချက်က
ကမ္ဘာလောကအားလုံးတွင် အထွတ်အထိပ်သို့
ရောက်ရှိရန် ဖြစ်သည်။

"အဘိုး၊ ပြန်ကြရအောင်"
ကျွင်းရှောင်ယောက် ပြောလိုက်၏။

သစ်သားသေတ္တာထဲတွင် မည်သို့သော
အခွင့်အရေးမျိုး ရှိနေမလဲဆိုတာကို
ကြည့်ရှုရန်အတွက် သူ မစောင့်နိုင်တော့ပေ။

"ကောင်းပြီ"

ကျွင်းကျန်းထန်းလည်း အနည်းငယ် ခေါင်းညိတ်၏။

ထို့နောက်တော့ သူတို့အဖွဲ့ဟာ ကေရာဇ်စီရင်စုသို့
ဦးတည်လိုက်ကြတော့သည်။

.........

တာအိုစီရင်စုသုံးထောင်အနက်မှ တစ်ခုဖြစ်သော
ရွှမ်ကျိုးစီရင်စုတွင်။

၎င်းက ရှေ့ဟောင်းမင်းမျိုးနွယ် ကျိုမိသားစု၏
ပိုင်နက်ဖြစ်သည်။

ရှေးဟောင်းမင်းမျိုးနွယ်မိသားစုဖြစ်သောကြောင့်
ထိပ်တန်း မိသားစုကြီးသုံးခုတွင် မပါဝင်သော်လည်း
၎င်းတို့အင်အားကို လျှော့တွက်၍မရသေးပေ။

ကျိုပန်းရှင်ဟာ အခြေအနေပျက်စွာ ဖုတ်ကောင်ကဲ့သို့
လမ်းလျှောက်နေသော ကျိုရွှမ်ကိုခေါ်၍ ကျိုမိသားစုသို့
ပြန်လာခဲ့သည်။

ထို့နောက် ကျိုမိသားစုထဲတွင် လှိုင်းလုံးကြီးများ
ဖြစ်ပေါ်လာ၏။

ကျိုရွှမ်၏ အကြီးအကဲများဟာ ဒေါသတကြီးဖြင့်
ကျွင်းမိသားစုသို့သွားရန် တကဲကဲဖြစ်ကုန်သည်။

တချို့က ဒေါသထွက်ကြာ တချို့ကတော့
စိတ်ငြိမ်ငြိမ်ထားနိုင်ဆဲပင်။

သို့သော်လည်း နောက်ဆုံးတွင် ကျုမိသားစုဘက်မှ
လှုပ်ရှားမှုမရှိခဲ့ပါချေ။

ကျိုရွှမ်တစ်ယောက်တည်းအတွက် ကျုမိသားစုဟာ
ကျွင်းမိသားစုနှင့် ထိပ်တိုက်ရင်ဆိုင်ရန် ဆန္ဒမရှိပေ။

ရှေးဟောင်းမင်းမျိုးနွယ်မိသားစုကြီးနှစ်ခု
ထိပ်တိုက်တွေ့ဆုံခြင်းက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
ဖရိုဖရဲဖြစ်သွားစေနိုင်သည်။

အရေးကြီးဆုံးကတော့ ကျိုရွှမ်ဟာ

ကျွင်းရှောင်ယောက်ကို ရိုးရိုးသားသား ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွင်းမိသားစုကိုရင်ဆိုင်ရန်လည်း အကြောင်းပြချက်ကောင်းကောင်း မရှိပေ။

ထို့ကြောင့် ကျိုမိသားစုဟာ ဤကိစ္စကို မြိုသိပ်ထားရန်သာ တတ်နိုင်သည်။

သို့သော် ကျိုပန်းရင်ကတော့ ဤအတိုင်း မနေလိုပေ။

မကြာမီ သူက ကျိုမိသားစုအတွင်းပိုင်းမှ အင်မော်တယ်နယ်မြေနှင့်တူသော ချိုင့်ဝှမ်းတစ်ခုသို့ ရောက်ရှိလာခဲ့သည်။

ချိုင့်ဝှမ်းတစ်ခုလုံးကို နတ်အလင်းများ ဖုံးလွှမ်းနေကာ တစ်နှစ်ပတ်လုံး နွေဦးရာသီကဲ့သို့ပင် ဖြစ်နေသည်။

ကျိုပန်းရင်က ချိုင့်ဝှမ်းအတွင်းသို့ဝင်လာကာ အော်ပြောလိုက်သည်။

"သခင်မလေးချင်းရီ ရှိပါသလား"

သူတော်စင်တစ်ဦးက ဂျူနီယာတစ်ယောက်ကို အကြီးတစ်ယောက်နှင့် တွေ့နေသကဲ့သို့ ပြောဆိုနေခြင်းဟာ စိတ်ကူးကြည့်ရန်ပင် မလွယ်ပေ။

ယင်းကိုကြည့်လျှင် ထိုဂျူနီယာ၏ အဆင့်အတန်းကို သိနိုင်သည်။

ခဏကြာသောအခါ ချိုင့်ဝှမ်းအတွင်းမှ ချိုသာသော

အသံတစ်ချက် ထွက်ပေါ်လာ၏။

"ချင်းရီ ဒီမှာပါ၊ မျိုးနွယ်အကြီးအကဲက
ဘာအကြောင်းကိစ္စများ ရှိလို့ပါလဲ"

သို့ရာတွင် လူကိုမမြင်ရဘဲ အသံသာကြားနေရ၏။

သို့သော်လည်း ထိုအသံတစ်ခုတည်းကပင် လူတို့၏
စိတ်ထဲတွင် စွဲမြဲနေစေရန် လုံလောက်ခဲ့ပေသည်။

"သခင်မလေးချင်းရီ၊ ကျိမိသားစုရဲ့နာမည်နဲ့
ကျို့ရွှမ်အတွက် နေရာတစ်ခုရှာပေးပါ"
ကျိပန်းရင်က အလေးအနက်ပြောလိုက်သည်။

သူတောင်းဆိုနေသူဟာ ကျိမိသားစုမှ ပါရမီရှင်

ကျိချင်းရီ ဖြစ်သည်။

တချိန်တည်းမှာပင် သူက အင်မော်တယ်မေဂျာဂိုဏ်းမှ သူတော်စင်ငယ်ပင် ဖြစ်၏။

သူမ၏ အဆင့်အတန်းက ကျိရှွမ်ထက် အဆများစွာပိုသည်။

ထို့နောက် ကျိပန်းရင်ဟာ ကျိချင်းရီအား အဓိပဓိယွမ်ထန်း၏ ရတနာသိုက်အတွင်းမှ အခြေအနေများကို ပြောပြခဲ့သည်။

အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးနောက် ကျိချင်းရီထံမှ ချိုသာသောအသံ ထပ်မံထွက်ပေါ်လာသည်။

"ချင်းရီသိပါတယ်၊ ဒါပေမဲ့ ချင်းရီ
အင်မော်တယ်ဂိုဏ်းကို ပြန်ရောက်မှ ဒီကိစ္စကို
အလေးအနက်ထား ဆောင်ရွက်ပေးမယ်"

"ကောင်းပါပြီ၊ သခင်မလေးရဲ့ အကျိုးစီးပွားကတော့
အရေးကြီးဆုံးပါပဲ"

ကျိပန်းရင်လည်း နှုတ်ဆက်ပြီးနောက်
ပြန်လည်ထွက်ခွာသွား၏။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ ကြည့်ရတာ
သူက စိတ်ဝင်စားစရာကောင်းတဲ့
လူတစ်ယောက်နဲ့တူတယ်"

"သူက ချင်းရီကို အံ့ဩစရာတွေများ
ယူဆောင်လာပေးနိုင်မှာလား"

.........

ရက်အနည်းငယ်ကြာပြီးနောက်
ကျွင်းရှောင်ယောက်နှင့် အခြားသူများဟာ
ကေရာဇ်စီရင်စုမှ ကျွင်းမိသားစုသို့
ပြန်ရောက်လာခဲ့ကြသည်။

ဤတွင် အရေးကိစ္စငယ်တချို့တော့ ရှိနေပုံရသည်။

ခေါင်းကိုးလုံးခြင်္သေ့မျိုးနွယ်မှ သူတော်စင်
ကျိုးလင်းယွမ်ဟာ ကျွင်းမိသားစုသို့
အရှိန်အဝါကြီးစွာဖြင့် တိုက်ရိုက်ပေါက်ချလာ၏။

ကျွင်းရှောင်ယောက်ကလည်း မရှောင်ပုန်းဘဲ
ခေါင်းကိုးလုံးခြင်္သေ့ကြီးကိုစီးကာ

တိုက်ရိုက်ထွက်ပေါ်လာခဲ့သည်။

ဤခေါင်းကိုးလုံးခြင်္သေ့မျိုးနွယ်မှ ပုဂ္ဂိုလ်က အကြီးအကဲနဂါးကဲ့သို့ ကမ္ဘာ့ရှုးထိုး ပြုမူမလားဆိုတာ သူသိချင်မိ၏။

အပြင်မှာရှိနေသော ကျင့်ကြံသူများဟာ ခေါင်းကိုးလုံးခြင်္သေ့ကြီးကိုစီး၍ ထွက်ပေါ်လာသော ကျွင်းရှောင်ယောက်ကိုကြည့်ပြီး အလွန်အံ့သြသွားခဲ့သည်။

သူတော်စင်ကျိုးလင်းယွမ်အရှေ့တွင် ခေါင်းကိုးလုံးခြင်္သေ့ကြီးကို စီးလာခြင်းက တိုက်ရိုက်ရန်စလိုက်ခြင်းပင် မဟုတ်ပါလော။

ထို့ကြောင့် အားလုံးဟာ

တိုက်ပွဲကြီးတစ်ခုဖြစ်လာတော့မည်ဟု
ကြိုတင်မျှော်လင့်ထားလိုက်၏။

ထိုအချိန်တွင် သူတော်စင်ကျိုးလင်းယွမ်က
ခေါင်းကိုးလုံးခြသေ့ကြီးကို
အလေးအနက်ပြောလိုက်သည်။

"ကိုးကု(ခွေးကလေး)၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က မင်းကို စိတ်ဝင်စားတာဟာ
တကယ်ကို ကံကောင်းခြင်းပဲ၊ ဒီအတွက်
မင်းနောင်တရရမှာ မဟုတ်ဘူး"

သူ့စကားဟာ ပရိသတ်ကို တုန်လှုပ်သွားစေခဲ့၏။

"ဒါက လွှမ်းမိုးနိုင်စွမ်းရှိတဲ့
သူတော်စင်ကျိုးလင်းယွမ်တောင် ဟုတ်ရဲ့လား"

အားလုံးလိုလို သံသယဝင်သွားမိလေသည်။

ကျွင်းမိသားစုနှင့် တွေ့ဆုံချိန်တွင်
သူတော်စင်ကြီးကျိုးလင်းယွမ်က ဘာရယ်ကြောင့်များ
ခွေးတစ်ကောင်ကဲ့သို့ ပြုမူနေရသနည်း။

"အဘိုး၊ ခင်ဗျား..."

ခေါင်းကိုးလုံး ခြသေ့်လည်း အံ့အားသင့်သွားကာ
ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူတော်စင်ကျိုးလင်းယွမ်က သူ့ကိုကယ်တင်ရန်
ရောက်လာခြင်းဟု ထင်ထားမိသော်လည်း
ဤစကားတစ်ခွန်းဖြင့်သာ အဆုံးသတ်ခဲ့ရ၏။

ထို့ထက် အလွန်ရှက်စရာကောင်းသော
သူ့နာမည်ရင်းကိုလည်း ပြောဆိုသွားခဲ့ပါသေးသည်။

"မင်းရဲ့နာမည်က ကုံးကု တဲ့လား"

ကျွင်းရှောင်ယောက်၏ မျက်နှာပေါ်တွင်
ရယ်ချင်ပက်ကျိအမူအရာများ ဖြစ်ပေါ်လာသည်။

"ဟားဟားဟား၊ ဟာသပါ နတ်ဘုရားသားတော်။
ငါတို့ ခေါင်းကိုးလုံးခြင်္သေ့မျိုးနွယ်က မွေးဖွားခဲ့သလို
ရှင်သန်ခဲ့တယ်လေ။ ဒါကြောင့် တွေ့ကရာနာမည်ကိုပဲ
ပေးထားလိုက်ကြတာ"

သူတော်စင်ကျိုးလင်းယွမ်က ရယ်မောကာ
ပြောလိုက်သည်။

ထိုအချိန်တွင် ခေါင်းကိုလုံးခြင်္သေ့ကြီးကတော့
မျက်ရည်မကျဘဲ ငိုကြွေးနေလိုက်၏။
ဤအခိုက်အတန့်တွင် တွင်းတစ်ခုရှာ၍
ဝင်ပုန်းနေရန်သာ စိတ်ကူးမိတော့သည်။

ရှက်စရာကောင်းလှသည်။ ယင်းက ဘယ်လို စိန်ခေါ်မှုမျိုးပင်နည်း။

သို့သော်လည်း ဤဖြစ်ရပ်က ကျွင်းမိသားစု၏ ဟန့်တားနိုင်စွမ်းကို ပိုနားလည်သွားစေခဲ့သည်။

နာမည်ကျော်ကြားသော သူတော်စင်ကျိုးလင်းယွမ်က ကျွင်းမိသားစုအရှေ့တွင် အနည်းငယ်မျှ ဆူဆူပူပူမလုပ်ဝံ့ပေ။ ထိုအစား သူ့မျိုးဆက်ကလေးကို စောင့်ရှောက်ရန်သာ လာတောင်းဆိုသွားခဲ့ရသည်။

ဤကိစ္စပြီးသွားသောအခါ ကျွင်းရှောင်ယောက်လည်း စိတ်အေးချမ်းသာစွာဖြင့် ကောင်းကင်ဧကရာဇ်နန်းတော်ကို ပြန်လာခဲ့၏။

"ဒီသစ်သားသေတ္တာလေးရဲ့ လျှို့ဝှက်ချက်ကို စူးစမ်းဖို့အတွက် အချိန်ရောက်ပြီ"

ကျွင်းရှောင်ယောက်လည်း သေတ္တာလေးကို မျှော်လင့်ကြီးစွာ ကြည့်လိုက်သည်။

-----------wunzinnosp

အခန်း ( ၇၉ ) ကောင်းကင်ကိုးပါးကျမ်း၊ အနှိုင်းမဲ့နတ်ဆင်ခွန်အား ကနဦးအောင်မြင်ခြင်း၊ ကောင်းကင်ပြာနဂါးချပ်ဝတ်

ကျိရွှမ်ပဟာ ဤအခွင့်အရေးအတွက် အကောင်းဆုံးပြင်ဆင်ထားသော်လည်း နောက်ဆုံးတွင် ကျွင်းရှောင်ယောက်လက်တွင်းသို့သာ ကျရောက်ရဆဲပင်။

ဤသေတ္တာအတွင်း၌ ဘာမျှမပါလျှင်ပင် ကျို့ရှမ်၏
ကြိုးစားအားထုတ်မှုအတွက်
အလေးအနက်ထားရပေလိမ့်မည်။

ကျွင်းရှောင်ယောက်လည်း သေတ္တာအဖုံးကို
ဖွင့်လိုက်သည်။

ထိုအခါ ရွှေသစ်ရွက်ဖြင့် ပြုလုပ်ထားသကဲ့သို့
ရွှေရောင် စာလိပ်တစ်ခုဟာ သူ့မျက်လုံးကို ပထမဆုံး
ဖမ်းစားသွား၏။

"ဒါက"

ကျွင်းရှောင်ယောက်က အနည်းငယ်
စိတ်ရှုပ်ထွေးသွားသည်။

ထို့နောက် ရွှေစာလိပ်ကို ဖွင့်ကြည့်လိုက်သည်။

ချက်ချင်းပင် ရှေးဟောင်းစာလုံးများက
ကျွင်းရှောင်ယောက်အရှေ့တွင် ထွက်ပေါ်လာ၏။

စာလုံးတစ်ခုချင်းစီက ကောင်းကင်ယံမှ
ကြယ်များကဲ့သို့ အလွန် တောက်ပလွန်းလှသည်။

သာမာန်လူတစ်ယောက်ဆိုလျှင် ကြည့်ရုံမျှဖြင့်
မျက်စိကွယ်သွားပေလိမ့်မယ်။

သို့သော်လည်း ကျွင်းရှောင်ယောက်က မတူပေ။
သူ့တွင် ရှေးဟောင်းမြင့်မြတ်ခန္ဓာရှိသောကြောင့်
ဤအလင်းလောက်ကို အလွယ်တကူဖယ်ရှားနိုင်သည်။

သို့တိုင် တစ်ချက်ကြည့်ရုံဖြင့် ကျွင်းရှောင်ယောက်ဟာ တုန်ရီအံ့သြသွားရ၏။

ကျွင်းရှောင်ယောက်ကဲ့သို့ တည်ငြိမ်သူတစ်ယောက်ပင် တုန်လှုပ်သွားရသောကကြောင့် ဤစာလိပ်က သာမန်မဟုတ်မှန်းတော့ သိသာနေခဲ့ပြီ ဖြစ်သည်။

"ဖြစ်ကောင်းဖြစ်နိုင်တာက... ဒါဟာ ကောင်းကင်ကိုးပါးကျမ်းစာအုပ်များလား"

ကျွင်းရှောင်ယောက် အနည်းငယ်အံ့သြကာ မယုံကြည်နိုင် ဖြစ်သွား၏။

အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင် ကောင်းကင်ကိုးပါးကျမ်းစာအုပ်များအကြောင်းကို မသိသူဟူ၍ မရှိမှာပင် ကြောက်ရသည်။

ကောင်းကင်ကိုးပါးကျမ်းစာအုပ်ကို လူသားများ ရေးသားခဲ့ခြင်းမဟုတ်ဘဲ အမွေဆက်ခံလာခြင်းလည်း မဟုတ်ပေ။

ဤကောင်းကင်ကိုးပါးကျမ်းစာအုပ်ဟာ ကောင်းကင်ကိုးပါး အင်မော်တယ်နယ်မြေများ ရှိစဉ်ကတည်းက တည်ရှိခဲ့ခြင်း ဖြစ်သည်။

တချို့က ကောင်းကင်ကိုးပါးကျမ်းစာအုပ်ကို 'အင်မော်တယ်'များက ရေးသားခဲ့သည်ဟု ဆိုကြသည်။

တချို့ကလည်း ကောင်းကင်ကိုးပါးကျမ်းစာအုပ်ဟာ ကောင်းကင်တာအိုစည်းမျဉ်းများကို ရှင်းလင်းထားသော စာအုပ်ဟု ပြောဆိုကြ၏။

အတိုချုပ်ပြောရလျှင် ဤစာအုပ်များအကြောင်း ကောလဟာလအမျိုးမျိုး၊ ငြင်းခုံမှုအမျိုးမျိုး ရှိနေခဲ့ပေသည်။

သို့သော်လည်း သေချာတာတစ်ခုကတော့ ကောင်းကင်ကိုးပါးကျမ်းစာအုပ်ဟာ မည်သူတစ်ဦးတစ်ယောက်မျှ ဖန်ဆင်းထားခဲ့ခြင်းမဟုတ်ပေ။

ယင်းက မဟာကေရာဇ်များအတွက်ပင် ဖန်တီးရခက်၏။

ကောင်းကင်ကိုးပါးကျမ်းစာအုပ်၏ အဖိုးတန်ဆုံးအရာဟာ တစ်ခုချင်းစီက အကြွင်းမဲ့ကို ကိုယ်စားပြုခဲ့ခြင်း ဖြစ်သည်။

ဥပမာအားဖြင့်
ကောင်းကင်ကိုးပါးကျမ်းစာအုပ်စာအုပ်ထဲမှ
တစ်အုပ်ဖြစ်သော ဗလာစာအုပ်ဟာ အကြွင်းမဲ့
ဟင်းလင်းပြင်တာအိုကျမ်း ဖြစ်သည်။

အချိန်ကျမ်းကလည်း အချိန်တာအိုတွင်
အထွတ်အထိပ်ကို ရောက်ရှိစေ၏။

ကျန်သည့်စာအုပ်များကလည်း မတူညီသော
အကြွင်းမဲ့တာအိုများကို ကိုယ်စားပြုခဲ့ကြပေသည်။

ကောင်းကင်ကိုးပါးကျမ်းစာအုပ်အားလုံးကို
စုဆောင်းနိုင်လျှင် အနှီပုဂ္ဂိုလ်အနေဖြင့်
အင်မော်တယ်လမ်းသို့ လျှောက်လှမ်းနိုင်မည်ဟူသော
ကောလဟာလများပင် ရှိသည်။

ထိုအတွက်ကြောင့်ပင် မရေတွက်နိုင်သောလူများက ဘုံကိုးပါးကျမ်းများကို အသည်းအသန် ရှာဖွေခဲ့ပေသည်။

သို့သော်လည်းရှေးကတည်းကပင် ကျမ်းစာအုပ် တစ်အုပ်၊ နှစ်အုပ်ကိုရရှိရန်ဟာ အလွန်ခက်ခဲနေဆဲပင်။

ဤအတွက် ကျွင်းရှောင်ယောက်ပင် ဤသေတ္တာအတွင်း၌ ကောင်းကင်ကိုးပါးကျမ်းစာအုပ် အတွဲတစ်တွဲကို တွေ့ရမည်ဟု ထင်မထားခဲ့ပါချေ။

"အကြောင်းရာကို ကြည့်ရရင်တော့ ဒါဟာ ကောင်းကင်ကိုးပါးကျမ်းထဲက တစ်ခုဖြစ်တဲ့ ဖင်းဂေါ့ခန္ဓာအကြွင်းမဲ့ကျမ်းပဲဖြစ်ရမယ်"

ကျွင်းရှောင်ယောက်လည်း တုန်ယင်နေသောလေသံဖြင့် ရေရွတ်လိုက်မိသည်။

ဤကျမ်းစာအုပ်မျိုးကိုမြင်ရလျှင် မည်သူမဆို စိတ်လှုပ်ရှားသွားခဲ့ရမည်သာ။

ထို့ထက် တိုက်ဆိုင်စွာပင် ဤစာအုပ်က ကျွင်းရှောင်ယောက်၏ ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် လိုက်ဖက်ညီသော ကောင်းကင်ကျမ်းကိုးအုပ်ထဲမှ တစ်အုပ်ဖြစ်နေတော့သည်။

'ပထမ အန္တိုင်းမဲ့နတ်ဆင်ခွန်အား၊ နောက် အခုတော့ ခန္ဓာကျမ်းဖြစ်လာပြီ... ကံကြမ္မာက ငါ့ကို ဖင်းဂေါ့ခန္ဓာနဲ့ မဟာကေရာဇ်ဖြစ်အောင်လုပ်နေတာများလား'

ကျွင်းရှောင်ယောက်ဟာ စိတ်ထဲမှ တွေးလိုက်မိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက် အနည်းငယ်

မျက်မှောင်ကြုတ်သွား၏။ ဤအတွဲက ပြီးပြည့်စုံပုံ မရပေ။

"ဒါထက် အဓိပဓိယွမ်ထျန်းရဲ့ အကြွင်းကျန်ဝိညာဉ်ကတော့ ဒီသေတ္တာထဲကအရာဟာ အဆင့်နိမ့်တိုက်ကြီးမှာလည်း တစ်ပိုင်းရှိတယ်လို့ ပြောသွားတယ်"

"ဒါဟာ ဒုတိယအတွဲက ကမ္ဘာဆယ်ခုမှာ ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲလား"

ကျွင်းရှောင်ယောက် ရေရွတ်လိုက်မိသည်။

ထိုသို့ဆိုလျှင်တော့ မဆိုးလှသေးပေ။

"ကြည့်ရတာ အနာဂတ်မှာ အောက်ကမ္ဘာကို သွားရဦးမဲ့ပုံပဲ၊ ဒီကျမ်းက ငါ့အတွက်

အရမ်းအရေးကြီးတယ်"
ကျွင်းရှောင်ယောက်ဟာ ရေရွတ်လိုက်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာကို
အနှိုင်းမဲ့နတ်ဆင်ခွန်အားနှင့်
ကောင်းကင်ကျမ်းကိုးအုပ်ထဲမှ ဖင်းဂေါ့ခန္ဓာကျမ်းကို
တွဲဖက် လေ့ကျင့်လိုက်ရလျှင်...

သူ၏ ဖင်းဂေါ့ခန္ဓာက ဘယ်လောက်တောင်
သန်မာလာမည်နည်း။

ရှေးခေတ်က ဖင်းဂေါ့ခန္ဓာနှင့် မဟာကေရာဇ်များပင်
သူ့ထက် နိမ့်ကျသွားနိုင်သည် မဟုတ်ပါလော။

သစ်သားသေတ္တာအတွင်းတွင်
ကောင်းကင်ကျမ်းအပြင် ကျိုးပဲ့နေသော

ကြေးအပိုင်းအစတစ်ခုလည်း ရှိသည်။

ကျမ်းစာအုပ်နှင့် နှိုင်းယှဉ်ပါက
ဤကြေးအပိုင်းစလေးဟာ အတော်ပင်
ထင်ရှားမှုမရှိလှပေ။

၎င်းက အင်မော်တယ်သတ္တုအမျိုးစားနှင့်လည်းမတူဘဲ
အလွန်ထူးခြားသည်။

ထိုကြေးအပိုင်းစကို ကောက်ယူပြီးမှ ယင်းဟာ
အလွန်မာကျောမှန်း သိလာရပြန်သည်။

ကျွင်းရှောင်ယောက်၏ လက်ရှိ ဖင်းဂေါ့ခန္ဓာအရ
အင်မော်တယ်သတ္တုကြီးများကို
မချေဖျက်နိုင်သော်လည်း သာမန်လက်နက်များကို
ဖျက်ဆီးနိုင်စွမ်းရှိသည်။

ထိုအတွက် ဤကြေးအပိုင်းအစလေးဟာ
အလွန်ခိုင်ခံ့ပုံရ၏။

"တကယ်ထူးခြားတာပဲ၊ နောက်မှပဲ အဖိုးကိုပြပြီး
မေးကြည့်ရမယ်"

ကျွင်းရှောင်ယောက် ရေရွတ်ကာ
ကြေးအပိုင်းစလေးကို ဖယ်ထုတ်လိုက်သည်။

ထို့နောက် သူသည် သူတော်စင်ဘုရင် လက်အရိုးနှင့်
နဂါးအရိုးငါးခုကို ထုတ်ယူလိုက်၏။

ကျွင်းရှောင်ယောက်က သူတော်စင်ဘုရင်
လက်အရိုးကို အရင်ယူလိုက်သည်။

တာအိုအမှတ်အသားများစွာနှင့် သန့်စင်သော
ကျောက်စိမ်းဖြူကွဲသို့ လက်အရိုး။

ဤလက်အရိုး၏ အရှိန်အဝါများက
သူတော်စင်ထက်ပင် သာလွန်သည်။

ကောင်းကင်ပါရမီရှင် များစွာထဲမှ ကျို့ရွှမ်တစ်ယောက်
ထင်ရှားလာရသည့်အကြောင်းရင်းမှာလည်း
ဤသူတော်စင်ဘုရင် လက်အရိုးကြောင့် ဖြစ်သည်။

လက်အရိုးတစ်ခုတည်းကပင် ပါရမီရှင်တစ်ယောက်ကို
များစွာ ပိုသန်မာသွားစေနိုင်၏။

သို့သော် ကျွင်းရှောင်ယောက်က ဤလက်အရိုးကို
သူ့လက်နှင့် ပေါင်းစည်းရန် အစီအစဉ်မရှိပေ။

တခြားသူ၏ အရိုးကို မိမိခန္ဓာအတွင်း၌
ပေါင်းထည့်ထားခြင်း...

ထိုအကြောင်းကိုတွေးမိရုံဖြင့်
ကြက်သီးမွေးညင်းထသွားနိုင်လောက်သည်။

ထို့အပြင် ကျွင်းရှောင်ယောက်၏
ရှေးဟောင်းမြင့်မြတ်ခန္ဓာက အသန်မာဆုံး
ခန္ဓာများအနက် တစ်ခုဖြစ်သည်။
သူကြီးပျင်းလာသည်နှင့် သူတော်စင်ဘုရင်
လက်အရိုးထက် များစွာသန်မာလာခဲ့ပေလိမ့်မည်။

ထို့ကြောင့် တခြားအရာများကို
ယှဉ်ပေါင်းစပ်ခြင်းပြုရန် မလိုအပ်ပါချေ။

"ဒါကို ငါ့လက်ထဲမထည့်ပေမဲ့ မှော်လက်နက်တွေ ပြုလုပ်လို့ရတယ်"

ကျွင်းရှောင်ယောက်က တစ်ယောက်တည်း ပြောလိုက်သည်။

သူသည် သူတော်စင်ဘုရင် လက်အရိုးကို လက်နက်ပြုလုပ်ရန် ရည်ရွယ်ထား၏။

နဂါးအရိုးငါးခုမှာတော့...

ရှေးဟောင်းနဂါးအရိုးလေးခုကို ကျွင်းရှောင်ယောက်က ကျွင်းကျန်းကျန့်နှင့် တခြားသူများအား ပေးပစ်လိုက်မည် ဖြစ်သည်။

နောက်ဆုံးတော့ အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်အတွင်း၌ သူတို့ကလည်း

ကောင်းစွာပါဝင်ခဲ့ကြပေသည်။

နောက်ဆုံးတော့ သူဟာ ပေးအပ်သင့်သော အကျိုးကျေးဇူးများကို ပေးရမည်ဖြစ်သည်။

ဘိုးဘေးနဂါး၏ အဓိပမိအရိုးကိုတော့ ကျွင်းရှောင်ယောက်ဟာ သဘာဝအရ ကိုယ့်ဖာသာပင် သန့်စင်လိုက်ရပေလိမ့်မည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ ငရဲမီးပြင်းဖိုကို ထုတ်ယူ၍ ဘိုးဘေးနဂါး၏ အဓိပမိအရိုးအား ထည့်သွင်းလိုက်သည်။

ရုတ်တရက် သူဟာ စိတ်ဓာတ်တက်ကြွလာ၏။

ဘိုးဘေးနဂါး၏ အဓိပမိအရိုးမှ စွမ်းအင်များဟာ အလွန်အစွမ်းထက်သည်။ ယင်းကို ရှောင်ချန်းသာဆိုပါက အသည်းအသန် စုပ်ယူနိုင်ရန် ကြိုးစားရလိမ့်မည်။

သို့သော် ကျွင်းရှောင်ယောက်က မတူပေ။

သူ့ခန္ဓာအတွင်းသို့ တိုက်ရိုက် စီးဝင်လာသည်။

သူ့ခန္ဓာကိုယ်ထဲတွင် အက်ကွဲအက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ရောမဆင်မှုန်များဟာ တစ်ခုပြီးတစ်ခု နိုးထလာခဲ့သည်။

ရှစ်သောင်း...

ကိုးသောင်း...

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်၏
ခန္ဓာကိုယ်တွင်း၌ ရောမဆင်အမှုန်အမွှားပေါင်း
တစ်သိန်းစလုံး နိုးထာတော့သည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်မှ
ရွှေရောင်အလင်းများ ရုန်းကြွလာသည်။

သူ့အနောက်တွင် ရွှေရောင် နတ်ဆင်ကြီးတစ်ကောင်
ထွက်ပေါ်လာ၏။ ၎င်း၏ အော်မြည်သံက
ကောင်းကင်ကြီးကိုပင် တုန်ခါသွားစေနိုင်စွမ်း
ရလောက်သည်။

ယခုအခါ အနှိုင်းမဲ့နတ်ဆင်ခွန်အားက အဆင့်တစ်၏
ကနဦးအောင်မြင်ခြင်းအဆင့်သို့ ရောက်ရှိသွားခဲ့ပြီ

ဖြစ်သည်။

ကျွင်းရှောင်ယောက်က ဂျင်တစ်သန်းခွန်အားဖြင့် လက်သီးတစ်လုံး ထုတ်ဖော်လိုက်လျှင် တောင်တန်းကြီးများကိုပင် ပျက်ဆီးသွားစေနိုင်လောက်သည်။

"ဘိုးဘေးနဂါးရဲ့ အဓိပဓိအရိုးဆိုတဲ့အတိုင်း ကြီးမားလိုက်တဲ့ စွမ်းအင်တွေ" ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

အနှိုင်းမဲ့နတ်ဆင်ခွန်အားကို ပထမအဆင့် အောင်မြင်ပြီးနောက် ဒုတိယအဆင့်ဟာ ရောမဆင်အမှုန်အား နဂါးဆင်အမှုန်သို့ ပြောင်းလဲရန် ဖြစ်သည်။

နဂါးဆင်အမှုန်ဟာ ရောမဆင်အမှုန်ထက်
ဆယ်ဆပိုသန်မာသည်။

တစ်နည်းဆိုရလျှင် ရောမဆင်အမှုန်အားလုံးကို
နဂါးဆင်အမှုန်သို့ ပြောင်းလဲလိုက်ပါက
ကျွင်းရှောင်ယောက်၏ခွန်အားဟာ ယခုထက်
ဆယ်ဆပိုသန်မာလာလိမ့်မည်။

ယင်းက နတ်ဘုရားစွမ်းအား
တစ်ဆယ်ဘီလီယံရှိသည်။

ဤအကြောင်းဟာ တွေးကြည့်ရုံဖြင့်
ကြောက်စရာကောင်းလှသည်။

ထို့အပြင် ဘိုးဘေးနဂါး၏
အစိပစိအရိုးမှစွမ်းအင်များဟာ ဤမျှမဟုတ်ပေ။

အကြောင်းမှုကား ဘိုးဘေးနဂါး၏ အဓိပမိအရိုးတွင်
ဘိုးဘေးနဂါးသွေးခြင်ဆီများ
ပါဝင်နေသောကြောင့်သာ ဖြစ်သည်။

ဤစွမ်းအင်ဟာ ကျွင်းရှောင်ယောက်ခန္ဓာအတွင်းမှ
နဂါးချီကို နဂါးအကြေးခွံအတွင်းချပ်ဝတ်အသွင်
ထပ်မံပြောင်းလဲသွားစေခဲ့၏။

ကျွင်းရှောင်ယောက်၏ အတွေးတစ်ချက်နှင့်
သူ့ခန္ဓာပေါ်တွင် ပါးလွှာသော အပြာနုရောင်
ရွှေနဂါးချပ်ဝတ်တစ်ခု ထွက်ပေါ်လာသည်။

ဤနဂါးချပ်ဝတ်တန်ဆာဟာ
ယခင်နဂါးအကြေးခွံအတွင်းချပ်ဝတ်ထက်
ဆယ်ဆပိုမိုအားကောင်းသော ခုခံနိုင်စွမ်းရှိသည်။

ဤရွှေနဂါးချပ်ဝတ်ကို ဝတ်ဆင်ထားချိန်တွင် ကျွင်းရှောင်ယောက်က အင်မော်တယ်နတ်ဘုရားတစ်ပါးထက် မာနကြီးသော စစ်နတ်ဘုရားနှင့် ပိုတူလွန်းလှ၏။

ဤအခိုက်တွင် သူက လုံဟောက်ထျန်းနှင့် တခြားသူများထက် ဘိုးဘေးနဂါးသိုက်၏ အစစ်အမှန်နဂါးဧကရာဇ်နှင့် ပိုတူသည်။

"ဒီနဂါးချပ်ဝတ်ကို ကောင်းကင်ပြာနဂါးချပ်ဝတ်လို့ ခေါ်တွင်စေမယ်"

ကျွင်းရှောင်ယောက်က ခပ်ဖျော့ဖျော့ပြုံး၍ ပြောလိုက်သည်။

မူလ ဤကောင်းကင်ပြာ ဘိုးဘေးနဂါးချပ်ဝတ်ဟာ

ရှောင်ချန်းကို ကြေကွဲစေသော အဓိပ္ပါယ်ဖြစ်သင့်သည်။

သို့သော်လည်း နဂါးချီနှင့် ဘိုးဘေးနဂါးသိုက်၏ အဓိပ္ပာယ်အရိုးကို ကျွင်းရှောင်ယောက်က လုယက်ခဲ့ခြင်းဖြစ်သောကြောင့် သူနှင့်သာ လုံးဝပြီးပြည့်စုံသွားရပေသည်။

-----------wunzinnosp

အခန်း ( ၈၀ ) ထာဝရအင်မော်တယ်အရိုး၊ နဂါးနှစ်ကောင် မွေးဖွား၍ ဘိုးဘေးနဂါးသိုက်ကြီး ထွန်းတောက်ပေတော့မည်၊ လှိုင်းဂယက်များ ဖြစ်ပေါ်လာခြင်း

ကျွင်းရှောင်ယောက်ဟာ အနှိုင်းမဲ့နတ်ဆင်ခွန်အား

သေးငယ်သောအောင်မြင်ခြင်းနှင့်
ကောင်းကင်ပြာနဂါးချပ်ဝတ်ကို ရရှိပြီးနောက်
ကျန်စွမ်းအင်များကို အဆင့်တက်ရန်
အသုံးပြုခဲ့သည်။

သူ့နယ်ပယ်ဟာ ပေါင်းစည်းခြင်းနယ်ပယ်သို့
အလွယ်တကူ ချိုးဖြတ်သွားခဲ့၏။

ထို့အပြင် ပေါင်းစည်းခြင်းနယ်ပယ်
နှောင်းပိုင်းအဆင့်သို့ပင် ရောက်ရှိသွားနိုင်ခဲ့ပေသည်။

ဤအတွက် အဆင်မပြေမှု
အတားအဆီးတစ်ခုမျှမရှိပေ။

ယခုအခါ ကျွင်းရှောင်ယောက်၏ခွန်အားက
ယခင်ကထက် သိသိသာသာ မြင့်မားလာခဲ့သည်။

"အခု ဒီကျမ်းစာအုပ်ကို နားလည်ဖို့ အချိန်တန်ပြီ"
ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

သူရလာသော အခွင့်အရေးများအနက်
ဤကျမ်းစာအုပ်ဟာ အရေးကြီးဆုံး ဖြစ်သည်။

ဟုတ်ပေသည်။ ကောင်းကင်ကိုးပါးကျမ်းထဲမှ
တစ်အုပ်ဖြစ်သောကြောင့် ဖင်းဂေါ့ခန္ဓာကျမ်းဟာ
ကျင့်ကြံရလွယ်ကူသည်တော့ မဟုတ်ပေ။

ကျွင်းရှောင်ယောက်က
လူမတန်သောမကောင်းဆိုးရွားဖြစ်လျှင်ပင်
နေ့ချင်းညချင်း အောင်မြင်သွားရန် မဖြစ်နိုင်ပါချေ။

"ဒီတော့ ဒီလိုရှိတာပေါ့"

တစ်လကကြာ နားလည်ဆင်ခြင်ပြီးနောက်
ကျွင်းရှောင်ယောက်ဟာ အတော်တန်
နားလည်လာခဲ့သည်။

ဤခန္ဓာကျမ်းထဲတွင် လူခန္ဓာအတွင်းမှ
အရိုးနှစ်ရာ့ခြောက်ခုအား ထာဝရမော်တယ်အရိုးသို့
ပြောင်းလဲသန့်စင်ရန် နည်းလမ်းတစ်ခုရှိသည်။

ထိုသို့ဖြင့် ထာဝရအင်မော်တယ်အဖြစ်သို့
ဆင့်ကဲပြောင်းလဲသွားနိုင်ပေလိမ့်မည်။

ဤခန္ဓာမျိုးက အလွန်ကြောက်စရာကောင်းကာ
ပြိုင်ဘက်ကင်းလုနီးအထိ ဖြစ်စေနိုင်၏။

၎င်းက အနောက်ဘက်နိဗ္ဗာန်ဘုံမှ ကျော်ကြားသော

ကျန်းလျှို၏ ရွှေခန္ဓာထက်ပင် အားမနည်းပါချေ။

ဟုတ်သည်၊ ထာဝရအရိုးကို သန့်စင်ခြင်းက
ထင်သလောက် မရိုးရှင်းပေ။

အနည်းဆုံး အင်မော်တယ်အရင်းမြစ်၊ သို့မဟုတ်
တူညီသောအဆင့်မှ စွမ်းအင်များကို
သန့်စင်ပေးရန်လိုသည်။

ကျွင်းရှောင်ယောက်ပင် နတ်အရင်းအမြစ်များကိုသာ
အသုံးပြုကာ လေ့ကျင့်၏။

အင်မော်တယ်အရင်းအမြစ်က အလွန်ရှားပါးကာ
ကျွင်းမိသားစုမှာပင် များစွာမရှိပေ။

"ငါလည်း အနာဂတ်မှာ
အင်မော်တယ်အရင်းအမြစ်တွေကို
ရှာရမယ်ထင်တယ်"
ကျွင်းရှောင်ယောက် ညီးညူလိုက်မိသည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ
ကျွင်းလင်းလုံမှတစ်ဆင့် ကျွင်းကျန်းထျန်းကို
အင်မော်တယ်အရင်းအမြစ်တချို့အား
အသုံးပြုခွင့်ရနိုင်မည်လောဟု
မေးမြန်းခိုင်းလိုက်သည်။

မကြာမီ ကျွင်းလင်းလုံက
အင်မော်တယ်အရင်းအမြစ်တစ်ရာကျော်နှင့်
ရောက်ရှိလာခဲ့သည်။ ကျောက်တစ်ခုစီက
လက်သီးဆုပ်အရွယ်ရှိကာ ပြင်ပကမ္ဘာတွင်
ရှားပါးရတနာများအဖြစ် သတ်မှတ်ခံရ၏။

ဤအင်မော်တယ်အရင်းအမြစ်တစ်ရာကျော်က
ကျွင်းမိသားစု၏ အရင်းအမြစ်
တစ်စိတ်တစ်ပိုင်းဖြစ်နေပြီဟု ဆိုနိုင်သည်။

ယခုတော့ ဤအရာအားလုံးကို
ကျွင်းရှောင်ယောက်အား ပေးခဲ့ပြီ။

အင်မော်တယ်အရင်းအမြစ်များအား ရရှိသည်နှင့်
ကျွင်းရှောင်ယောက်လည်း
ထာဝရအင်မော်တယ်အရိုးကို
စတင်လေ့ကျင့်လိုက်၏။

သူ၏ တံခါးပိတ်ကျင့်ကြံခြင်း တစ်ဖန်စတင်ခဲ့ပြီ
ဖြစ်သည်။

ကျွင်းရှောင်ယောက် တံခါးပိတ်ကျင့်ကြံနေချိန်တွင်
အင်မော်တယ်နယ်မြေကြီးက မငြိမ်သက်ဘဲ
ဂယက်မျိုးစုံ ရိုက်ခတ်နေသည်။

ဥပမာအားဖြင့် ဘိုးဘေးနဂါးသိုက်မှ သတင်းများ။

၎င်းတို့မျိုးနွယ်မှ အဘိုးကြီးဟာ ဗေဒင်တွက်ချက်၍
အနာဂတ် တစ်စွန်းတစ်စကို ကြိုမြင်နေရသကဲ့သို့
ဟောကိန်းတစ်ခု ထုတ်ခဲ့သည်။

၎င်းဟောကိန်းသည်ကား နဂါးနှစ်ကောင်
မွေးဖွားလာကာ ဘိုးဘေးနဂါးသိုက်ကြီး
တန်ခိုးထွားတော့မည် ဟူ၏။

ဤဟောကိန်း ထွက်လာသည်နှင့်တပြိုင်နက်
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး

အနည်းငယ်တုန်ခါသွားရသည်။

ဤဟောကိန်းသည် ဘိုးဘေးနဂါးသိုက်၏ တစ်ဖန်
နိုးထလာမည့် နိမိတ်ပုံပင်လော။

လူအများကတော့ နဂါးနှစ်ကောင်အနက်
တစ်ကောင်ဟာ လုံအိုထျန်းကို ကိုယ်စားပြုသည်ဟု
မှန်းဆထားကြသည်။

နောက်ဆုံးမှာတော့ လုံအိုထျန်းဟာ
ဘိုးဘေးနဂါးသိုက်၏ လူငယ်မျိုးဆက်တွင်
အသန်မာဆုံးပင် မဟုတ်ပါလား။

ထိုအခါ တခြားနဂါးတစ်ကောင်က မည်သူနည်း။

တချို့ကတော့ ဘိုးဘေးနဂါးသိုက်ဟာ
ကျွင်းမိသားစုကို လက်ညိုးညွှန်နေတာဟု
တွေးနေကြသည်။

နောက်ဆုံးတွင်ကား အဓိပဓိယွမ်ထျန်း၏
ရတနာသိုက်တွင် ဘိုးဘေးနဂါးသိုက်က
မျက်နှာပျက်ခဲ့ရသည် မဟုတ်ပါလော။

ယခုတော့ ဘိုးဘေးနဂါးသိုက်ဟာ သဘာဝအတိုင်း
ပြန်ရုန်းထလာခဲ့ပြီ ဖြစ်သည်။

တချို့ကတော့ ပျောက်ကွယ်နေသော ကျွင်းမိသားစု၏
နတ်ဘုရားသားတော်ကို
ပုန်းရှောင်နေပြီဟုဆိုကြသည်။

အများစုကတော့ နတ်ဘုရားသားတော်ဟာ

နှိမ့်ချနေခြင်းဖြစ်မည်ဟု တွေးထင်ထားကြ၏။ သူ ပြန်ပေါ်လာသည်နှင့်တပြိုင်နက် အင်အော်တယ်နယ်မြေကြီးတစ်ခုလုံး တုန်ခါသွားရပေလိမ့်မည်။

ဘိုးဘေးနဂါးသိုက်အပြင် တခြားကျော်ကြားသော တော်ကရောဇ်မိသားစု အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းကလည်း လူငယ်ပါရမီရှင်များအား ကမ္ဘာကြီးသို့ စတင်စေလွှတ်လာကြသည်။

၎င်းတို့က ဘိုးဘေးနဂါးသိုက်ထက် အားမနည်းသည့်အပြင် ၎င်းတို့ကြားဆက်ဆံရေးကလည်း ကောင်းမွန်ကြ၏။

ယင်းက ကျွှင်းမိသားစုနှင့် ကျန်းမိသားစုကြားမှ

ဆက်ဆံရေးနှင့် ဆင်တူသည်။

ထို့အပြင် မည်သူက စတင်ဖြန့်မှန်းမသိသော်လည်း ဘိုးဘေးနဂါးနှင့် အစစ်အမှန်ဖီးနစ်သွေးမျိုးဆက်ပါသော ပြိုင်ဘက်ကင်းပါရမီရှင်တစ်ဦးကို မွေးထုတ်ရန် ဘိုးဘေးနဂါးသိုက်နှင့် အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းက ပူးပေါင်းကြိုးစားနေကြပြီဟူသည့် ကောလဟာလများ ပျံ့နှံ့လျက်ရှိသည်။

ဟုတ်ပေသည်၊ ယင်းက ကောလဟာလသက်သက်ဖြစ်ကာ လူအများက မယုံကြည်ကြပေ။

နောက်ဆုံးတွင် ဘိုးဘေးနဂါးနှင့် အစစ်အမှန်ဖီးနစ်ဟာ

ထိပ်တန်းအဆင့် သွေးမျိုးဆက်များ ဖြစ်ကြသည်။
ထို့ကြောင့် အဆိုပါသွေးမျိုးဆက်နှစ်ခုကို
ပေါင်းစည်းရန်ဟာ ကောင်းကင်ကိုတက်ခြင်းထက်
အဆများစွာခက်ခဲ၏။

ထို့အပြင် ပန်ဝူနတ်ဘုရားမင်းဆက်အကြောင်း
သတင်းများလည်း ရှိသည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီးကြီးဝူမင်ယွဲ့ဟာ
ကြင်ရာခင်ပွန်းကို မကြာမီရွေးချယ်တော့မည်
ဖြစ်သည်။

ထိုအခါ ပန်ဝူနတ်ဘုရားမင်းဆက်က
ပွဲကြီးတစ်ခုကျင်းပ၍
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးမှ
လူငယ်ပါရမီရှင်များကို ဖိတ်ခေါ်ပေလိမ့်မည်။

ထိုပွဲတွင် မင်းသမီးအတွက် ကြင်ဖက်ကို
ရွေးချယ်ခံရမည် ဖြစ်သည်။

ဤသည်ကလည်း သတင်းကြီးဖြစ်၍
အင်မော်တယ်နယ်မြေကြီးကို ဂယက်ထစေခဲ့၏။

နောက်ဆုံးတွင် ပန်ဝူနတ်ဘုရားမင်းဆက်မှ
မင်းသမီးကြီးနှင့် လက်ထပ်နိုင်ပါက ယင်းက
တကယ်ကို ကံကောင်းခြင်းတစ်ခုပင်။
အဆိုပါယောက်ျားဟာ မယားချောချောလှလှကို
ရရှိနိုင်ရုံသာမကဘဲ အစွမ်းထက်နောက်ခံကိုလည်း
ရလာပေလိမ့်မည်။

ဟုတ်၏။

ကြင်ရာရွေးပွဲတွင် ပါဝင်နိုင်သော
လူငယ်ပါရမီရှင်တိုင်းက အံ့မခန်းနောက်ခံရှိကြမှန်း
အားလုံးလိုလိုသိပေသည်။

ကောင်းကင်ကိုအန်တုရှ၍
မင်းသမီးနှင့်ပေါင်းဖက်ရသော
လယ်တောသားလေးက ပုံပြင်ထဲ၌သာ ရှိသည်။

ထိုအတွက် အင်အားစုကြီးများမှ ပါရမီရှင်များဟာ
နတ်ဘုရားမင်းဆက်၏ ကြင်ရာရွေးပွဲသို့
သွားရောက်ကြရန် ဖင်တကြွကြွဖြစ်နေတော့သည်။

ထိုသို့ဖြင့် အင်မော်တယ်နယ်မြေကြီးဟာ
နိမ့်မြင့်တက်ကျ လှိုင်းဂယက်များဖြင့်
လှုပ်ရှားနေသည်။

မိုးပြာနဂါး၊ ကျားဖြူ၊ မီးငှက်၊ လိပ်နက် အစရှိသော
တိုင်းပြည်လေးခုသည်လည်း လှုပ်လှုပ်ရွရွဖြစ်နေခဲ့၏။

ဤရှေးဟောင်းတိုင်းပြည်လေးခုက
အင်မော်တယ်တာအိုအင်အားစုကြ
ီးများမဟုတ်လျှင်ပင် ကိုယ်ပိုင်စီရင်စုနှင့်
အုပ်ချုပ်သူများ ဖြစ်နေဆဲပင်။

ထိုအချိန် မီးတောက်စီရင်စုရှိ
မီးငှက်ရှေးဟောင်းတိုင်းပြည်၏
တော်ဝင်နန်းတော်အတွင်းမှ နန်းတော်တစ်ခုတွင်...

အနီရောင်ငှက်မွှေးဝတ်စုံဖြင့် လှပသော
မိန်းမပျိုလေးတစ်ဦး တင်ပျဉ်ခွေထိုင်နေသည်။

တင်ပျဉ်ခွေထိုင်နေချိန်၌ပင် သူမ၏အလှတရားများက

ပေါ်လွင်နေဆဲပင်။

အနီရောင်ဆံပင်၊ နှင်းဖြူကဲ့သို့ အသားအရေနှင့်...

သူမ မျက်ခုံးနှစ်ခုကြားရှိ
မီးတောက်အမှတ်အသားကြောင့်လည်း ပို၍လှပကာ
ချစ်စရာကောင်းစေ၏။

ထိုမိန်းမပျိုကား အမှန်တကယ် ပိုင်ယုအာပင်
ဖြစ်တော့သည်။

သူခန္ဓာကိုယ်ကို မီးငှက်နတ်ဖီးနစ်နှင့် မိုးပြာနဂါးချီများ
လှည့်ပတ်နေပြီး ယခင်ကထက်
ပိုအားကောင်းလာပုံရသည်။

သူက အမှန်တကယ် ပေါင်းစည်းခြင်းနယ်ပယ်
အစောပိုင်းသို့ပင် ရောက်ရှိနေ၏။

သိထားရသည်မှာ သူ့အသက်အရွယ်နှင့်
ထိုခွန်အားမျိုးရှိခြင်းက အင်မော်တယ်နယ်မြေကြီး
တစ်ခုလုံး၌ပင် ထိပ်တန်းပါရမီရှင်ဟု ခေါ်နိုင်သည်။

ပုံမှန်ဆိုလျှင် ဤကျင့်ကြံခြင်းအမြန်နှုန်းကိုရရှိရန်
ပိုင်ယုအာအတွက် မဖြစ်နိုင်ပေ။

ယင်းက ကျွင်းရှောင်ယောက်ပေးခဲ့သော ကျဘမ်း
ကံကောင်းခြင်းတစ်ခုကြောင့်သာ ဖြစ်သည်။

ကျင့်ကြံပြီးနောက် ပိုင်ယုအာဟာ သူ့မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်လိုက်၏။

သူ၏ ကြည်လင်တောက်ပနေသော မျက်လုံးများ၌ ဤအခိုက်တွင် ဝမ်းနည်းမှုနှင့် တောင့်တမှုများ ဖြစ်ပေါ်လျက် ရှိသည်။

"သခင်လေးနတ်ဘုရားသားတော်နဲ့ ငါမတွေ့ရတာ ကြာပြီ"

ပိုင်ယုအာက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

အားလုံးက နတ်ဘုရားမလေးကဲ့သို့ သတ်မှတ်ထားခံရသောပိုင်ယုအာသည် ယခုအခါမှာတော့ တခြားလက်လှမ်းမမှီနိုင်သော တည်ရှိမှုတစ်ခုအား တွေးတောကာဝမ်းနည်းနေရ၏။

မကြာသေးမီကပင် သူဟာ ကျွင်းရှောင်ယောက်အကြောင်း

သတင်းများကြားခဲ့ရသည်။

ကောင်းကင်စားစာငှက်ကို ထက်ခြမ်းဆုပ်ဖြဲခြင်း၊
ခေါင်းကိုးလုံးခြသေ့်ကို စီးတော်အဖြစ် ခေါ်ယူခြင်း၊
အဓိပမိယွမ်ထျန်းရတနာသိုက်အတွင်း၌ အားလုံးကို
အနိုင်ယူခြင်းနှင့် နောက်ဆုံး
အဓိပမိအလောင်းကောင်ကိုပင် ဖိနှိပ်ပစ်လိုက်ခြင်း။

ဤသတင်းများဟာ ပိုင်ယုအာကို
ခံစားချက်အပြည့်ဖြင့် စိတ်လှုပ်ရှားစေခဲ့၏။

ထိုအခါမျိုးတွင် သူမအရှေ့၌ ချောမောခန့်ညားသော
ကျွင်းရှောင်ယောက်၏ ပုံရိပ်ကိုပင်
မြင်ယောက်လာမိသည်။

ဤအတွက် ပိုင်ယုအာဟာ ကျွင်းရှောင်ယောက်၏

ပုံတူပန်းချီကားကိုပင် စိတ်ရှည်လက်ရှည် ရေးဆွဲခဲ့လေသည်။

"သခင်လေး နတ်ဘုရားသားတော်၊ ရှင်က ကျွန်မကို ဂရုမစိုက်ပေမဲ့ ကျွန်မအတွက်ကတော့ ရှင်တစ်ယောက်တည်းပါပဲ"

ပိုင်ယုအာက ပန်းချီကားကို လက်ဖဝါးဖြင့် ညင်သာစွာတစ်ပွတ်သပ်ရင်း ရေရွတ်လိုက်သည်။

သူဟာ မိမိကိုယ်ကို ကျွင်းရှောင်ယောက်၏ ကောင်မလေးအဖြစ် သတ်မှတ်ထားခဲ့ပြီးချေပြီ။

ထိုစဉ် တံခါးအပြင်ဘက်မှ အစေခံတစ်ယောင်၏ စကားသံထွက်ပေါ်လာသည်။

"မင်းသမီးကို အရေးတကြီးသတင်းပို့စရာရှိပါတယ်"

"ဝင်ခဲ့"

ပိုင်ယုအာလည်း အတွေးစာကိုဖြတ်ကာ
ပန်းချီကားကိုဖယ်ပြီး ပြောလိုက်သည်။

ထိုအခါ အစေခံတစ်ယောက်က
ခပ်သုတ်သုတ်ဝင်လာပြီး ပြောလိုက်သည်။

"မင်းသမီးကို သတင်းပို့ပါတယ်၊
မိုးပြာနဂါးတိုင်းပြည်နဲ့ ကျားဖြူတိုင်းပြည်က
လိပ်နက်တိုင်းပြည်ကို စစ်ခင်းနေပြီလို့
မိုလ်ချုပ်တစ်ယောက်ဆီက သတင်းရပါတယ်"

-----------wunzinnosp

# အခန်း ( ၈၁ ) ရှေးဟောင်းတိုင်းပြည်နှစ်ခု ကျဆုံးခြင်း၏ နောက်ကွယ်မှ လျှို့ဝှက်ဆန်းကြယ်သော လူငယ်

"ဘယ်လို၊ ဒါက ဘယ်လိုဖြစ်တာလဲ"

ထိုစကားကိုကြားသောအခါ ပိုင်ယုအာမျက်လုံး၌ အံ့အားသင့်မှုများ ဖြစ်ပေါ်လာသည်။

ဤသတင်းဟာ သူမမျှော်လင့်ထားသည်ထက် များစွာ ကျော်လွန်နေခဲ့၏။

မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်က သန်မာတာမှန်သည်။ ၎င်းက ရှေးဟောင်းတိုင်းပြည်လေးခုအနက် နံပါတ်တစ်ဟုပင် ဆိုထိုက်၏။

သို့သော် ကျားဖြူရှေးဟောင်းတိုင်းပြည်နှင့် လိပ်နက်ရှေးဟောင်းတိုင်းပြည်တို့ကလည်း အားနည်းသည်မဟုတ်ပေ။ ၎င်းတို့က မိုးပြာနဂါး ရှေးဟောင်းတိုင်းပြည်ကို မယှဉ်သော်လည်း များစွာနိမ့်ကျခြင်းမရှိပါချေ။

ဖီးနစ်တိုင်းပြည်ကလည်း ထို့အတူပင် ဖြစ်သည်။ သို့သော် ယခင်က ဖီးနစ်ဘုရင် ဒဏ်ရာရရှိခဲ့ပြီးချိန်မှစ၍ တိုင်းပြည်အင်အားဟာ တစ်နှစ်ထက်တစ်နှစ် နိမ့်ကျလာခဲ့ရပေသည်။

သို့သော်လည်း တခြားရှေးဟောင်းတိုင်းပြည်သုံးခုကတော့ အင်အား မတိမ်းမယိမ်းမှာပင် ရှိနေကြဆဲပင်။

ထို့ကြောင့်ပင် ပိုင်ယုအာစိတ်ထဲ

အံ့သြနေရခြင်းဖြစ်သည်။
မိုးပြာနဂါးရှေးဟောင်းပြည်က အမှန်တကယ် တခြား တိုင်းပြည်နှစ်ခုကို စစ်ခင်းဝံ့သလော။

"အခုအခြေအနေက ဘယ်လိုရှိလဲ"
ပိုင်ယုအာ မေးကြည့်လိုက်သည်။

"မင်းသမီး၊ ကြားရတဲ့ သတင်းတွေအတိုင်းဆိုရင်တော့ မိုးပြာနဂါးရှေးဟောင်းပြည်က စတင်ပြီး စစ်ခင်းတယ်လို့ဆိုပါတယ်။ သူတို့ရဲ့ စစ်အင်အားက အရမ်းသန်မာပြီး နောက်ကွယ်မှာ အမည်မသိတဲ့ လျှို့ဝှက်ဆန်းကျယ်သူတွေလည်း ရှိပုံရပါတယ်"

"ဒါက ဘယ်လိုဖြစ်ရတာလဲ"
ပိုင်ယုအာ စဉ်းစားရကြပ်သွား၏။

ဖီးနစ်တိုင်းပြည်ဘုရင်က တံခါးပိတ်ကျင့်ကြံနေဆဲပင်။

အင်မော်တယ်ဆေးကို ရရှိခဲ့ပြီးနောက် ဖီးနစ်ဘုရင်ဟာ ဒဏ်ရာများ ပြန်ကောင်းမွန်လာသောကြောင့် သူတော်စင်နယ်ပယ်သို့ပင် အဆင့်တက်ရန် တံခါးပိတ်ကျင့်ကြံလိုက်တော့သည်။

သို့သော် သူတော်စင်နယ်ပယ်သို့ အဆင့်တက်ရန်ဟာ အလွန်ခက်ခဲ၏။

ဖီးနစ်ဘုရင်က အခြေခံခိုင်မာနေပြီဖြစ်ပြီး အင်မော်တယ်ဆေး၏ အကူအညီကိုပါ ရရှိထားခဲ့သော်လည်း အဆင့်တက်ရန်တော့ မလွယ်ကူသေးပေ။

ထို့ကြောင့် ဖီးနစ်ဘုရင်ဟာ ယခုအချိန်ထိ
တံခါးပိတ်ကျင့်ကြံရာမှ ထွက်မလာသေးပါချေ။

ထို့ကြောင့် မင်းသမီးတစ်ပါးအနေဖြင့် တိုင်းပြည်၏
တာဝန်အားလုံးဟာ သူမ ပုခုံးအပေါ်သို့
ကျရောက်လာခဲ့ရသည်။

နောက်ဆုံးတော့ ဖီးနစ်ဘုရင်ကို ကယ်တင်ခဲ့သူဟာ
ပိုင်ယုအာကြောင့်ပင် မဟုတ်ပါလား။ သို့ဖြစ်ပေရာ
တိုင်းပြည်အတွင်းရှိ သူမ၏ ဩဇာလွှမ်းမိုးမှုဟာ
ဖီးနစ်ဘုရင်အောက် မနိမ့်ကျပါချေ။

"ဘာတွေဖြစ်လာမလဲဆိုတာ
သေချာစောင့်ကြည့်ထားပါ၊
ဖီးနစ်ရှေးဟောင်းတိုင်းပြည်က ဝင်မစွတ်ဖက်ရဘူး"
ပိုင်ယုအာက လက်ကိုဝှေ့ယမ်းလိုက်သည်။

ထို့ပြင် ဖီးနစ်ရှေးဟောင်းတိုင်းပြည်၏ အင်အားအရ ဝင်စွတ်ဖက်နိုင်စွမ်း မရှိပါချေ။

"ကောင်းပါပြီ"

အစေခံလည်း လေးစားစွာဖြင့် အနောက်ပြန်ဆုတ်သွားတော့သည်။

နေရာတွင် ပိုင်ယုအာက အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

"မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်ကို ကူညီနေတဲ့ လျှို့ဝှက်ဆန်းကျယ်တဲ့ ကျွမ်းကျင်သူတွေဟာ ဘယ်ကရောက်လာတာလဲ"

ပိုင်ယုအာ စဉ်းစားရခက်နေသည်။

သူမသာ ရှောင်ချန်းနှင့်စေ့စပ်ထားသူ ဖြစ်နေသေးပါက ဤကိစ္စမျိုးအတွက် စိုးရိမ်နေရန် အကြောင်းမရှိပေ။

သို့သော်လည်း ယခုအခါ ပိုင်ယုအာက ရှောင်ချန်းနှင့် အဆက်အသွယ်ဖြတ်လိုက်ရုံသာမကဘဲ လုံးဝ နောက်ပြန်လှည့်မရသည့်အခြေအနေကိုပင် ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ပိုင်ယုအာဟာ စစ်မီးတောက်များက ဖီးနစ်တိုင်းပြည်ကိုပင် လောင်ကျွမ်းလာမည်အား စိုးရိမ်နေမိတော့သည်။

"ငါအတွေးလွန်နေတာ ဖြစ်ပါစေလို့ပဲ မျှော်လင့်ပါတယ်"

ပိုင်ယုအာက ရေရွတ်လိုက်၏။

သို့သော်လည်း တစ်နည်းနည်းဖြင့်...

သူ့စိတ်ထဲတွင် မသက်မသာ ခံစားနေမိတော့သည်။

.........

အချိန်များ တရွေ့ရွေ့ကုန်လွန်သွား၏။

ကျွင်းမိသားစု၏
ကောင်းကင်ဧကရာဇ်နန်းတော်မှာတော့
ကျွင်းရှောင်ယောက်ဟာ တံခါးပိတ်ကျင့်ကြံနေဆဲပင်။

သူဟာ အင်မော်တယ်အရင်းမြစ်များဖြင့်
အရိုးများကိုသန်မာစေရန် လေ့ကျင့်နေသည်။

လဝက်ကြာပြီးနောက် သူ့ခန္ဓာကိုယ်အတွင်းမှ ပထမအရိုးကို အင်မော်တယ်အရိုးအဖြစ် ပြောင်းလဲနိုင်ခဲ့၏။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ ယင်းကို အနည်းငယ်နှေးသည်ဟု ခံစားနေရဆဲပင်။ သို့သော်လည်း သူ့နေရာတွင် တခြားသူများဆိုက အင်မော်တယ်အရိုးတစ်ချောင်းကို သန့်စင်နိုင်ရန်ပင် နှစ်အနည်းငယ်ကြာရမည် ဖြစ်သည်။

ပထမအင်မော်တယ်အရိုးကို သန့်စင်ပြီးနောက် သူ့အရိုးဟာ ရွှေရောင်အလင်းများ တောက်ပလာပြီး လျှို့ဝှက်ဆန်းကျယ်သောအက္ခရာများပင် ရစ်ပတ်နေခဲ့ပုံရသည်။

ထို့အပြင် ယင်းက သူ့လက်မောင်းတွင်ဖြစ်ပေရာ
လက်သီးတစ်ချက်စီက
အလွန်ကြောက်စရာကောင်းလာသကဲ့သို့
ခံစားနေရတော့သည်။

"အင်း၊ တိုးတက်မှုက နည်းနည်းနှေးပေမယ့်
နောက်ဆုံးတော့ ရလဒ်တွေ ထွက်ပေါ်လာခဲ့ပြီ"
ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည် ။

အင်မော်တယ်အရိုးတစ်ပိုင်းပင် ဤမျှသန်မာနေလျှင်
အရိုးအားလုံးဆိုပါက ဘယ်လောက်ထိ
သန်မာလာရပါမည်နည်း။

သူ၏ အရိုးနှစ်ရာ့ခြောက်ချောင်းအားလုံးကို
အင်မော်တယ်အရိုးအဖြစ် ပြောင်းလဲပြီးပါက
ဘယ်လောက်ပင် သန်မာလာခဲ့ပါမည်နည်း။

ကျွင်းရှောင်ယောက်ဟာ အင်မော်တယ်အရိုးများကို အလွန်မြှော်လင့်နေမိသည်။

ဤသို့ဖြင့် သူဟာ ဆက်လက် လေ့ကျင့်နေတော့သည်။

သို့သော်လည်း ရှေးဟောင်းတိုင်းပြည်လေးခုတွင်ကား လှုပ်ခတ်မှုများဟာ ဆက်လက်ဖြစ်ပေါ်နေဆဲပင်။

မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်ဟာ အင်အားကြီးမားစွာဖြင့် လိပ်နက်တိုင်းပြည်နှင့် ကျားဖြူတိုင်းပြည်တို့ကို စီးနင်းတိုက်ခိုက်ခဲ့သည်။

တိုင်းပြည်နှစ်ခုက ပေါင်းစည်းခုခံခဲ့လျှင်သော်မှ မိုးပြာနဂါးရှေးဟောင်းပြည်ကို ခုခံရခက်ခဲနေဆဲပင်။

ထို့ကြောင့် ဒါဇင်ချီသော စီရင်စုများဟာ
ဆက်တိုက်လှုပ်ခါလာခဲ့ရသည်။

သို့ရာတွင် ယင်းက
အင်မော်တယ်စစ်ပွဲမဟုတ်သောကြောင့်
လှုပ်ခတ်မှုများကလည်း အကန့်အသတ်ရှိခဲ့ရပေသည်။
ယင်းက အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
မလှုပ်ခတ်နိုင်ပေ။

သတင်းများကိုကြားသောအခါ ပိုင်ယုအာစိတ်ထဲတွင်
ပိုမို တုန်လှုပ်လာရ၏။

သို့စိတ်ထဲမှ မကျေနပ်မှုများကလည်း ပို၍
သန်မာလာတော့သည်။

............

ရွှေစီရင်စု၊ ကျားဖြူတော် ရှေးဟောင်းတိုင်းပြည်၊ အင်ပါယာနန်းတော်။

လက်ရှိတွင် ကျားဖြူဘုရင်နှင့် လိပ်နက်ဘုရင်က မျက်နှာများ ဖြူရော်လျက်ရှိသည်။ ပုံစံအရ သူတို့နှစ်ယောက်ဟာ တိုက်ပွဲအတွင်း၌ ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရပုံပေါ်သည်။

သူတို့နှစ်ယောက်စလုံးဟာ သူတော်စင်များဖြစ်ကြသော်လည်း လက်ရှိတွင်ကား ဒဏ်ရာအပြင်းအထန် ရထားကြတော့သည်။ သူတို့နှလုံးသားမှာလည်း တုန်လှုပ်မှုများ ဖြစ်ပေါ်နေခဲ့သည်။

သူတို့အရှေ့မှာတော့ မိုးပြာနဂါးဘုရင်ဟာ
ထူးမခြားနားသောမျက်နှာအမူအရာဖြင့် ရပ်နေ၏။

သူ၏ ကျင့်ကြံခြင်းအခြေခံကလည်း
သူတော်စင်ဖြစ်၍ တခြားဘုရင်နှစ်များထက်
များစွာမမြင့်မားပါချေ။

သို့သော် သူ့နောက်တွင် အနက်ရောင်ဝတ်
လူရိပ်လေးခု ရှိနေသည်။

ယခင်တိုက်ပွဲတွင် ဤလူလေးဦးနှင့်
မိုးပြာနဂါးသခင်၏ ပူးပေါင်းတိုက်ခိုက်မှုများကြောင့်
စစ်ပွဲက အရှုံးဘက်ကို ဦးတည်သွားခဲ့ရခြင်း
ဖြစ်သည်။

"မိုးပြာနဂါးတိုင်းပြည်ဘုရင်၊ မင်း ဒီအကူအညီတွေကို

ဘယ်ကဖိတ်ခေါ်လာတာလဲ"

ကျားဖြူတိုင်းပြည်ဘုရင်ဟာ လက်မခံနိုင်ဟန်ဖြင့် မေးလိုက်၏။

ဤလူလေးယောက်ကြောင့်သာမဟုတ်လျှင် သူတစ်ယောက်တည်းဖြင့် မိုးပြာနဂါးတိုင်းပြည်ဘုရင်ကို ရင်ဆိုင်နိုင်ခဲ့မည် ဖြစ်သည်။

"ဟားဟား၊ မင်းကဘာလို့ မေးခွန်းတွေ ဒီလောက်မေးနေရတာလဲ။ ငါက သခင်လေးအတွက် အလုပ်လုပ်နေတယ်ဆိုတာ မင်းတို့သိထားရင် ရပြီ" မိုးပြာနဂါးတိုင်းပြည်ဘုရင်က ခက်ယဲ့ယဲ့ပြုံးကာ ပြောလိုက်သည်။

"ဘယ်လို"

ယင်းကိုကြားသောအခါ တိုင်းပြည်ဘုရင်နှစ်ပါးစလုံး အံ့သြသွား၏။

ဂုဏ်သိက္ခာကြီးမားသော တိုင်းပြည်ဘုရင်တစ်ပါးက တခြားသူအတွက် အမှန်တကယ် အလုပ်လုပ်နေပါသလော။

သူက အမှန်တကယ် သခင်လေးဟု ခေါ်ဝေါ်ခဲ့သလော။

တိုင်းပြည်ဘုရင်နှစ်ပါးစလုံး တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အံ့အားသင့်သွားကြသည်။

"သံသယမဖြစ်ပါနဲ့၊ ဒီလေးယောက်ကလည်း အဲဒီသခင်ငယ်လေးဆီကပဲ"

မိုးပြာနဂါးဘုရင်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ဤတစ်ကြိမ်မှာတော့ ကျားဖြူဘုရင်နှင့် လိပ်နက်ဘုရင်ဟာ ပို၍ပင် အံ့အားသင့်သွားရ၏။

တန်ခိုးထက်သော ဤသူတော်စင် လေးပါးက အမှန်တကယ် ထိုသခင်လေး၏ နောက်ပါများပင် ဖြစ်နေပါသလော။

ထိုသခင်လေးကား မည်သူနည်း။

သူ့နောက်ခံက ဘယ်လောက်ပင် ကြောက်စရာကောင်းနေပါသနည်း။

"အခုတော့ မင်းတို့အတွက် အခြေအနေနှစ်ခုကို

သဘောတူဖို့ပဲလိုတယ်"

"ပထမ၊ မင်းတို့ရဲ့အိမ်မြှောင်ကို လွှဲအပ်ပါ"

"ဒုတိယ၊ မင်းတို့တိုင်းပြည်နှစ်ခုစလုံး သခင်လေးကို
သစ္စာခံရမယ်"

"ဒီအခြေအနေနှစ်ခုကို သဘောတူရင် မင်းတို့
အသက်ရှင်နိုင်မယ်"

"သဘောမတူရင်တော့... သေမယ်"

မိုးပြာနဂါးသခင်က ပြတ်ပြတ်သားသား
ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ ဘုရင်နှစ်ပါး၏မျက်နှာမှာ ရှက်ရွံ့မှုများ ဖြစ်ပေါ်လာ၏။

အိမ်မြှောင်ဟာ ၎င်းတို့၏ အမွေခံပစ္စည်းဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်ကို မသိကြသော်လည်း ယင်းဟာ တိုင်းပြည်တစ်ခုလုံး၏ သင်္ကေတတစ်ခု ဖြစ်ပေသည်။

တိုင်းပြည်လေးခုစလုံးတွင် ထိုသံလိုက်အိမ်မြှောင်များ တစ်ခုစီ ရှိကြသည်။

ထို့အပြင် အမည်မသိသခင်လေးတစ်ယောက်ကို တိုင်းပြည်တစ်ခုလုံး အညံ့ခံရန်က မဖြစ်နိုင်ပါချေ။

ဘုရင်များ အချေအတင်ဖြစ်ခါနီးတွင် အနက်ရောင်ဝတ်လူလေးယောက်က ရုတ်တရက်

ရှေ့သို့ ခြေတစ်လှမ်းတိုးလာကြသည်။

ဤင်းတို့ထံမှ အရှိန်အဝါများကြောင့် ဘုရင်နှစ်ပါးဟာ
ပြောစကားပျောက်ဆုံးကုန်ပြီး
ဆက်မပြောကြနိုင်တော့ပေ။

အချိန်အတော်ကြာသည့်အထိ အံ့တင်းနေခဲ့ပြီး
နောက်ဆုံးမှာတော့ ဘုရင်နှစ်ပါးဟာ
သဘောတူလိုက်ရတော့သည်။

မိုးပြာနဂါးဘုရင်လည်း ကျေနပ်စွာ
ခေါင်းညိတ်လိုက်သည်။

ထို့နောက် တိုင်းပြည်နှစ်ခုဟာ တပြိုင်နက်တည်း
အညှံ့ခံခဲ့ကြရသည်။

ထိုအချိန်တွင် မိုးပြာနဂါးဘုရင်က
တော်ဝင်နန်းတော်အနောက်ဘက်ရှိ ဇိမ်ခံ
အဖိုးတန်ခန်းမကြီးတစ်ခုအတွင်းသို
ရောက်ရှိလာခဲ့သည်။

ခန်းမထဲတွင် ပေါ့ပေါ့ပါးပါးနှင့် ကျက်သရေရှိစွာ
ကခုန်နေသော စွဲမက်ဖွယ် မိန်းမလှများစွာလည်း ရှိ၏။

ကြီးမားသော ကုတင်ကြီးအထက်မှာတော့
မိန်းမလှများကို မှီလျက်ထိုင်နေသော ပုံရိပ်တစ်ခုကို
ကန့်လန့်ကာအနောက်မှ ဝိုးတဝါးမြင်နေရသည်။

မိုးပြာနဂါးဘုရင်လည်း အိမ်မြှောင်နှစ်ခုကို
လက်ဖဝါးထက်တွင် တင်ကာ အရှေ့ကို
လျှောက်သွားလိုက်သည်။

"သခင်လေး၊ ဒီမှာ မင်းလိုချင်တာ ရလာပါပြီ"

မိုးပြာနဂါးဘုရင်က လေးလေးစားစား ပြောလိုက်၏။

ထိုအခါ ပိတ်ကျဲကန့်လန့်ကာအနောက်မှ လက်တစ်ဖက်ထွက်လာပြီး အိမ်မြှောင်နှစ်ခုကို ယူငင်သွားတော့သည်။

"တော်တယ် မိုးပြာနဂါးဘုရင်၊ ခင်ဗျားက ကျုပ်ကို စိတ်မပျက်စေခဲ့ဘူး"

-----------wunzinnosp

အခန်း ( ၈၂ ) နောက်ကွယ်မှ လက်မည်းကြီး၏ ရည်မှန်းချက်၊ မီးငှက်ရှေးဟောင်းတိုင်းပြည်ကို

တိုက်ခိုက်လာခြင်း၊ နတ်ဘုရားသားတော်
တံခါးပိတ်ကျင့်ကြံရာမှ ထွက်လာခဲ့ချေပြီ

"ဟဲဟဲ၊ သခင်လေးအတွက် အလုပ်လုပ်ပေးရတာမို့
ကျုပ်က ပေါ့ဆမနေဝံ့ပါဘူး"
မိုးပြာနဂါးဘုရင်က ပြုံးပြုံးကြီးဖြင့် ပြောလိုက်သည်။

"ဒါပေါ့၊ ဒါကြောင့်ပဲ ခင်ဗျားပေးတဲ့ အိမ်မြှောင်နဲ့ဆိုရင်
ကျုပ်မှာ အိမ်မြှောင်သုံးခုရပြီ၊ အခု
မီးငှက်ရှေးဟောင်းတိုင်းပြည်က နောက်ဆုံးတစ်ခုပဲ
ကျန်တော့မယ်"
ကန့်လန့်ကာအနောက်မှ အသံထွက်ပေါ်လာသည်။

"မီးငှက်ရှေးဟောင်းတိုင်းပြည်၊ ဒါက..."
မိုးပြာနဂါးဘုရင် ရုတ်တရက် အသံပျောက်သွားသည်။

"ဘာလဲ၊ ပြဿနာရှိလို့လား"

ဒေါ်သအနည်းငယ် ရောစွက်နေသောအသံ ထွက်ပေါ်လာ၏။

မိုးပြာနဂါးဘုရင်လည်း နဖူးမှ ချွေးများစီးကျလာကာ အမြန်ပြောလိုက်သည်။

"နားလည်မှုလွဲတာပါ သခင်လေး၊
အရင်တုန်းကဆိုရင်တော့
ကျုပ်တို့တိုင်းပြည်နှစ်ခုကြားမှာ
ပတ်သက်မှုရှိတာမှန်ပါတယ်၊ ဒါပေမဲ့ အခုတော့
အမုန်းတရားတွေပဲ ရှိတော့တယ်"

ရှောင်ချန်းဟာ ပိုင်ယုအာနှင့် လမ်းခွဲရပြီး သွေးကြောလုယူခံရကာ ကျွင်းမိသားစုမှ အရှက်တကွဲအကျိုးနည်းဖြင့် မောင်းထုတ်ခံခဲ့ရသည်။

ထို့ကြောင့် မိုးပြာနဂါးဘုရင်ဟာ မီးငှက်တိုင်းပြည်နှိင့် မင်းသမီးပိုင်ယုအာကို သဘောကျရန် မဖြစ်နိုင်ပေ။

"အိုး၊ ဒါဆိုရင် ဘာဖြစ်လို့လဲ"

အသံပိုင်ရှင်က မေးလိုက်၏။

"အဲဒီ မီးငှက်တိုင်းပြည်ရဲ့ မင်းသမီးက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်နဲ့ ဆက်ဆံရေးတချို့ ရှိကောင်းရှိနိုင်ပါတယ်"

မိုးပြာနဂါးဘုရင်က လေးလေးစားစား ပြောလိုက်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်"

အနည်းငယ် တုံ့ဆိုင်းမှုနှင့် သံသယ

တချို့ဖြစ်ပါနေသော အသံ ထွက်ပေါ်လာသည်။

လက်ရှိ အင်မော်တယ်နယ်မြေကြီးတွင်
ကျွင်းရှောင်ယောက်ကို မြင်တွေ့ဖူးသူ
သိပ်မရှိသေးသော်လည်း သူ့နာမည်ကိုတော့
လူတိုင်းလိုလို ကြားဖူးသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဒီလို
တိုင်းပြည်လေးတွေကို ဂရုစိုက်ဖို့ မဖြစ်သင့်ဘူး"

လျစ်လျူရှုစွာ ပြောလိုက်သောအသံ
ထွက်ပေါ်လာသည်။

"သခင်လေးကို သတိပေးချင်ရုံပါ"

မိုးပြာနဂါးဘုရင် ပြောလိုက်၏။

ကျွင်းလင်းလုံက မီးငှက်တိုင်းပြည်ကို သိမ်းယူခဲ့သော်လည်း ထိုအကြောင်းကို ကြေညာခြင်းမပြုခဲ့ပေ။

အကြောင်းမှာ ယင်းက ဖော်မပြထိုက်သော ကိစ္စလေးတစ်ခု ဖြစ်နေသောကြောင့်သာ ဖြစ်သည်။

ထို့ကြောင့် မီးငှက်ရှေးဟောင်းတိုင်းပြည်၌ပင် ကိုယ်တွေ့မြင်ခဲ့ရသော အမတ်များမှအပ တခြားသူများ မသိကြသေးပေ။

"ဟမ့်၊ ဘာကို သတိပေးတာလဲ။ မီးငှက်တိုင်းပြည်က ကျွင်းရှောင်ယောက်နဲ့ ပတ်သက်မှုရှိနေရင်တောင် ဒီသခင်လေးက မကြောက်သေးဘူး"

အသံပိုင်ရှင်က အနည်းငယ် မကျေမနပ်ဖြစ်သွားပုံရသည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်… သခင်လေးကမှ အင်မော်တယ်နယ်မြေကြီးရဲ့ အထွတ်အထိပ်မှာရပ်တည်ဖို့ အလားအလာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ"

မိုးပြာနဂါးဘုရင်က မြှောက်ပင့်ပြောဆိုလိုက်သည်။

"ဟမ့်၊ မင်းသိတာကောင်းတယ်။ အခု မင်းတို့ရဲ့ အင်အား အားလုံးကိုစုစည်းပြီး မီးငှက်ရှေးဟောင်းတိုင်းပြည်ကို တိုက်ခိုက်ပါ။ ပြီးရင် သူတို့ကို သစ္စာခံစေပြီး အိမ်မြှောင်ကို ငါ့ဆီယူလာခဲ့ချေ"

"အမိန့်အတိုင်းပါ"

မိုးပြာနဂါးဘုရင် ဦးညွှတ်လိုက်၏။

"ဒါထက် မီးငှက်တိုင်းပြည်ရဲ့ မင်းသမီးက အရမ်းလှတယ်လို့ကြားတယ်။ အချိန်ကျရင် သူ့ကိုပါ မနာကျင်စေဘဲ ခေါ်လာခဲ့ပါ၊ သူ့ကို ငါ့ရဲ့ကိုယ်လုပ်တော် ဖြစ်စေချင်တယ်"

"ကောင်းပါပြီ"

မိုးပြာနဂါးဘုရင် ခေါင်းညိတ်လိုက်၏။ သူ့နှလုံးသားတွင်လည်း ကံကောင်းသွားသော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ကံကောင်းထောက်မစွာဖြင့် သူ့သားနှင့် ပိုင်ယုအာဟာ ပတ်သက်မှုများ မရှိတော့ပေ။ မဟုတ်လျှင် ယင်းက ကိုယ့်သားကိုယ် ရင်ခွဲလိုက်သကဲ့သို့ ဖြစ်နေခဲ့မည် မဟုတ်ပါလား။

"စိတ်မပူပါနဲ့၊ ဒီကိစ္စပြီးရင် မင်းလည်း အကျိုးယုတ်မှာ

မဟုတ်ဘူး။ တိုင်းပြည်လေးခုကို ပေါင်းစည်းပြီးတာနဲ့ မင်းက တစ်ဦးတည်းသော ဘုရင်ဖြစ်လာညီမ့်မယ်" အသံပိုင်ရှင်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ကျေးဇူးအများကြီးတင်ပါတယ် သခင်လေး" မိုးပြာနဂါးဘုရင်လည်း အလွန်ဝမ်းသာသွား၏။

ယင်းက သူလိုချင်သည့်အတိုင်းပင် မဟုတ်ပါလော။

ထို့နောက်တော့ မိုးပြာနဂါးသခင်လည်း ပြန်လည်ထွက်ခွာလာခဲ့သည်။

သူထွက်သွားသောအခါ အသံပိုင်ရှင်က ရေရွတ်ပြောဆိုလိုက်သည်။

"ပြီးပြည့်စုံတဲ့ ကြေးအိမ်မြှောင်လေးခုကိုရပြီဆိုရင် ကြေးအင်မော်တယ်နန်းတော်နဲ့ပတ်သက်တဲ့ သဲလွန်စတွေကို ရှာတွေ့နိုင်တယ်"

"အောင်မြင်တဲ့အခါ ငါ့အတွက် မဟာအခွင့်အရေးကြီးရပြီ၊ ဒီအခါကျရင် ဝူမင်ယွဲ့နဲ့ ငါလက်ထပ်နိုင်မှာ အသေချာပဲ"

"ဒါပြီးရင် ပန်ဝူဂူဗိမ္ဗာန်ထဲကို ဝင်ဖို့ အခွင့်အရေးရပြီ။ ပြီးရင်တော့ ပန်ဝူနတ်ဘုရားမင်းဆက်တစ်ခုလုံးကို တဖြည်းဖြည်းထိန်းချုပ်ရမယ်"

"နောက်ဆုံးကျရင် ငါရန်ပန်က ကောင်းကင်ကိုးဆင့်နဲ့ ကမ္ဘာဆယ်ခုရဲ့ထိပ်ဆုံးမှာ ရပ်တည်နိုင်လိမ့်မယ်"

အောင်မြင်ခန့်ညားသောသူ့အသံက ခန်းမအတွင်းတွင်

ဆက်လက် ထွက်ပေါ်နေတော့သည်။

…………

ရက်အနည်းငယ်ကြာသောအခါ မိုးပြာနဂါးဘုရင်က တိုင်းပြည်သုံးခုမှ အင်အားများကိုစုဆောင်း၍ မီးငှက်ရှေးဟောင်းတိုင်းပြည်ကို စစ်ချီလာခဲ့သည်။

သူတို့တပ်များဟာ အနည်းငယ်မျှ မလျှို့ဝှက်ဘဲ မီးတောက်စီရင်စုကို တိုက်ရိုက်ချီတက်ခဲ့၏။

မကြာမီ သတင်းက မီးငှက်ရှေးဟောင်းတိုင်းပြည်သို့ ရောက်ရှိလာခဲ့သည်။

ရုတ်တရက်မို့ တတိုင်းပြည်လုံးမှ လူများ

ထိတ်လန့်တုန်လှုပ်သွားရ၏။

မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်က
လိပ်နက်တိုင်းပြည်နှင့် ကျားဖြူတိုင်းပြည်ကို
ပေါင်းစည်းလိုက်ကတည်းက မီးငှက်တိုင်းပြည်မှ
အရာရှိများဟာ စိတ်မသက်မသာခံစားနေခဲ့ကြရခြင်း
ဖြစ်သည်။

ယခုတော့ ဤသတင်းကို အတည်ပြုလိုက်ပေရာ
အားလုံး တုန်လှုပ်သွားတော့သည်။

မီးငှက်တိုင်းပြည်၏ လက်ရှိအင်အားအရ
တိုင်းပြည်သုံးခုမဟာမိတ်တပ်ကို မဆိုထားဘိ၊
မိုးပြာနဂါးရှေးဟောင်းပြည်တစ်ခုတည်းကိုပင်
ရင်ဆိုင်နိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့် တိုင်းပြည်သုံးခုမဟာမိတ်တပ်များက
မီးငှက်ရှေးဟောင်းတိုင်းပြည်အဖို့
သေဒဏ်စီရင်ချက်တစ်ခုကဲ့သို့ ဖြစ်နေတော့သည်။

မီးငှက်ရှေးဟောင်းတိုင်းပြည်၏
တော်ဝင်နန်းတော်အတွင်းတွင်...

အရာရှိများက ပိုင်ယုအာနှင့် အရေးပေါ်
တွေ့ဆုံနေသည်။

"မင်းသမီးခင်ဗျာ၊ ကျွင်းမိသားစုက
နတ်ဘုရားသားတော်ကို အကူအညီတောင်းပေးပါ"

"ဟုတ်ပါတယ်၊ အခု အရှင်မင်းကြီးက
တံခါးပိတ်ကျင့်ကြံရာကနေ ထွက်မလာသေးပါဘူး၊
ဒါကြောင့် ကျွင်းမိသားစုကပဲ မီးငှက်တိုင်းပြည်ကို

ကယ်တင်ပါလိမ့်မယ်"

အခြေအနေတချို့ကိုသိသော အရာရှိများက မင်းသမီးပိုင်ယုအာကို တိုက်တွန်းလိုက်ကြသည်။

"ကောင်းပါပြီ၊ အားလုံးပဲ စိတ်မပူကြပါနဲ့။ ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

ပိုင်ယုအာက ပြောလိုက်သည်။

သူကိုယ်တိုင်လည်း စိုးရိမ်နေရာ ကျောက်စိမ်းစလစ်တစ်ခုဖြင့် ကျွင်းလင်းလုံထံသို့ ချက်ချင်း စာပို့လိုက်၏။

အကြောင်းမှာ သူမတွင် ကျွင်းရှောင်ယောက်ကို တိုက်ရိုက်ဆက်သွယ်ရန်

နည်းလမ်းမရှိသောကြောင့်သာ ဖြစ်သည်။

ထိုအခါ ကျွင်းလင်းလုံလည်း စာကို လက်ခံရလိုက်၏။

သို့သော်လည်း ကျွင်းရှောင်ယောက်က
တံခါးပိတ်ကျင့်ကြံနေသောကြောင့် ကျွင်းလင်းလုံဟာ
မနှောင့်ယှက်ဝံ့ပေ။

ထိုအကြောင်းကိုသိရသောအခါ ပိုင်ယုအာ
မျက်နှာပျက်သွားမိသည်။

ကျွင်းရှောင်ယောက်က
တံခါးပိတ်ကျင့်ကြံနေသောကြောင့် မည်သို့မျှ
မတတ်နိုင်တော့ပေ။

ကျွင်းလင်းလုံက
ကျွင်းရှောင်ယောက်မဟုတ်သောကြောင့်
မီးငှက်တိုင်းပြည်ကိုကူညီရန် မိသားစုအင်အားကို
စုစည်းပေးရန် မဖြစ်နိုင်ပါချေ။

မီးငှက်တိုင်းပြည်ကို ကူညီလိုပါက
ကျွင်းရှောင်ယောက်သာ တတ်နိုင်သည်။

သို့သော်လည်း အဓိကပြဿနာဟာ
ကျွင်းရှောင်ယောက်က
တံခါးပိတ်ကျင့်ကြံနေသောကြောင့်
အနှောင့်အယှက်ပေး၍ မရပေ။

ပိုင်ယုအာလည်း အခြေအနေကို အရာရှိများအား
ပြန်ပြောလိုက်သည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ၊ မိုးကောင်းကင်က ကျုပ်တို့ မီးငှက်ရှေးဟောင်းတိုင်းပြည်ကို ဖျက်ဆီးချင်နေတာလား"

အရာရှိအချို့ဟာ မျက်နှာများ ဖြူရော်သွားကြသည်။

"ဒီလိုမဟုတ်သေးဘူး၊ မိုးပြာနဂါးတိုင်းပြည်က ကျွန်မတို့ကို အညွှန့်ခံစေချင်တာ ဖြစ်သင့်တယ်။ အချိန်ကျတော့မှ သူတို့ရဲ့သဘောထားကို ကြည့်ရသေးတာပေါ့"

ပိုင်ယုအာ ပြောလိုက်သည်။

ထို့နောက် မီးငှက်တိုင်းပြည်လည်း အခြေအနေများကို ပြင်ဆင်လိုက်ကြသည်။

တခြားအင်အားစုများကတော့ မီးငှက်တိုင်းပြည်ကို သိပ်မထင်ကြပေ။

ယင်းက ကျောက်တုံးကို ကြက်ဥနှင့်ပေါက်ရန်
ကြိုးစားနေခြင်းဟု သတ်မှတ်ထားကြသည်။

ရလဒ်က အံ့သြစရာမရှိနိုင်ဘဲ ကျဆုံးခြင်းကလည်း
အချိန်တစ်ခြသာ ရှိပေလိမ့်မည်။

ဟုတ်၏။ ထိုသို့ ထင်ကြေးပေးရခြင်းမှ။
မီးငှက်တိုင်းပြည်နှင့် ကျွင်းမိသားစုမှ
နတ်ဘုရားသားတော်၏ ပတ်သက်မှုများကို
မသိကြသောကြောင့်ပင် ဖြစ်သည်။

ထိုအကြောင်းကိုသာ သိထားခဲ့လျှင် ယခုကဲ့သို့
ထင်မှတ်ကြမည်မဟုတ်ပါချေ။

ရက်အနည်းငယ်ကြာပြီးနောက်...

တိုင်းပြည်သုံးခု မဟာမိတ်တပ်များဟာ
မီးငှက်ရှေးဟောင်းတိုင်းပြည် အင်ပါယာမြို့တော်ကို
ပစ်မှတ်ထား၍ မီးတောက်စီရင်စုအတွင်းသို့
ချဉ်းနင်းဝင်ရောက်လာခဲ့ကြသည်။

၎င်းတို့ ဖြတ်သန်းရာ လမ်းတစ်လျှောက်မှ
မြို့အားလုံးသည် ခံနိုင်ရည်မရှိပဲ
တိုက်ရိုက်ပျက်စီးသွားကြ၏။

မီးငှက်ရှေးဟောင်းတိုင်းပြည်၏
အင်အားစုများကလည်း တော်ဝင်မြို့တော်၌ အသင့်
စုစည်းထားခဲ့ပြီးချေပြီ။

နောက်ဆုံးရလဒ်က မည်သို့ပင်ရှိစေကာမူ

မီးငှက်ရှေးဟောင်းတိုင်းပြည်က
အလွယ်တကူခွင့်ပြုပေးရန် မဖြစ်နိုင်ပေ။

ရှေးဟောင်းတိုင်းပြည်လေးခု၏ အပြောင်းအလဲ
အခြေအနေဟာ တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ
ဖြစ်သည်။

.........

ကျွင်းမိသားစု၊ ကောင်းကင်ကေရာဇ်နန်းတော်
အတွင်းတွင်...

သန့်မာသော အရှိန်အဝါနှင့် တောက်ပသော
အလင်းရောင်များက လေထဲသို့ တိုးထွက်လာသည်။

နန်းတော်အတွင်း၌ အင်မော်တယ်တစ်ပါး
တရားကျင့်နေသကဲ့သို့ အရှိန်အဝါများကလည်း
နန်းတော်အတွင်းမှ ထွက်ပေါ်လာ၏။

ကောင်းကင်ဧကရာဇ်နန်းတော် အပြင်ဘက်တွင်ကား
ကျွင်းလင်းလုံ၊ ကျွင်းရွယ်ဟွမ်၊ ကျွင်းကျန်းကျန့်နှင့်
ကျွင်းဝမ်ကျဲတို့ ရှိနေသည်။

ထိုအရှိန်အဝါများကို ခံစားမိချိန်မှာတော့
သူတို့မျက်လုံးထဲတွင် အံ့သြမှုနှင့် ပျော်ရွှင်မှုများ
လှစ်ဟလာခဲ့တော့သည်။

"နောက်ဆုံးတော့ နတ်ဘုရားသားတော် ထွက်လာပြီ"

-----------wunzinnosp

အခန်း ( ၈၃ ) မီးငှက် တော်ဝင်နန်းတော်၌
လက်မှတ်ထိုးဝင်ရန်၊ လေမီးတောတောင်
အစောင့်တပ်လေးခုကို ပြင်ဆင်ခြင်း

ယေဘုယျအားဖြင့် ကျွင်းရှောင်ယောက်ဟာ
တံခါးပိတ်ကျင့်ကြံခဲ့သည်။

သို့ရာတွင် သူကျင့်ကြံရာမှ ပြန်ထွက်လာလျှင်လည်း
ကမ္ဘာတစ်ခွင်ကို တုန်ခါစေသော ဖြစ်ရပ်များအား
ဖြစ်ပေါ်လာစေပေလိမ့်မည်။

ကျွင်းလင်းလုံနှင့် တခြားသူများဟာ
ကောင်းကင်ဧကရာဇ်နန်းတော် အပြင်ဘက်၌
လေးလေးစားစားဖြင့် ရပ်နေခဲ့ကြသည်။

မကြာမီ တံခါးပွင့်သွားကာ ကျွင်းရှောင်ယောက်
ထွက်လာခဲ့၏။

အဖြူရောင်ဝတ်စုံနှင့် ထူးကဲသောသူ့အသွင်ဟာ
မိန်းမပျိုလေးများ၏ အသည်းနှလုံးကို ဖမ်းစားနိုင်စွမ်း
ရှိနေဆဲပင်။

ယခင်ကနှင့် မတူသည်ကား ကျွင်းရှောင်ယောက်၏
အရှိန်အဝါများက ပို၍ သိမ်မွေ့လာခြင်းပင်။

ယခင်က ကျွင်းရှောင်ယောက်ဟာ တခြားသူများကို
အင်အော်တယ်တစ်ပါးကဲ့သို့ ခံစားချက်အား
ပေးစွမ်းသည်။

ယခုအခါ ဤခံစားချက်က များစွာပိုသန်မာလာ၏။

'ဒါက ဘယ်လိုခံစားချက်ပါလိမ့်၊
နတ်ဘုရားသားတော်က လေဟုန်စီးပြီး သွားလာနေတဲ့
အင်မော်တယ်တစ်ပါးလို ခံစားနေရတယ်'
ကျွင်းရှယ်ဟွမ် စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

ဟုတ်၏၊ သူတို့မသိပေ။

ထိုသို့ဖြစ်ရခြင်းမှာ ကျွင်းရှောင်ယောက်က
ထာဝရအင်မော်တယ်အရိုးကို
လေ့ကျင့်ထားခဲ့သောကြောင့်သာ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကလည်း ဤအကြောင်းကို
မည်သူ့ကိုမျှ ပြောမပြခဲ့ပေ။

ဤကိစ္စမျိုးက လူသိနည်းလေ ကောင်းလေပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်ထံမှ အမှတ်တမဲ့ ထွက်ပေါ်လာသော အရှိန်အဝါများကြောင့် ကျွင်းဝမ်ကျဲပင် အန္တရာယ်များကို ခံစားလိုက်ရသည်။

ကျွင်းမိသားစုမှ ပဉ္စမစီကွမ်အနေဖြင့် သူ့ခွန်အားဟာ ကျွင်းကျန်းကျန့်၊ ကျွင်းရွှယ်ဟွမ်တို့ထက် များစွာ ပိုအင်အားကြီး၏။

သို့တိုင် ယခု ကျွင်းရှောင်ယောက်နှင့်ရင်ဆိုင်ရချိန်တွင် ကြောက်ရွံ့မှုကို ခံစားနေရဆဲပင်။

'သခင်လေးက ပိုပြီးဆန်းကျယ်လာသလို ခန့်မှန်းလို့တောင် မရတော့ဘူး။ အခုဆိုရင် ငါက

သခင်လေးဆီက တစ်ကွက်တောင်
ခံနိုင်ဖို့မလွယ်လောက်တော့ဘူး'
ကျွင်းဝမ်ကျဲဟာ စိတ်ထဲမှ တွေးလိုက်မိသည်။

'ငါတံခါးပိတ်ကျင့်ကြံတာ တစ်နှစ်နီးပါးရှိပြီ၊ အခုထိ
အရိုးခြောက်ခုပဲ သန့်စင်ရသေးတယ်'
ကျွင်းရှောင်ယောက်ဟာ ခေါင်းခါယမ်း၍
နှလုံးသားထဲမှ တိတ်တဆိတ် သက်ပြင်းချလိုက်သည်။

အလွန်ရှားပါး၍ အဖိုးတန်သော
အင်မော်တယ်အရင်းအမြစ်တစ်ရာကျော်က
ထာဝရအင်မော်တယ်အရိုးခြောက်ခုကိုသာ
သန့်စင်နိုင်မည်ဟု ထင်မထားခဲ့ပေ။

ဤစားသုံးမှုနှုန်းက အလွန်ကြောက်စရာကောင်းသည်။

'သာမန်လူတစ်ယောက်ဆိုရင်
ဒီအရင်းအမြစ်လောက်ကိုရဖို့ နှစ်ပေါင်းများစွာ
ကြိုးစားရှာဖွေရလိမ့်မယ်'
ကျွင်းရှောင်ယောက် တွေးလိုက်၏။

လက်ရှိ သူ့ညာလက်ရုံးကို
သေချာအကဲခတ်လျှင်တော့
အလွန်တောက်ပနေကြောင်း သိနိုင်ပေလိမ့်မည်။

ကျွင်းရှောင်ယောက် သန့်စင်ခဲ့သော
အင်မော်တယ်အရိုးခြောက်ခုစလုံးက ညာလက်ရုံးကို
အဓိကထားသည်။

ဤနည်းဖြင့် စွမ်းအင်များကို တစ်နေရာတည်းတွင်
စုစည်းကာ စတင်အသုံးပြုနိုင်စွမ်း

ရှိလာမည်ဖြစ်သည်။

"ဂုဏ်ယူပါတယ် နတ်ဘုရားသားတော်"

ကျွင်းလင်းလုံတို့ လေးယောက်စလုံး ကျွင်းရှောင်ယောက်ကို တပြိုင်နက်တည်း ဦးညွတ်လိုက်ကြသည်။

ကျွင်းရှောင်ယောက်လည်း လက်ကိုဝှေ့ယမ်းလိုက်၏။

ထို့နောက် ရှေးဟောင်း နဂါးအရိုးလေးခုကို ထုတ်ယူလိုက်လေသည်။

"သခင်လေး၊ ဒါက..."

ကျွင်းကျန်းကျန့်တို့မျက်လုံး၌ သံသယများ ဖြစ်ပေါ်လာသည်။

"ဒီရွှေးဟောင်းနဂါးအရိုးလေးခုက မင်တို့အတွက်ပဲ၊ တစ်ခုစီယူလိုက်ကြ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"သခင်လေး၊ ဒါက အရမ်းအဖိုးတန်တယ်"

ကျွင်းရွှယ်ဟွမ် တွန့်ဆုတ်သွား၏။

ဤရှေးဟောင်းနဂါးအရိုးများက အပြင်ဘက်၌ဆိုလျှင် အလွန်ရှားပါးသော ရတနာများပင် ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်က အကုန်လုံးကို သိမ်းထားလျှင်ပင် ဘယ်သူမှ အပြစ်တင်မည်မဟုတ်ပေ။

"ဒါတွေအားလုံးက ငါ့မိသားစုအတွက်ပဲ၊ မင်းတို့လိုချင်ရင် ယူလိုက်ချေ၊ ဘာမှ ရှက်စရာမလိုဘူး" ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြုံးကာ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်" ကျွင်းကျန်းကျန့်နှင့် တခြားသူများလည်း ခဏတုံ့ဆိုင်းသွားပြီးနောက် လက်ခံလိုက်ကြ၏။

၎င်းတို့၏ မျက်နှာများတွင်ကား ကျေးဇူးတင်မှုများဖြင့် ပြည့်နှက်နေတော့သည်။

နဂါးအရိုးက ၎င်းတို့အပေါ် ကြီးမားသော သက်ရောက်မှုရှိသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်အနောက်ကို လိုက်ပါခြင်းက မှန်ကန်သောရွေးချယ်မှုဟု ပို၍ ခံစားလာခဲ့ရသည်။

"ဒါနဲ့သခင်လေး၊ ရှင့်ကို ပြောစရာရှိသေးတယ်"
ကျွင်းလင်းလုံက ရှေ့သို့ ခြေတစ်လှမ်းတိုးကာ တစ်ခုခုကို တွေးနေသကဲ့သို့ ပြောလိုက်သည်။

"ပြောပါဦး"
ကျွင်းရှောင်ယောက် ခွင့်ပြုပေးလိုက်၏။

ထို့နောက်တော့ ကျွင်းလင်းလုံလည်း တိုင်းပြည်လေးခုနှင့် ပိုင်ယုအာအကြောင်းကို မြန်မြန် ရှင်းပြလိုက်တော့သည်။

"ဒီလိုကိုး၊ ငါနားလည်ပြီ"

ကျွင်းရှောင်ယောက် အနည်းငယ်
ခေါင်းညိတ်လိုက်သည်။

ထိုစဉ် စနစ်အသံက သူ့စိတ်ထဲတွင် ထပ်မံ
ပေါ်ထွက်လာ၏။

"ဒင်၊ ဂုဏ်ယူပါတယ် ပိုင်ရှင်။ လက်မှတ်ထိုးဝင်ဖို့
နေရာအသစ်ကို ပြန်လည်ဆန်းသစ်ပြီးပါပြီ၊ မီးငှက်
ရှေးဟောင်းတိုင်းပြည်ရဲ့ တော်ဝင်နန်းတော်အတွင်းမှာ
လက်မှတ်ထိုးဝင်ပါ"

'နေရာသစ်တစ်ခုရလာပြီပေါ့'

ကျွင်းရှောင်ယောက်စိတ်ထဲမှ ရေရွတ်လိုက်သည်။

မူလကတည်းက သူဟာ
မီးငှက်ရှေးဟောင်းတိုင်းပြည်ကိုသွားရန်
စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။

ဤစနစ်က အမှန်တကယ် ကောင်းမွန်လှပေသည်။

"သခင်လေး၊ ကျွန်မတို့ ဘာလုပ်သင့်လဲ"
ကျွင်းလင်းလုံ မေးလိုက်၏။

သူစိုးရိမ်တာက ပိုင်ယုအာကိုမဟုတ်ဘဲ
တိုင်းပြည်ကိုသာ ဖြစ်သည်။

နောက်ဆုံးတော့ မီးငှက် ရှေးဟောင်းတိုင်းပြည်ကို
ထိခိုက်ခြင်းက

ကျွင်းရှောင်ယောက်၏အကျိုးစီးပွားကို ဖျက်ဆီးခြင်းပင် မဟုတ်ပါလော။

"ငါ့အမိန့်နဲ့ ကျွင်းမိသားစုရဲ့ လေ၊ မီး၊ တောနဲ့ တောင်တန်း အစောင့်တပ်မဟာလေးခုကို လူတစ်သောင်းစီ အသင့်ပြင်ခိုင်းလိုက်ပါ"

ကျွင်းရှောင်ယောက်က တည်ငြိမ်စွာပြော၍ ရွှေရောင်တံဆိပ်ပြားတစ်ခုကို ကျွင်းလင်းလုံအား ပေးလိုက်သည်။

၎င်းက နတ်ဘုရားသားတော် အမိန့်ဖြစ်ကာ ကျွင်းရှောင်ယောက်ကိုလည်း ကိုယ်စားပြု၏။

'လေမီးတောတောင်အစောင့်လေးဦးကို လှုပ်ရှားစေတော့မှာလား'

ကျွင်းကျန်းကျန့်တို့အားလုံး တုန်လှုပ်သွားခဲ့ကြသည်။

လေမီးတောတောင် အစောင့်လေးခုဟာ
ကျွင်းမိသားစုတွင် အလွန်အစွမ်းထက်သော
စွမ်းအားတစ်ခုဖြစ်သည်။

၎င်းတို့မှာ လေအရိပ်အစောင့်၊ တောဘုရင်အစောင့်၊
မီးတပ်အစောင့်နှင့် တောင်တန်းနတ်ဘုရားအစောင့်တို့
ဖြစ်ကြသည်။

လေမီးတောတောင် အစောင့်လေးပါးဟာ
ကျွင်းမိသားစု၏ တစ်ခုတည်းသော
စစ်အင်အားမဟုတ်သော်လည်း ပြင်ပလောကတွင်
အလွန်ကျော်ကြားသည်။

၎င်းတို့ဖြတ်သန်းသွားရာလမ်းတစ်လျှောက်ရှိ
ဘယ်အရာကမျှ တားဆီးနိုင်မည်မဟုတ်ပေ။

အစောင့်တပ်လေးခု၌ အားအနည်းဆုံးပင်
နီဗားနားနယ်ပယ် ကျင့်ကြံခြင်းအခြေခံရှိကာ
နတ်မီးတောက်နယ်ပယ်များလည်း များစွာရှိ၏။

ထို့အပြင် ကျွင်းမိသားစု၏ ဘယ်ပါရမီရှင်မှ
ဤအစောင့်တပ်လေးခုကို အလွယ်တကူ
အမိန့်မပေးနိုင်ပေ။

စီကွမ်ဆယ်ယောက်ဆိုလျှင်ပင် လုပ်ရိုးလုပ်ထုံးများကို
ကျော်ဖြတ်ရဦးမည်ဖြစ်ပြီး အရေအတွက်ကလည်း
အကန့်အသတ်ရှိသည်။

၎င်းတို့ကို ကျွင်းရှောင်ယောက်တစ်ယောက်သာ
အရေအတွက် အကန့်အသတ်မရှိဘဲ အလိုရှိသလို
အမိန့်ပေးနိုင်၏။

ထို့ကြောင့် နတ်ဘုရားသားတော်တံဆိပ်ပြားကို
ပြသနိုင်သ၍ ၎င်းတို့အား အမိန့်ပေးနိုင်ပေလိမ့်မည်။

"နဝ်ဘုရားသားတော်၊ ငါတို့လည်း ဒါကို
အတွေ့အကြုံတစ်ခုအဖြစ် သင်ယူလို့ကောင်းပါတယ်"
ကျွင်းကျန်းကျန့်က ပြောလိုက်သည်။

"ကောင်းတယ်၊ မင်းတို့အားလုံး
အသင့်ပြင်ထားလိုက်ပါ"
ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်ကာ
ပြောလိုက်၏။

"ကောင်းပါပြီ"
ကျွင်းကျန်းကျန့်နှင့် တခြားသူများလည်း

အသင့်ပြင်လိုက်ကြတော့သည်။

နေရာတွင် ကျွင်းရှောင်ယောက်တစ်ယောက်သာ ကျန်ခဲ့ပြီး လက်နှစ်ဖက်ကိုနောက်ပစ်ကာ ရေရွတ်လိုက်သည်။

"ရှေးဟောင်းတိုင်းပြည်လေးခု၊ ဒါပေမဲ့ ငါစုဆောင်းဖို့ပြင်ထားတဲ့အရာကို ဘယ်သူက လာကောက်ယူဖို့ ကြိုးစားဝံ့တာလဲ"

မိုးပြာနဂါး ရှေးဟောင်းတိုင်းပြည်တစ်ခုတည်းက တခြား ရှေးဟောင်းတိုင်းပြည်သုံးခုကို ရင်ဆိုင်နိုင်မည်ဟု သူမထင်ပေ။

ကျွင်းလင်းလုံ၏ ပြောစကားအရ မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်ကို လျှို့ဝှက်ဆန်းကျယ်သော ကျွမ်းကျင်သူများက

ကူညီနေပုံရသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ အလွန်သိချင်နေမိ၏။ မိုးပြာနဂါး ရှေးဟောင်းတိုင်းပြည်နောက်ကွယ်တွင် ရပ်နေသူကား မည်သူနည်း။

ထို့ပြင် အဲဒီလူ၏ ရည်ရွယ်ချက်က ရှေးဟောင်းတိုင်းပြည်လေးခုကို ပေါင်းစည်းချင်ရုံ သက်သက်ပင်လော။

“ဒီရှေးဟောင်းတိုင်းပြည်ကြီးလေးခုက ဒီလောက်မရိုးရှင်းတဲ့ပုံပဲ၊ နောက်ကွယ်မှာ လူတွေ မသိတဲ့ သမိုင်းကြောင်းတွေတောင် ရှိကောင်းရှိနိုင်တယ်။ အချိန်ကျမှ ပိုင်ယုအာကို မေးကြည့်ရမယ်"

ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

ထို့နောက် သူဟာ ကျွင်းကျန်းထျန်းဆီသို့ ထွက်လာခဲ့လိုက်၏။

မီးငှက်ရှေးဟောင်းတိုင်းပြည်က သူ့အတွက် ဤမျှ အရေးမကြီးပေ။

မတော်တဆ အားလုံး အသတ်ခံလိုက်ရလျှင်ပင် ကျွင်းရှောင်ယောက်ဟာ အနည်းငယ်ဘဲ သနားမိမည် ဖြစ်သည်။

ပိုင်ယုအာသည်လည်း ကျွင်းရှောင်ယောက်အတွက်တော့ ပွန်းရုပ်လေးတစ်ခုထက် မပိုပါချေ။

ယခုအခါ ကျွင်းရှောင်ယောက် သိချင်တာက သစ်သားသေတ္တာထဲမှ ကြေးအပိုင်းအစလေးကို အကြောင်း ဖြစ်သည်။

ထို့ကြောင့် သူဟာ ကျွင်းကျန်းထျန်းဆီသို့ ဦးတည်သွားတော့သည်။

သို့သော် ကြေးအပိုင်းအစကိုမြင်ပြီးနောက် ကျွင်းကျန်းထျန်း၏မျက်နှာက အလွန်လေးနက်လာသည်။

"ရှောင်ယောက်၊ မင်းဒါကို ဘယ်ကရလာတာလဲ" ကျွင်းကျန်းထျန်းက မေးလိုက်၏။

"အမိပမိယွမ်ထျန်း ရတနာသိုက်ထဲကပါ၊ ဒါကို
အမိပမိယွမ်ထျန်းက ကမ္ဘာခြားနယ်မြေကနေ
ယူလာခဲ့တဲ့ပုံရတယ်"
ကျွင်းရှောင်ယောက် ပြောလိုက်သည်။

သူ့တွင် ကျွင်းကျန်းထျန်းကို ဖုံးကွယ်ထားစရာ
ဘာမျှမရှိပါပေ။

"ဒီလိုကြောင့်ကို၊ ဒီကြေးအပိုင်းစက
အရမ်းနက်နဲတယ်"
ကျွင်းကျန်းထျန်းက အလေးအနက် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်အတွက် ယင်းဟာ
ကျွင်းကျန်းထျန်းမျက်နှာ လေးနက်သည်ကို ပထမဆုံး
မြင်တွေ့ဖူးခြင်းပင် ဖြစ်သည်။

"အဘိုး၊ ဒီကြေးအပိုင်းစရဲ့ မူလဇစ်မြစ်က ဘာလဲ"

ကျွင်းရှောင်ယောက်ဟာ ပို၍ သိချင်လာမိသည်။

"ရှောင်ယောက်၊ အင်မော်တယ်နယ်မြေကြီးရဲ့ အံ့ဖွယ်ခုနစ်ပါးအကြောင်းကို မင်းကြားဖူးဖူးလား"

ကျွင်းကျန်းထျန်းက လေးလေးနက်နက် မေးလိုက်၏။

"အံ့ဖွယ်ခုနစ်ပါးလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများ အရောက်လက်သွားတော့သည်။

-----------wunzinnosp

အခန်း ( ၈၄ ) အင်မော်တယ်နယ်မြေကြီး၏

အံ့ဖွယ်ခုနစ်ပါး၊ စစ်ချီတက်ကြစို့၊ တိုင်းပြည်သုံးခု
မဟာမိတ်တပ်များ ရောက်ရှိလာခဲ့ကြချေပြီ

ကျွင်းရှောင်ယောက်ဟာ အံ့ဖွယ်ခုနစ်ပါးအကြောင်းကို
ကြားဖူးနားဝရှိသည်။

အင်မော်တယ်နယ်မြေကြီးတွင် ဤအကြောင်းကို
မကြားဖူးသူ မရှိမှာကိုပင် စိုးရိမ်လောက်၏။

၎င်းက အင်မော်တယ်နယ်မြေကြီးအတွင်းရှိ
လျှို့ဝှက်ဆန်းကျယ်ကာ ထူးခြားသော
ဒဏ္ဍာရီခုနစ်ခုကို ခေါ်ခြင်း ဖြစ်သည်။

ဥပမာအားဖြင့် တစ္ဆေသင်္ဘောဒဏ္ဍာရီက
အဆုံးမဲ့ကြယ်ကောင်းကင်၏ အဆုံးရှိ
တစ္ဆေသင်္ဘောတစ်စင်းကို ရည်ညွှန်းသည်။

ထိုသဘော်ာကိုမြင်လိုက်ရလျှင် သူတော်စင်များပင် မခုခံနိုင်ဘဲ အသိစိတ်ပျောက်ရ၏။ ထို့နောက်တော့ သဘော်ာပေါ် တက်သွားကာ မြစ်ဝါမြစ်၏ အခြားတစ်ဖက်သို့ ခုတ်မောင်းသွားတော့သည်။

ဥပမာ၊ သွေးများစွန်းပေကာ သံချေးတက်နေသော ဓားကျိုးတစ်ချောင်းကို ကိုင်ဆောင်ထားသည့် ဦးခေါင်းမဲ့ ဓားသမားတစ်ယောက်အကြောင်း။ အင်မော်တယ်နယ်မြေကြီး၏ ထောင့်စွန်းတွင် လျှောက်သွားနေသော ဦးခေါင်းမဲ့ဓားသမားကိုမြင်ရသည့် ဘယ်လိုကျင့်ကြံသူမဆို ကံဆိုးမိုးမှောင်ကျသွားလေ့ရှိသည်။ ၎င်းက သာမန်ကျင့်ကြံသူမှစတင်၍ အဓိပတိများအထိ ခြွင်းချက်မရှိပါချေ။

ထိုကဲ့သို့သော ဒဏ္ဍာရီမျိုးစုံတို့ဖြင့် နောက်ဆုံးတွင်

အံ့ဖွယ်ခုနစ်ပါး ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်သည်။

ဤအရာအားလုံးက အင်မော်တယ်နယ်မြေကြီး၏ တားမြစ်အကြောင်းရာများဖြစ်ပြီး အဆုံးမဲ့ လျှို့ဝှက်ဆန်းကျယ်မှုများကို ကိုယ်စားပြုခဲ့သည်။

ပုံမှန်အားဖြင့် ကျင့်ကြံသူများဟာ ဤအရာများနှင့် မပတ်သက်လိုကြပေ။ အကြောင်းမှာ ယင်းက မယုံနိုင်စရာကောင်းအောင် ကြောက်စရာကောင်း၍ မိမိ၏ အသက်နှင့်တာအိုကို ပျောက်ကွယ်သွားစေနိုင်သောကြောင့်ပင် ဖြစ်သည်။

"အဘိုး ဘာပြောချင်တာလဲ၊ ဒီကြေးအပိုင်းစက အင်မော်တယ်နယ်မြေကြီးရဲ့ အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုနဲ့ ပတ်သက်နေတာလား"

ကျွင်းရှောင်ယောက် မေးလိုက်သည်။

"ဟုတ်တယ်၊ အံ့ဖွယ်ခုနစ်ပါးထဲမှု
ကြေးအင်မော်တယ်နန်းတော်ကလည်း
ဒဏ္ဍာရီတစ်ခုပဲ။ ဒီကြေးအပိုင်းစက
ကြေးအင်မော်တယ်နန်းတော်ကနေ ထွက်လာခဲ့တာ
ဖြစ်လိမ့်မယ်"

ကျွင်းကျန်းထျန်းက လေးလေးနက်နက်
ပြောလိုက်သည်။

"ကြေးအင်မော်တယ်နန်းတော်လား"

ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွား၏။

ကြေးအင်မော်တယ်နန်းတော်ဟာ အံ့ဖွယ်ခုနစ်ပါးထဲမှ
တစ်ခု ဖြစ်သည်။

၎င်းက အလွန်ကြောက်စရာကောင်းသော

နတ်ဘုရားကျောင်းတစ်ခုဟု ဆိုရင်လည်း မမှားပေ။

နတ်ဘုရားကျောင်းဟု ခေါ်သော်လည်း
လူအများအမြင်တွင် ၎င်းက သင်္ချိုင်းဂူတစ်ခုကဲ့သို့ပင်
ဖြစ်နေသည်။

ထိုအထဲကို ဝင်ရောက်သော
တန်ခိုးရှင်ဆယ်ယောက်တွင် ကိုးယောက်က
ကျဆုံးသွားရ၏။

ကြေးအင်မော်တယ်နန်းတော်က
ဆွဲဆောင်မှုရှိနေခြင်းဟာ ၎င်းက
အင်မော်တယ်ပစ္စည်းများနှင့်
ပတ်သက်နေသည်ဟူသော
ကောလဟာလများကြောင့်သာ ဖြစ်သည်။

အင်မော်တယ်နှင့်ပတ်သက်သမျှ အရာရာတိုင်းဟာ ကျင့်ကြံသူအားလုံးကို ရူးသွပ်သွားစေနိုင်သည်။

ရှေးခေတ်ကတည်းက ကြေးအင်မော်တယ်နန်းတော်ကို စူးစမ်းရှာဖွေခဲ့ကြသော လူငယ်ပါရမီရှင်များ မနည်းလှပေ။

သို့သော်လည်း ကံမကောင်းစွာဖြင့် အများစုဟာ ကျဆုံးသွားခဲ့ရသည်။

လွတ်မြောက်လာသော ကျင့်ကြံသူ လက်တစ်ဆုပ်ကလည်း တစ်စုံတစ်ခုကို ကြောက်ရွံ့နေသကဲ့သို့ ကြေးအင်မော်တယ်နန်းတော်အကြောင်းကို တစ်လုံးတစ်ပါဒမျှ စကားမဟပေ။

ထို့ကြောင့်ပင် ကြေးအင်မော်တယ်နန်းတော်ဟာ
အံ့ဖွယ်ခုနစ်ပါးထဲမှ တစ်ခုအဖြစ်
စာရင်းသွင်းခံရခြင်းဆိုက မမှားပါချေ။

ကျွင်းကျန်းထျန်းလည်း ကျွင်းရှောင်ယောက်ကို
လေးလေးနက် ပြောလိုက်သည်။

"ရှောင်ယောက်၊ မင်းက အရမ်းပါရမီရှိတယ်ထ
ဒါကြောင့် အန္တရာယ်နယ်မြေတွေကို
မစူးစမ်းရင်တောင် အနာဂတ်မှာ ဧကရာဇ်တစ်ပါး
ဖြစ်လာနိုင်ပါသေးတယ်။ ဒါကြောင့် မင်းကိုယ်မင်း
အန္တရာယ်တောထဲ တွန်းမပို့မိအောင် သတိထားပါ"

ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏
ရတနာတစ်ပါးဖြစ်သောကြောင့် သူဟာ
ဘယ်နည်းနှင့်မျှ အထိအခိုက်မခံနိုင်ပေ။

ထို့ကြောင့် ကျွင်းကျန်းထျန်းဟာ
ကျွင်းရှောင်ယောက်က
ကြေးအင်မော်တယ်နန်းတော်ကို လိုက်ရှာချင်လျှင်ပင်
သဘောတူမည် မဟုတ်ပါချေ။

"အဘိုး စိတ်မပူပါနဲ့၊ ကျွန်တော်က ဒီအတိုင်း
သိချင်လို့လာမေးလိုက်တာ။ ဒီလိုသမိုင်းကြောင်း
ရှိနေမယ်လို့လည်း ထင်မထားခဲ့ဘူးလေ"
ကျွင်းရှောင်ယောက်က ပြုံးလျက် ပြောလိုက်သည်။

သို့ရာတွင် သူ့စကားဆုံးရုံမျှရှိသေး...

သူ့စိတ်ထဲတွင် အသံတစ်ချက် ထွက်ပေါ်လာသည်။

"ဒင်၊ ဂုဏ်ယူပါတယ်ပိုင်ရှင်၊ လက်မှတ်ထိုးဝင်ဖို့
နေရာအသစ်ကို ရှာဖွေပြီးပါပြီ။ ကျေးဇူးပြုပြီး

ကြေးအင်မော်တယ်နန်းတော်မှာ လက်မှတ်ထိုးဝင်ပါ"

ထိုအသံကိုကြားရသောအခါ ကျွင်းရှောင်ယောက်ဆွံ့အသွားသည်။

စနစ်က သူ့အတွက် တွင်းတူးပေးနေပါသလော။

ကြေးအင်မော်တယ်နန်းတော်က
လူတိုင်းသွားလွယ်သည့် နေရာတစ်ခုပင်လော။

သို့သော် ရိုးရိုးသားသား ပြောရလျှင် ယင်းက ကျွင်းရှောင်ယောက်၏ စူးစမ်းလိုစိတ်ကို အမှန်ပင်လှုံ့ဆော်ပေးခဲ့သည်။

ယခုအခါ သူ့တွင် လက်မှတ်ထိုးဝင်ရန်

နေရာသုံးခုရှိ၏။

ပန်ဝူဂူဗမွာန်၊ မီးငှက် ရှေးဟောင်းတိုင်းပြည်၏
တော်ဝင်နန်းတော်၊ ကြေးအင်မော်တယ်နန်းတော်။

ဤတွင် မီးငှက် ရှေးဟောင်းတိုင်းပြည်၏
တော်ဝင်နန်းတော်က လက်မှတ်ထိုးဝင်ရန်
အလွယ်ကူဆုံးနှင့် အမြန်ဆုံးဖြစ်သည်။

ပန်ဝူဂူဗိမ္မာန်ကလည်း နည်းနည်းပိုအလုပ်ရှုပ်သည့်တိုင်
အတန်ငယ် လွယ်ကူနေဆဲပင် ဖြစ်၏။

ကြေးအင်မော်တယ်နန်းတော်ကတော့ ယခုထိ
အရိပ်အယောင်ပင် မမြင်ရသေးပေ။

ယင်းက မည်သည့်နေရာတွင်ရှိနေပြီမှန်း ဘယ်သူမှ မသိကြပါချေ။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ အလျင်မလိုဘဲ လေ့ကျင့်ခြင်းကို အာရုံစိုက်ထားရန်အတွက် အချိန်များစွာရှိသည်။

"ပြောပြပေးတာ ကျေးဇူးပါ အဘိုး၊ ကျွန်တော် လုပ်စရာလေးတွေ ရှိသေးလို့ အရင်သွားတော့မယ်" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ရှောင်ယောက်၊ မှတ်ထားပါ... အံ့ဖွယ် ခုနစ်ခုကို မင်းတစ်ယောက်တည်း ဘယ်တော့မှမစူးစမ်းရဘူး။ အခြေအနေတွေ ဘယ်လောက်ပဲ ဆိုးဆိုး အဘိုးကို ပြောရမယ်”

ကျွင်းကျန်းထျန်းက သေသေချာချာ

သတိပေးလိုက်သည်။

"ကျွန်တော်သိပါတယ်"

ကျွင်းရှောင်ယောက် ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ ကျွင်းမိသားစု တောင်တံခါးမှ ထွက်လာခဲ့လိုက်သည်။

အပြင်ဘက် ကောင်းကင်ယံမှာတော့ တပ်စုလေးခု ရှိနေ၏။

၎င်းက တပ်သားတစ်သောင်းစီပါသော လေမီးတောတောင်တပ်စုလေးခုဖြစ်ပြီး ထွက်ခွာကြရန် အသင့်ဖြစ်နေခဲ့ချေပြီ။

လေအရိပ်တပ်ဟာ မိုးပြာရောင်စစ်ချပ်ဝတ်တန်ဆာကို ဝတ်ဆင်၍ ဓားမော့ကိုယ်စီ ကိုင်ထားကြသည်။

တောဘုရင်တပ်ကား ရွှေရောင်ချပ်ဝတ်တန်ဆာဝတ်ကာ လှံရှည်ကို ကိုင်ဆွဲထား၏။

မီးတောက်အစောင့်များကလည်း ကြက်သွေးရောင် ချပ်ဝတ်နှင့် မီးလျှံမြင်းပေါ်တွင်ထိုင်ကာ လှံများကိုပင် ကိုင်ထားကြလေသည်။

တောင်တန်းနတ်ဘုရား အစောင့်များကတော့ လေးလံသော အနက်ရောင် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး ရောမဒိုင်းများနှင့် တိုက်ပွဲဝင် ပုဆိန်များကို ကိုင်ဆောင်ထားခဲ့ကြသည်။

ဤအစောင့်အားလုံးက လေးနက်သောမျက်နှာနှင့် တိုက်ခိုက်ချင်စိတ်များ ပြည့်နှက်နေ၏။

ကျွင်းရှောင်ယောက်လည်း တစ်ချက်ကြည့်ကာ အလွန်ကျေနပ်သွားသည်။

"သခင်လေး၊ လေမီးတောတောင် အစောင့်လေးသောင်းစလုံး အသင့်ဖြစ်ပါပြီ"

ကျွင်းလင်းလုံက နတ်ဘုရားသားတော်တံဆိပ်ကို ပြန်ပေးရင်း ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း တံဆိပ်ပြားကိုသိမ်းကာ ခေါင်းညိတ်ပြီး ပြောလိုက်၏။

"ကောင်းတယ်၊ ဒီတစ်ခေါက် မီးငှက်ရှေးဟောင်းတိုင်းပြည်ကိုသွားမယ်၊ အားလုံး အမိန့်တော်"

ကျွင်းရှောင်ယောက်၏ စကားကိုကြားသည်နှင့်
လေမီးတောတောင် အစောင့်အားလုံးဟာ
လက်ယှက်၍ ဒူးတစ်ဖက်
ထောက်လိုက်ကြတော့သည်။

"လေအရိပ်အစောင့်က ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်နဲ့အတူ
မီးနဲ့ရေကိုဖြတ်သန်းသွားပါမယ်"

"တောဘုရင်အစောင့်က ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်နဲ့အတူ
မီးနဲ့ရေကိုဖြတ်သန်းသွားပါမယ်"

"မီးတောက်စောင့်က ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်နဲ့အတူ

မီးနဲ့ရေကိုဖြတ်သန်းသွားပါမယ်"

"တောင်တန်းနတ်ဘုရားအစောင့်က ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်နဲ့အတူ
မီးနဲ့ရေကိုဖြတ်သန်းသွားပါမယ်"

အစောင့်အရှောက်အားလုံး၏ ကြွေးကြော်သံဟာ
မိုင်တစ်သောင်းအကွာထိ ပျံ့လွင့်သွားခဲ့သည်။

သူတို့ကြွေးကြော်သံကြောင့် ကောင်းကင်ယံမှ
တိမ်များပင် လွင့်ပျယ်သွားရ၏။

"ကောင်းတယ်၊ ဒါနဲ့ဆိုရင် ဘယ်အရာကို
မအောင်မြင်ဘဲ ရှိပါတော့မလဲ"

ကျွင်းရှောင်ယောက်ဟာ သူ့သွေးများ
ပွက်ပွက်ဆူလာသကဲ့သို့ ခံစားပြီး ဂုဏ်ယူစွာ

ပြိုးလိုက်သည်။

ကြီးကျယ်ခမ်းနားသော တပ်မဟာကြီးနှင့် ကမ္ဘာကြီးကို မစိုးမိုးလိုသော ယောက်ျား အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ ရွှေရောင်စစ်ရထားပေါ်တွင် ရပ်လိုက်သည်။

ရွှေရောင်စစ်ရထားကို ခေါင်းကိုးလုံး ခြသေ့်ကြီးက လေထဲသို့ ဆွဲယူသွား၏။

ကျွင်းကျန်းကျန့်၊ ကျွင်းရွှယ်ဟွမ်၊ ကျွင်းဝမ်ကျဲနှင့် ကျွင်းလင်းလုံတို့ လေးယောက်ကတော့ လေမီးတောတောင်အစောင့်လေးပါးကို ဦးဆောင်ကာ အနောက်မှ ပျံသန်းလိုက်ပါသွားတော့သည်။

ဤသို့ဖြင့် သူတို့တပ်ဟာ ခမ်းနားထည်ဝါစွာဖြင့် ခရီးဆက်ခဲ့သည်။

သူတို့ဖြတ်သန်းသွားရာ လမ်းတစ်လျှောက်ရှိ ကျင့်ကြံသူ၊ အင်အားစု အားလုံးဟာ တုန်ရီသွားခဲ့ကြရသည်။

"ဒါက ကျွင်းမိသားစုရဲ့ လေမီးတောတောင်အစောင့်လေးခုပဲ၊ သူတို့ ဘယ်ကိုသွားကြတာလဲ"

"ကျွင်းမိသားစုက ဒီတပ်ကို အသုံးမပြုတာကြာပြီ၊ သူတို့က ဘယ်ပုန်ကန်သူကို ဖိနှိပ်ကြမလို့လဲ"

"မသိဘူး၊ ဒါပေမဲ့ အရှေ့ဆုံးက

ရထားလုံးကိုကြည့်စမ်း။ အဲတာက တော်ဝင်ကလန်က ခေါင်းကိုးလုံးခြသေ့ကြီး မဟုတ်လား"

"ဟော၊ ဒါဆိုရင် ရွှေစစ်ရထားပေါ်မှာ ရပ်နေတာက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပေါ့"

ကျင့်ကြံသူများဟာ တုန်ရီစွာဖြင့် ပြောဆိုလိုက်ကြသည်။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်က ဤတပ်ကို ဦးဆောင်ခြင်းဟာ ဘယ်အဓိပ္ပာယ်ပင်နည်း။

ကျင့်ကြံသူအားလုံးက တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ရှိစွာ လှည့်ကြည့်လိုက်သည်။

မည်သို့ဆိုစေ ကျွင်းမိသားစု၏ရန်သူများအဖို့ ကံဆိုးမိုးမှောင်ကျတော့မည်မှာ အသေချာပင် ဖြစ်တော့သည်။

.........

ကျွင်းရှောင်ယောက်က လေမီးတောတောင် အစောင့်တပ်လေးခုကို ဦးဆောင်၍ လာနေချိန် မီးတောက်စီရင်စုတွင်...

မိုးပြာနဂါးရှေးဟောင်းတိုင်းပြည်ဦးဆောင်သော မဟာမိတ်တပ်များက မီးငှက်တိုင်းပြည်အတွင်းသို့ စီးနင်း ဝင်ရောက်လာခဲ့ကြသည်။

လမ်းတစ်လျှောက်ရှိ မြို့အားလုံးသည် လုံးခုခံနိုင်စွမ်းမရှိဘဲ တိုင်းပြည်သုံးခု

မဟာမိတ်တပ်တို့၏ တိုက်ရိုက်ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။

ပိုင်ယုအာကလည်း လက်ရှိ မီးငှက်တိုင်းပြည်၏အင်အားဖြင့် တိုင်းပြည်သုံးခု မဟာမိတ်တပ်ကို ခုခံရန်မဖြစ်နိုင်ကြောင်း သိနားလည်ခဲ့၏။

ထိုအတွက် တစ်ခုတည်းသောနည်းလမ်းမှာ စစ်အင်အား အားလုံးကို အင်ပါယာမြို့တော်အပြင်ဘက်တွင် စုစည်း၍ နောက်ဆုံးတိုက်ပွဲအတွက် အသင့်ပြင်ရန်သာ ရှိတော့သည်။

ဆယ်ရက်ကျော် ကြာမြင့်ခဲ့ပြီး နောက်ဆုံးတွင် တိုင်းပြည်သုံးခု မဟာမိတ်တပ်များက

မီးငှက်ရှေးဟောင်းတိုင်းပြည် အင်ပါယာမြို့တော်သို့
ချဉ်းကပ်လာခဲ့ကြချေပြီ။

လက်ရှိ မီးငှက်ရှေးဟောင်းတိုင်းပြည်၏
အင်ပါယာမြို့တော်အပြင်ဘက်တွင်။

စစ်အလံများက လေထဲတွင် အမဲလိုက်ထွက်လာသော
သိမ်းငှက်များကဲ့သို့ လွင့်ပျံနေကြသည်။

မြို့တော်အပြင်ဘက်မှာတော့
သံမဏိတံတိုင်းကြီးကဲ့သို့ တပ်သားများဟာ
စောင့်ကြပ်နေ၏။

ပိုင်ယုအာကလည်း ယခင်ကနှင့်မတူဘဲ
လှပသောကိုယ်ဟန်ကို ထင်ပေါ်စေသော
ပျော့ပြောင်းသည့် ကြက်သွေးရောင် ချပ်ဝတ်ကိုဝတ်၍

တိုက်ပွဲအတွက် အသင့်ဖြစ်နေခဲ့ချေပြီ။

သူမ၏ အနီရောင်ဆံနွယ်ရှည်များကိုမူ
စည်းနှောင်ထား၍ ဆွဲဆောင်မှုရှိကာ
ရဲဝံ့သောအသွင်ဖြင့် ရပ်နေခဲ့ပေသည်။

သူ့အနီးနား ဝန်းကျင်မှာတော့
စိတ်မသက်မသာဖြစ်နေသော မျက်နှာများနှင့်
မီးငှက်ရှေးဟောင်းတိုင်းပြည်၏ စစ်ဗိုလ်ချုပ်တချို့
ရှိနေခဲ့ကြသည်။

မီးငှက်တပ်သားများဘက်မှ လေထုက
တင်းမာနေချိန်တွင် ရုတ်တရက် တုန်ခါသံများ
ထွက်ပေါ်လာသည်။

"ဒုန်း ဒုန်း ဒုန်း"

အဝေးတွင် ကြောက်မက်ဖွယ်ရာ လူအုပ်ကြီး ထွက်ပေါ်လာ၏။

တစ်ချက်ကြည့်ရုံဖြင့် အနက်ရောင်မြစ်ကြီးတစ်စင်း ကုန်းမြေပေါ်သို့ လိမ့်တက်လာခဲ့သည့်နှယ် ထင်မှတ်ရစေသည်။

အင်အားကြီးမားသော တပ်မဟာကြီးကို မြင်ရသောအခါ မီးငှက်တပ်သားအားလုံး မျက်နှာပျက်ကုန်ကြ၏။

မီးငှက်အရာရှိများလည်း မျက်နှာများ မည်းမှောင်နေကြတော့သည်။

"မီးငှက်ရှေးဟောင်းတိုင်းပြည် ပြီးပြီ"
အရာရှိအိုကြီးတစ်ယောက်က စိတ်မကောင်းဟန်ဖြင့်
ကြည့်လိုက်သည်။

ပိုင်ယုအာလည်း စိတ်ပျက်အားငယ်သော
မျက်လုံးများဖြင့် ဓားရိုးကိုသာ ခပ်တင်းတင်း
ဆုပ်ကိုင်လိုက်၏။

'တကယ်ဘဲ နည်းလမ်းမရှိတော့ဘူးလား'
ပိုင်ယုအာဟာ ပုံရိပ်တစ်ခု ပေါ်လာသည်ကို
မြင်လိုသကဲ့သို့ အဝေးကို လှမ်းကြည့်လိုက်သည်။

သို့သော်... ဘာမျှ ရှိမနေခဲ့ပါချေ။

-----------wunzinnosp

အခန်း ( ၈၅ ) မီးငှက်ဘုရင် တံခါးပိတ်ကျင့်ကြံရာမှ ထွက်လာခဲ့ပြီ၊ မီးငှက်တိုင်းပြည် ပျက်ဆီးရတော့မည်လော။

ခမ်းနားကြီးကျယ်သော သံမဏိတပ်ကြီးဟာ အနက်ရောင်ဒီရေကဲ့သို့ ထွက်ပေါ်လာသည်။

၎င်းတို့ဟာ မိုးကုပ်စက်ဝိုင်းအဆုံးသို့ပင် ပြည့်နှက်နေပုံရ၏။

ယင်းကို ရေတွက်ကြည့်ရန်မလိုဘဲ အလွယ်တကူ ခန့်မှန်းနိုင်ပေလိမ့်မည်။

မိုးပြာနဂါး၊ လိပ်နက်နှင့် ကျားဖြူ တိုင်းပြည်သုံးခု မဟာမိတ်တပ်များဟာ မီးငှက်တိုင်းပြည်

စစ်အင်အားထက် ဆယ်ဆပိုများသည်။

အနည်းဆုံး တပ်ဖွဲ့ဝင် တစ်သန်းခန့်ရှိ၏။

တပ်သားအရေအတွက် တစ်ခုတည်းကတင်
တပ်သားတစ်သိန်း သာရှိသော မီးငှက်တပ်အား
လုံးဝချေမှုန်းနိုင်စွမ်း ရှိနေခဲ့ချေပြီ။

အဆင့်မြင့်ကျွမ်းကျင်သူ အရေအတွက်တွင်လည်း
လုံးဝ မယှဉ်သာပေ။

မီးငှက်ဘုရင်က တံခါးပိတ်ကျင့်ကြံနေဆဲဖြစ်သည်။

မဟာမိတ်တပ်များတွင်ကား ဘုရင်သုံးပါးစလုံးဟာ
သူတော်စင်များ ဖြစ်ကြ၏။

ထို့အပြင် လျှို့ဝှက်ဆန်းကျယ်သော
ကာကွယ်သူများလည်း ရှိနေခဲ့ကြပါသေးသည်။

၎င်းတို့သာ တပြိုင်နက်တည်း ပေါက်ကွဲပါက
မီးငှက်တိုင်းပြည်ဟာ ချက်ချင်းပြိုလဲသွားရမည်
ဖြစ်သည်။

မာန်တင်းထားသော ပိုင်ယုအာပင်
ဤတပ်မဟာကြီးမြင်သောအခါ
စိတ်ပျက်အားငယ်လာရ၏။

"ဝုန်း"
အဝေးရှိ မိုးကုတ်စက်ဝိုင်းတွင် စစ်အင်အား
နှစ်သိန်းခန့် သို့မဟုတ် ထိုမျှလောက်က
အင်အားကြီးမားသော အသွင်ဖြင့်

လှည့်ပတ်လာသည်။

"ဒါက လိပ်နက်တိုင်းပြည်ရဲ့ တပ်မဟာပဲ"
မီးငှက်တိုင်းပြည်ဘက်မှ
အနီရောင်ချပ်ဝတ်တန်ဆာဝတ် ဟင်းလင်းပြင်
နတ်ဘုရားနယ်ပယ် ဗိုလ်ချုပ်က ပြောလိုက်သည်။

နတ်မီးတောက်နယ်ပယ်ပြီးလျှင်
ဟင်းလင်းပြင်နတ်ဘုရားနယ်ပယ် လာ၏။

သို့သော်လည်း စစ်မြေပြင်တွင် နတ်ဘုရားနယ်ပယ်မှ
လူတစ်ယောက်က အခြေအနေကို ပြောင်းလဲနိုင်ရန်
ခက်ခဲသည်။

နောက်ဆုံးတွင် ဟင်းလင်းပြင်နတ်ဘုရားက
သူတော်အဆင့် မဆိုထားဘိ၊

သူတော်စင်နယ်ပယ်နှင့်ပင် အဝေးကြီးတွင် ရှိနေပါသေးသည်။

"လိပ်နက်တိုင်းပြည်က ဘာလုပ်ချင်တာလဲ"

ပိုင်ယုအာလည်း မျက်လုံး အရောင်လက်သွားသည်။

လိပ်နက်တိုင်းပြည်တပ်မဟာ အရှေ့မှ ဗိုလ်ချုပ်တစ်ယောက်က အော်ပြောလိုက်သည်။

"မီးငှက်တိုင်းပြည်၊ ငါက လိပ်မက်တိုင်းပြည်ရဲ့ မဟာဗိုလ်ချုပ်ပဲ၊ ငါမင်းတို့ကို အကြံတစ်ခုပေးမယ်။ လက်နက်ချပြီး အညံ့ခံပါ၊ ဒါဆိုရင် မလိုအပ်ဘဲ သေဆုံးမှုတွေ မဖြစ်စေတော့ဘူး"

"လိပ်နက်တိုင်းပြည်၊ နင်တို့က မိုးပြာနဂါးတိုင်းပြည်ကို ဘာကြောင့် လက်အောက်ခံရတာလဲ"

ပိုင်ယုအာ ပြန်မေးလိုက်၏။

ယင်းက သူမစိတ်ထဲမှ အကြီးမားဆုံး သံသယတစ်ခု ဖြစ်သည်။

ဂုဏ်သိက္ခာရှိသော ရှေးဟောင်းတိုင်းပြည်အနေဖြင့် ရှုံးနိမ့်လျှင်ပင် အလွယ်တကူ သစ္စာခံပြီး အသိအမှတ်ပြုရန် မဖြစ်နိုင်ပေ။

လိပ်နက်တပ်မဟာဗိုလ်ချုပ်က အေးစပ်စက်ဖြင့် ပြန်အော်လိုက်၏။

"ငါတို့အားလုံးက သာမန်လူတွေမသိနိုင်တဲ့ဇစ်မြစ်နဲ့ သခင်လေးကိုပဲ သစ္စာခံတာ"

"ပိုင်ယုအာ၊ မင်းက သခင်လေးနှစ်သက်တဲ့ သူပဲ၊ လိမ်လိမ်မာမာ သခင်ငယ်လေးရဲ့ ကိုယ်လုပ်တော်လုပ်၊

အညှော့ခံပြီး အိမ်မြှောင်အပိုင်းအစတွေကို
လွှဲပေးလိုက်ပါ၊ ဒါဆိုရင် မင်းရဲ့
မီးငှက်ရှေးဟောင်းတိုင်းပြည်လည်း လုံခြုံနိုင်မယ်"
လိပ်နက်ဗိုလ်ချုပ်က အော်ဟစ်လိုက်သည်။

"ဘာ"

ထိုစကားကို ကြားရပြီးနောက် ပိုင်ယုအာ
အံ့သြသွားကာ ဒေါသလည်း ထွက်သွား၏။

အံ့သြခြင်းက တိုင်းပြည်သုံးခုကို ဖိနှိပ်နိုင်သော
သခင်လေးဆိုသူကို ဖြစ်သည်။

သို့ရာတွင် သူ့ကို ကိုယ်လုပ်တော်ခန့်လိုသည်
ဆိုသောကြောင့် ဒေါသထွက်သွားရ၏။

ယင်းက ပိုင်ယုအာ၏မျက်နှာကို အေးစက်သွားသည်။

မီးငှက်တိုင်းပြည်၏ ဗိုလ်ချုပ်ကြီးလည်း အေးစက်စက်ဖြင့် အော်ဟစ်လိုက်သည်။

"အတင့်ရဲလိုက်တာ၊ ငါတို့ မီးငှက်တိုင်းပြည်ရဲ့ မင်းသမီးက တခြားသူရဲ့ ကိုယ်လုပ်တော် ဖြစ်နိုင်ပါ့မလား"

မီးငှက်တိုင်းပြည်မှ တပ်သားအားလုံး ဒေါသထွက်ကုန်ကြ၏။

ရင်းက မီးငှက်တိုင်းပြည်တစ်ခုလုံးကို အရှက်ခွဲလိုက်ခြင်းသာ ဖြစ်တော့သည်။

"ဟမ့်၊ သခင်လေးရဲ့ကိုယ်လုပ်တော်ဖြစ်ရတာ ကံကောင်းခြင်းပဲကွ။ မဟုတ်ရင်

သွေးချောင်းစီးသွားရလိမ့်မယ်"

"ငါက ကျွင်းမိသားစု နတ်ဘုရားသားတော်ရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ၊ ငါ့ကို လှုပ်ရှားဝံ့ရင် ကျွင်းမိသားစုက ဖျက်ဆီးလာမှာ မကြောက်ဘူးလား" ပိုင်ယုအာက အေးစက်စက်ဖြင့် အော်ဟစ်လိုက်သည်။

ယင်းကိုကြားသောအခါ တစ်ဖက်မိုလ်ချုပ် တုန်လှုပ်သွားသည်။

နောက်ဆုံးတွင် ကျွင်းမိသားစုမှ နတ်ဘုရားသားတော်က အရှိန်အဝါကြီး၏။

ကျွင်းမိသားစုက လိပ်နက်တိုင်းပြည်ကိုဖျက်ဆီးလိုလျှင်

လက်ဖျောက်တစ်ချက်တီးရုံသာ လိုသည်။

တိုင်းပြည်လေးခုပေါင်းလိုက်လျှင်ပင် ကျွင်းမိသားစုကို လှုပ်ခတ်စေမည်မဟုတ်ပေ။

သို့သော် သူ့နောက်ကွယ်မှ သခင်လေး၏ ခွန်အားကို တွေးလိုက်သောအခါ ထိုဗိုလ်ချုပ်က ပြန်ငြိမ်သက်သွားသည်။

သူက လျှောင်ပြောင်ပြောဆိုလိုက်၏။

"မီးငှက်တိုင်းပြည်ရဲ့ မင်းသမီး၊ အပိုတွေမပြောတော့နဲ့... ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က မင်းတို့လို တည်ရှိမှုလေးကို ဘယ်လိုဂရုစိုက်မှာလဲ၊ သူဂရုစိုက်ရင် မင်းတို့ဆီကို အခုရောက်လာမှာပေါ့"

"နောက်ပြီး မင်းတို့မှာ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်နဲ့
ဆက်ဆံရေးရှိတယ်ဆိုရင်တောင် သခင်လေးက
မကြောက်သေးဘူး"

လိပ်နက်တိုင်းပြည်ဗိုလ်ချုပ်၏ စကားများက
ပိုင်ယုအာ၏နှလုံးသားကို အနည်းငယ်
တုန်လှုပ်သွားစေခဲ့သည်။

မှန်သည်။

သူက ကျွင်းရှောင်ယောက်အတွက် မရှိမဖြစ်
တည်ရှိမှုတစ်ခု မဟုတ်ပေ။

သူကျဆုံးလျှင်ပင် ကျွင်းရှောင်ယောက် ဂရုစိုက်မည်
မဟုတ်ပါချေ။

'ဒါပေမဲ့ နတ်ဘုရားသားတော်က ငါ့ကို
ဂရုမစိုက်ရင်တောင် ငါက ဂရုမစိုက်ဘူးလို့ မဆိုဘူး။
ငါ့ဘဝတစ်လျှောက်လုံး နတ်ဘုရားသားတော်ရဲ့
အစေခံဖြစ်ဖို့ ကတိပေးပြီးသားမို့
တခြားသူရဲ့ကိုယ်လုပ်တော် မလုပ်နိုင်ဘူး'

ပိုင်ယုအာမျက်လုံးတွင် ပြတ်သားမှုများ
ဖြစ်ပေါ်လာသည်။

"အပိုတွေ တော်လောက်ပြီ၊
တိုက်ခိုက်ချင်တယ်မဟုတ်လား၊ တိုက်ခိုက်ကြတော့"

ပိုင်ယုအာက ဓားရှည်ကို ကောင်းကင်သို့ ညွှန်ပြ၍
အော်ပြောလိုက်သည်။

"ဟမ့်၊ သနားစရာကောင်းလိုက်တာ၊
လိပ်နက်တပ်မဟာ အမိန့်နာခံမယ်၊ သတ်ကြ"

လိပ်နက်ဗိုလ်ချုပ်က လိပ်နက်တပ်မဟာကို
အမိန့်ပေးလိုက်သည်။

ချက်ချင်းပင် လိပ်နက်တက်နှစ်သိန်းက
စတင်လှုပ်ရှားလိုက်၏။

"ဗိုလ်ချုပ်အားလုံး အမိန့်နာခံမယ်၊ တိုင်းပြည်ကို
ကာကွယ်ပြီး သတ်ကြ"
ပိုင်ယုအာကလည်း ရဲဝံ့စွာ အော်ဟစ်လိုက်၏။

"သတ်"
တပ်မဟာနှစ်ခုဟာ ချက်ချင်းပင် စတင်
တိုက်ခိုက်လိုက်ကြသည်။

ချက်ချင်းပင် အော်ညည်းသံနှင့် သွေးများ

ဖြာရဲ့သွားခဲ့သည်။

လိပ်နက်တပ်သားနှစ်သိန်းက တားဆီးမရသော ဒီရေလှိုင်းကဲ့သို့ပင်။

မီးငှက်တပ်သားတစ်သိန်းဟာ အပြင်းအထန် ခုခံသော်လည်း ကျဆုံးလာခြင်းကို မရှောင်တိမ်းနိုင်ပေ။

နှစ်များတစ်လျှောက် မီးငှက်တိုင်းပြည်ဟာ တိုင်းပြည်လေးခုတွင် အားအနည်းဆုံး ဖြစ်သည်။

အရေအတွက်ကလည်း ဖော်ပြမရအောင် နည်းပါး၏။

ထိုအခြေအနေမျိုးတွင် တခြားတိုင်းပြည်များကို

ဘယ်လိုလုပ်ပြီး ခုခံနိုင်မည်နည်း။

"တပ်သားအားလုံး အမိန့်နာခံ၊ မင်းသမီးပိုင်ယုအာကို လက်ရဖမ်းဆီးကြ"

လိပ်နက်တိုင်းပြည်ဗိုလ်ချုပ်က သူ့လက်ကို ဝှေ့ယမ်းကာ အော်ဟစ်လိုက်သည်။

ပိုင်ယုအာသည် သခင်လေး၏ လိုအပ်မှုတစ်ခုဖြစ်သောကြောင့် အလွတ်မပေးနိုင်ပေ။

"မင်းသမီးကို ကာကွယ်ကြ"

မီးငှက်ဗိုလ်ချုပ်ကလည်း အော်ဟစ်လိုက်၏။

ထိုအခါ တပ်သားများစွာ အနားရောက်လာပြီး အသည်းအသန် ခုခံလိုက်ကြသည်။

သို့သော်လည်း အရေအတွက်ဟာ နိမ့်ကျ၍ ခက်ခဲနေဆဲပင်။

ပိုင်ယုအာနန္ဒလုံးသားတွင် နာကျင်လာ၏။

ဤတပ်သားဟာ သူ့ကိုကာကွယ်ရင်း ကျဆုံးသွားခဲ့ရသည်။

"တယ်၊ မိန်းမတစ်ယောက်ကိုတောင် မဖမ်းနိုင်ကြဘူးလား"

ထိုအခိုက်တွင် အေးစက်သော အသံတစ်ခု ထွက်ပေါ်လာသည်။

သူတော်စင်နယ်ပယ်မှ ဖိအားတစ်ခုကလည်း

ပျံ့နှံ့လာ၏။

မီးငှက်တိုင်းပြည်ဘက်မှ မိုလ်ချုပ်နှင့် တပ်သားအားလုံး တုန်ယင်သွားတော့သည်။

ကောင်းကင်ထက်တွင် အနက်ရောင် တော်ဝင်ဝတ်စုံနှင့် လူရိပ်တစ်ခု ထွက်ပေါ်လာ၏။

၎င်းသည်ကား လိပ်နက်ဘုရင်ပင်တည်း။

"ပြီးပြီ"

လိပ်နက်ဘုရင် ထွက်ပေါ်လာသည်နှင့် အားလုံး မျက်နှာပျက်ကုန်သည်။

သူတော်စင်ပင် ပေါ်လာခဲ့ချေပြီ၊ ဤတိုက်ပွဲကို ဘယ်လို ဆက်တိုက်ရမည်နည်း။

ပိုင်ယုအာလည်း စိတ်ပျက်အားငယ်မှုများ ပြည့်နှက်သွားသည်။

သူတော်စင်ကို ရင်ဆိုင်ရန်က မည်သို့မျှ မဖြစ်နိုင်ပါချေ။

"သခင်လေးလိုချင်ရင် ဘယ်သူမှ ရှောင်မပြေးနိုင်ဘူး၊ လာစမ်း"

လိပ်နက်ဘုရင်က ပိုင်ယုအာကို စွမ်းအင်လက်ကြီးတစ်ဖက်ဖြင့် ဖမ်းဆီးဆုပ်ကိုင်လိုက်သည်။

အရေးကြီးသောအခိုက်အတန့်တွင်

ရှည်လျားသောခရုသင်းမှုတ်သံက
မီးငှက်ရှေးဟောင်းတိုင်းပြည် အတွင်းပိုင်းမှ
ရုတ်တရက် ထွက်ပေါ်လာသည်။

ကြောက်စရာကောင်းသော မီးတောက်များသည်
မီးငှက်တစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားသကဲ့သို့
လေထဲကို တက်လာခဲ့၏။

ထို့နောက်တော့ အနီရောင်တော်ဝင် ဝတ်စုံကို
ဝတ်ဆင်ထားသည့် ပုံရိပ်တစ်ခုဟာ အကန့်အသတ်မဲ့
မီးတောက်များဖြင့် ထွက်လာတော့သည်။

"ငါ့ရဲ့ မီးငှက်ရှေးဟောင်းတိုင်းပြည်ကို ဘယ်သူက
စော်ကားရဲတာလဲ"

ထွက်ပေါ်လာသူမှာ မီးငှက်ဘုရင် ဖြစ်သည်။

"ဒါ တိုင်းပြည်ဘုရင်ကြီးပဲ၊ အခု
သူတော်စင်နယ်ပယ်ကို အဆင့်တက်သွားခဲ့ပြီ"

မီးငှက်ဘုရင် ထွက်လာသည်အား မြင်ရသောအခါ
မီးငှက်တပ်သားအားလုံး
ဝမ်းသာမျက်ရည်ကျကုန်သည်။

ပိုင်ယုအာလည်း အလွန်အံ့သြသွားသည်။

ထိုအချိန်တွင် မီးငှက်ဘုရင်က လက်ဝါးကြီးကို
ဖျက်ဆီးပစ်လိုက်၏။

ယင်းကိုမြင်ပြီးနောက် မီးငှက်တပ်သားများလည်း
အားတက်လာကြတော့သည်။

သူတို့၏ မီးငှက်တိုင်းပြည်လည်း နောက်ဆုံးတွင် ကယ်တင်ခံလိုက်ရချေပြီ။

သို့သော်လည်း ပိုင်ယုအာနှင့် တပ်သားများသည် ကြာကြာ မပျော်ရွှင်ခဲ့ကြပေ။

မိုးကုတ်စက်ဝိုင်းအဆုံးတွင်တွင် ကျန်တပ်သားများက အနက်ရောင်ဒီရေကဲ့သို့ လိမ့်တက်လာပြန်သည်။

တစ်ချိန်တည်းမှာပင် နောက်ထပ် သူတော်စင်အရှိန်အဝါနှစ်ခု ထွက်ပေါ်လာ၏။

၎င်းက မိုးပြာနဂါးဘုရင်နှင့် ကျားဖြူဘုရင်သာ ဖြစ်တော့သည်။

ဤအခိုက်တွင် မီးငှက်ဘုရင်၏ မျက်နှာအမူအရာပင် ပြောင်းလဲသွားရသည်။

သူက သူတော်စင်ဖြစ်လာခဲ့လျှင်ပင် သူတော်စင်သုံးပါးကို တပြိုင်နက်နည်း ရင်ဆိုင်နိုင်စွမ်း မရှိသေးပါချေ။

ပိုင်ယုအာ၏ နှလုံးသားထဲ၌ ပေါက်ဖွားလာသော မျှော်လင့်ချက်မီးတောက်လေးဟာ တစ်ဖန် ငြိမ်းသွားခဲ့ရသည်။

သူမ မျက်လုံးများတွင် ဝမ်းနည်းမှု အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

စိတ်ပျက်အားငယ်နေသူကို မျှော်လင့်ချက်ပေး၍

ထပ်မံ စိတ်ပျက်အားငယ်စေခြင်းထက်
အဘယ်အရာက ပိုရက်စက်နိုင်မည်နည်း။

"ကောင်းကင်က ငါတို့ မီးငှက်တိုင်းပြည်ကို တကယ်ပဲ
ပျက်ဆီးစေချင်နေပြီလား"

ပိုင်ယုအာလည်း နှုတ်ခမ်းကိုသာ
ကိုက်လိုက်တော့သည်။

-----------wunzinnosp

အခန်း ( ၈၆ ) ကျွင်းရှောင်ယောက် ရောက်ရှိလာပြီး
အားလုံးကို တုန်လှုပ်စေခဲ့သည်၊ အသက်ရှင်ရတာ
ငြီးငွေ့နေပြီလား။

ခပ်လှမ်းလှမ်းတွင် ကျန်စစ်သည်များ စုရုံးလာပြီး
အမှောင်ထုသာ လွှမ်းခြုံသွားသောမြင်ကွင်းက

အားလုံးကို ဆံပင်မွှေးထောင်ထသွားစေသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်မှ ပုံရိပ်နှစ်ခုက သူတော်စင် အရှိန်အဝါများ ထွက်ပေါ်နေ၏။

၎င်းက မိုးပြာနဂါးဘုရင်နှင့် ကျားဖြူဘုရင်သာ ဖြစ်တော့သည်။

လိပ်နက်ဘုရင်နှင့် ပေါင်းသောအခါ သူတော်စင်သုံးပါးလုံးဖြစ်လာပြီး မီးငှက်ဘုရင်ကို ရင်ဆိုင်လိုက်ကြသည်။

မီးငှက်ဘုရင်လည်း မျက်နှာအမူအရာ သိသိသာသာ ပြောင်းလဲသွား၏။

သူဟာ သူတော်စင်နယ်ပယ်သို့ အဆင့်တက်သွား၍ စိတ်ဓာတ်တက်ကြွနေသော်လည်း မမျှော်လင့်ဘဲ သူတော်စင်သုံးပါးက ဝိုင်းရံထားသည့် မြင်ကွင်းကြီးကို ကြုံတွေ့လိုက်ရသည်။

သူ့ကို ပို၍အံ့သြစေတာတာကတော့ ပေါင်းစည်းရန် မဖြစ်နိုင်သော ရှေးဟောင်းတိုင်းပြည်သုံးခုဟာ ယခုအချိန်တွင် မီးငှက်တိုင်းပြည်ကို တိုက်ခိုက်ဖို့ အင်အားများ ပေါင်းစည်းလိုက်ခြင်းပင်။

"ခမည်းတော်...."

ပိုင်ယုအာက အသံပို့လွှတ်ပြီး ဤကာလအတွင်းဖြစ်ပျက်ခဲ့သမျှကို အတိုချုံးရှင်းပြလိုက်သည်။

"ဒီလိုဖြစ်သွားတာပဲ"

မီးငှက်ဘုရင်လည်း အနည်းငယ် တုန်လှုပ်သွား၏။

ထိုသခင်လေးဆိုသူက အလွန်ကြီးမားသော
နောက်ခံရှိကြောင်း ထင်ရှားသည်။

မဟုတ်ပါက ရှေးဟောင်းတိုင်းပြည်သုံးခုကို
အနိုင်ယူရန် မဖြစ်နိုင်ပါချေ။

ထို့ထက် ယခုအချိန်တွင် အရေးကြီးဆုံးအချက်က
ၡင်းတို့၏ မီးငှက်တိုင်းပြည်တပ်များဟာ
တိုင်းပြည်သုံးခုတပ်များကို လုံး၀ မတားဆီးနိုင်ပေ။

သူကိုယ်တိုင်ကလည်း ဘုရင်သုံးပါးကို
မကိုင်တွယ်နိုင်ပါချေ။

အရေးကြီးဆုံးက စစ်မြေပြင်နောက်ကွယ်တွင် ထိုသခင်လေး၏ လျှို့ဝှက်ဆန်းကြယ်သော အကူညီများ ရှိကောင်းရှိနိုင်နေခြင်း ဖြစ်သည်။

ဤအခြေအနေတွင် မီးငှက်ဘုရင်က သူတော်စင်နယ်ပယ်သို့ ဖြတ်သွားသော်လည်း ကောင်းကင်ဘုံသို့ ပျံသန်းရန် စွမ်းအားမရှိတော့ပေ။

"မီးငှက်ဘုရင်၊ မင်းရဲ့ဒဏ်ရာကနေ ပြန်ကောင်းလာရုံတင်မကဘဲ သူတော်စင်နယ်ပယ်ကိုပါ ရောက်သွားလိမ့်မယ်လို့ ငါထင်မထားခဲ့ဘူး"

လေထဲတွင် မိုးပြာနဂါးဘုရင် အံ့သြသွားသည်။

ထိုသတင်းကို ပိတ်ပင်ထားသောကြောင့် မိုးပြာနဂါးဘုရင်နှင့် အခြားသူများဟာ ယခုမှသာ သိရ၏။

"ဂုဏ်သိက္ခာရှိတဲ့ မိုးပြာနဂါးဘုရင်က ခွေးတစ်ကောင်အဖြစ် ဆက်ဆံခံလိမ့်မယ်လို့ ငါလည်း ထင်မထားခဲ့ဘူး"

မီးငှက်ဘုရင်က သုန်မှုန်နေသောမျက်နှာအမူအရာဖြင့် ပြောလိုက်သည်။

"အခြေအနေနဲ့ လိုက်လျောညီထွေ နေတတ်သူက ပညာရှိကွ၊ မင်းက ရထားကို ရပ်တန့်ဖို့ ကြိုးစားနေတဲ့ ကျားတစ်ကောင်ပဲ"

မိုးပြာနဂါးဘုရင်က လှောင်ပြောင်ပြောဆိုလိုက်သည်။

"ဒါဆို ငါတို့ရဲ့ မီးငှက်ရှေးဟောင်းတိုင်းပြည်က လူတယောက်ဆီမှာ အညံ့ခံပြီးသွားပြီဆိုတာ မင်းသိလား"

မီးငှက်ဘုရင်က အေးစက်စက်ဖြင့် ပြောလိုက်၏။

"အိုး… ဘယ်သူလဲ"

မိုးပြာနဂါးဘုရင်က အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်"

မီးငှက်ဘုရင် ပြောလိုက်သည်။

ထိုစကားသံ ထွက်လာသည်နှင့်တပြိုင်နက်
မဟာမိတ်တပ် သုံးခုစလုံး အနည်းငယ်
ငြိမ်သက်သွား၏။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ဟာ
ထူးခြားသော ဟန့်တားနိုင်စွမ်းများ ရှိနေပုံရသည်။

မိုးပြာနဂါးဘုရင်၏ မျက်နှာက သုန်မှုန်သွားက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ကျားအရေပြုပြီး ကျားကြီးပါလို့ လာမလုပ်နဲ့ကွ၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က မင်းတို့ မီးငှက်တိုင်းပြည်လေးကို ဘယ်လိုဂရုစိုက်မှာလဲ"

"ဒါပေမဲ့ မင်းမယုံလို့ ဇွတ်မိုက်ရင် နောင်တရရမယ့် အချိန်တွေရှိလာလိမ့်မယ်"

မီးငှက်ဘုရင်၏လေသံက အပြောင်းအလဲမရှိပေ။

"ဒါက မှန်တယ်ဆိုရင်တောင် ငါတို့နောက်မှာ သခင်လေးရှိတယ်ကွ၊ တခြားသူတွေကို ဖိနှိပ်ဖို့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်နာမည်ကို မသုံးလိုက်နဲ့"

မိုးပြာနဂါးဘုရင်၏မျက်နှာက သုန်မှုန်သွားသည်။

နောက်ဆုံးတွင် သူ့သား ရှောင်ချန်းက ကျွင်းရှောင်ယောက်လက်ထဲတွင် များစွာခံစားခဲ့ရသည် မဟုတ်ပါလား။ ထို့ကြောင့် မိုးပြာနဂါးဘုရင်ဟာ ကျွင်းရှောင်ယောက်ကို သိပ်သဘောမကျပေ။

"အပိုတွေမပြောတော့နဲ့၊ မီးငှက်တိုင်းပြည်ကို တိုက်ရိုက်ချေမှုန်းပြီး ပိုင်ယုအာကို လက်ရဖမ်းဆီးမယ်။ သတ်ကြ"

မိုးပြာနဂါးဘုရင်၏ အမိန့်အောက်တွင် တပ်သားတစ်သန်းက စတင် လှုပ်ရှားလိုက်ကြသည်။ ၎င်းတို့က ဒီရေကဲ့သို့ မီးငှက်တပ်သားများထံ အလုံးအရင်းဖြင့် ဝင်ရောက်သွား၏။

ကျားဖြူဘုရင်နှင့် လိပ်နက်ဘုရင်က မီးငှက်ဘုရင်ကို ပူးပေါင်းတိုက်ခိုက်လိုက်ကြသည်။

မိုးပြာနဂါးဘုရင်ကတော့ ပိုင်ယုအာကို
ဖမ်းဆီးလိုက်၏။

"မင်းသမီး သတိထား"

မီးငှက်ဗိုလ်ချုပ်တစ်ယောက်ဟာ ပိုင်ယုအာအရှေ့မှ
ဝင်ခံရင်း လက်ဝါးကြီးကြောင့် ပေါက်ကွဲသွားရသည်။

"ဗိုလ်ချုပ်"

ပိုင်ယုအာ နှလုံးသွေးများ စီးကျလာ၏။

"မင်းသမီး သွားတော့၊ ကျုပ်တို့
အချိန်ဆွဲပေးထားမယ်"

ဗိုလ်ချုပ်များစွာက မိုးပြာနဂါးဘုရင်ကို တားဆီးရန်
ကြိုးစားလိုက်ကြသည်။

"ပုရွက်ဆိတ်တွေ"

မိုးပြာနဂါးဘုရင်က လက်ကိုဝှေ့ယမ်းလိုက်သောအခါ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်ရသည်။

သူတော်စင်တစ်ပါး၏ တန်ခိုးစွမ်းအားက တားဆီးမရပါချေ။

ကောင်းကင်မှာလည်း မီးငှက်ဘုရင်က ဆက်တိုက်ဖိနှိပ်ခံရကာ သွေးအန်ရင်း ဆုတ်ပေးနေရသည်။

နောက်ဆုံးတွင် သူက သူတော်စင်နယ်ပယ် ဖြတ်ကျော်ကာစဖြစ်သောကြောင့် အခြေမခိုင်သေးဘဲ သူတော်စင်နှစ်ပါးကို လုံး၀ မခုခံနိုင်ပေ။

မီးငှက်ဘုရင် သွေးအန်လာရချိန်တွင်...

မီးငှက်တပ်သားတစ်သိန်းကလည်း ရက်ရက်စက်စက်
သတ်ဖြတ်ခြင်းကို ခံနေခဲ့ရသည်။

တပ်သား သန်းချီအင်အားစု၏ သက်ရောက်မှုက
အမှန်တကယ် ကြောက်စရာကောင်းလှသည်။

မီးငှက်တပ်သားတစ်သိန်းဟာ အချိန်တိုအတွင်း
အင်အား သုံး၊ လေးသောင်းခန့်သာ ကျန်တော့သည်။

မီးငှက်တိုင်းပြည်မှ ဗိုလ်ချုပ်အားလုံးဟာ
မိုးပြာနဂါးဘုရင်၏ ရိုက်သတ်ခြင်းအား
ခံခဲ့ကြရသည်။

"မီးငှက် ရှေးဟောင်းတိုင်းပြည်၊
တကယ်ပြီးသွားပြီလား"

ပိုင်ယုအာ၏ နှလုံးသားတွင် စိတ်ပျက်အားငယ်မှုများ
ပြည့်နှက်လာသည်။

"လိမ်လိမ်မာမာ အဖမ်းခံစမ်း"

မိုးပြာနဂါးဘုရင် ဟိန်းဟောက်ကာ အောက်သို့
ထိုးဆင်းရန် ဟန်ပြင်လိုက်၏။

ပိုင်ယုအာလည်း မျက်လုံးကိုမှိတ်ကာ မျက်ရည်စများ
စီးကျလာတော့သည်။

ဤအခိုက်တွင် ကောင်းကင်နှင့် ကမ္ဘာမြေက ခဏတာ
တိတ်ဆိတ်သွားခဲ့ပုံရသည်။

အသံအားလုံးလည်း ပျောက်ကွယ်သွားခဲ့ပုံရ၏။

ဤသို့ တိတ်ဆိတ်သွားချိန်တွင် အလွန်အေးစက်ပြီး ထူးခြားမှုမရှိသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ဒီနတ်ဘုရားသားတော်ရဲ့လူကို လှုပ်ရှားဝံ့တယ်ဆိုတော့... မိုးပြာနဂါးဘုရင်၊ မင်းအသက်ရှင်ရတာ ငြီးငွေ့နေပြီလား"

ဤအသံက ငရဲမှထွက်လာသကဲ့သို့ အေးစက်လွန်းလှသည်။

စစ်မြေပြင်တစ်ခုလုံးလည်း အေးခဲသွားသကဲ့သို့ တခဏချင်း တိတ်ဆိတ်ငြိမ်သက်သွား၏။

ဤစကားများသာ သန်းပေါင်းများစွာသော တပ်သားများ၏ နားထဲတွင် ပဲ့တင်ထပ်နေတော့သည်။

ဘယ်သူလဲ။

သူတော်စင်တစ်ပါးကို ဒီလိုလေသံနဲ့ ဘယ်သူက ပြောရဲတာလဲ။

ထိုအသံကိုကြားသောအခါ ပိုင်ယုအာ၏ ချစ်စဖွယ်ခန္ဓာကိုယ်လေးက ဆတ်ခနဲ တုန်လှုပ်သွားခဲ့သည်။  လှပသော မျက်လုံးများကို ရုတ်တရက်ဖွင့်ကာ  အဝေးကို လှမ်းကြည့်လိုက်၏။

အဝေးမှ ကောင်းကင်ယံတွင် ကြောက်စရာကောင်းသော အရှိန်အဝါများ

ထွက်ပေါ်လာကာ တိမ်တိုက်များပင် ပြိုကျသွားသည်။

ထို့နောက် ကြောက်စရာကောင်းသော
လူသတ်တပ်လေးခု ထွက်ပေါ်လာ၏။

ကောင်းကင်ကိုးဆင့်ထိ သတ်ဖြတ်တော့မည့်
အရှိန်အဝါများကလည်း မိုးထိအောင်
ဖြာထွက်နေတော့သည်။

ဤတပ်လေးခုမှ ထွက်ပေါ်လာသော
လူသတ်ငွေ့များဟာ အောက်ဘက်ရှိ
တပ်သားအားလုံးကို ရေခဲလှိုဏ်ဂူထဲသို့
ကျသွားသကဲ့သို့ အေးခဲသွားစေသည်။

ဤတပ်လေးခုအရှေ့မှာတော့ ခေါင်းကိုးလုံး
ခြသေ့်ကြီးတစ်ကောင်ဟာ ခမ်းနားထည်ဝါသော

ရွှေရောင်စစ်ရထားတစ်စင်းအား ဆွဲယူလာ၏။

စစ်ရထားပေါ်တွင်ကား လက်နှစ်ဖက်ကိုနောက်ပစ်၍
နတ်ဘုရားတစ်ပါးကဲ့သို့ အရှိန်အဝါများ
ထွက်ပေါ်နေသူတစ်ယောက် ရှိနေသည်။

ယခုလေးတင် မောက်မာလှသော စကားများကလည်း
သူ့ထံမှ ထွက်ပေါ်လာခဲ့ခြင်းပင် ဖြစ်သည်။

"မီးငှက်တိုင်းပြည်က ဒီနတ်ဘုရားသားတော်နဲ့
သက်ဆိုင်တယ်၊ လှူပ်ရှားဝံ့သူ ဂရုဏာမရှိဘဲ
အသတ်ခံရမယ်"

ဤစကားသံများက လေထုကိုပင်
သတ်ဖြတ်မှုအရှိန်အဝါများဖြင့်
ပြည့်နှက်သွားစေခဲ့သည်။

"ကျွင်းမိသားစု လေအရိပ်တပ် အမိန့်နာခံလျက်ပါ"

"ကျွင်းမိသားစု တော်ဘုရင်အစောင့်တပ်
အမိန့်နာခံလျက်ပါ"

"ကျွင်းမိသားစု မီးတောက်အစောင့်တပ်
အမိန့်နာခံလျက်ပါ"

"ကျွင်းမိသားစု တောင်တန်းအစောင့်တပ်
အမိန့်နာခံလျက်ပါ"

လေမီးတောတောင်အစောင့်များ၏ ဟိန်းဟောက်သံက
ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

၎င်းက လူလေးသောင်းသာပါသော တပ်တစ်ခုပင် ဖြစ်လင့်ကစား တိုင်းပြည်သုံးခု မဟာမိတ်တပ်များကို မျက်နှာ ဖြူရော်စေ၏။

"ဒါက ကျွင်းမိသားစုရဲ့ လေမီးတောတောင်အစောင့်တပ်တွေပဲ"

"ဘုရားရေ၊ ကျွင်းမိသားစုရဲ့တပ်... ကျွင်းမိသားစုရောက်လာပြီ"

အလံပေါ်တွင် "ကျွင်း" ဟူသော စကားလုံးကို တွေ့လိုက်သောအခါ တိုင်းပြည်သုံးခုမှ တပ်သားအားလုံး မျက်နှာဖြူဖျော့ကာ တုန်လှုပ်ချောက်ချားသွားကြ၏။

နောက်ဆုံးတွင် ကျွင်းမိသားစုက

အစွမ်းထက်လွန်းသည်။

"ဒါက ကျွင်းမိသားစုပဲ"

မိုးပြာနဂါးဘုရင်နှင့် တခြားသူများလည်း

အံ့သြသွားကြသည်။

အထူးသဖြင့် ကျွင်းရှောင်ယောက်၏ စကားများက

မိုးပြာနဂါးဘုရင်၏ မျက်နှာကို ပို၍ ရုပ်ဆိုးစေသည်။

မီးငှက်တိုင်းပြည်ဘက်တွင်ကား အားလုံးက အံ့သြကာ

မယုံကြည်နိုင်ဖြစ်သွား၏။

အဆုံးမှာတော့ အာမေဋိတ်နှင့် ဝမ်းသာအားရ

ဖြစ်သွားကြတော့သည်။

"ဒါက ကျွင်းမိသားစုပဲ၊ ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်က ငါတို့ကို ကယ်တင်ဖို့
ရောက်လာပြီ"

မီးငှက်တိုင်းပြည်၏ အရာရှိအိုတစ်ဦးကလည်း
ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

ပိုင်ယုအာ၏ နူးညံ့သော ခန္ဓာကိုယ်ကလေးကလည်း
တဆတ်ဆတ်တုန်ယင်နေဆဲပင်။ သူမ၏ အနီရဲရဲ
နှုတ်ခမ်းများ လက်ဖြင့်ကွယ်ထားကာ
စိတ်လှုပ်ရှားမှုကြောင့် မျက်လုံးများမှ
မျက်ရည်များပင် စီးကျလာသည်။

သူမ နေ့ရောညပါ မျှော်တွေးခဲ့ရသော ပုံရိပ်က
နောက်ဆုံးတော့ ထွက်ပေါ်လာခဲ့ပြီ။

သူဟာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားဆဲဖြစ်ပြီး

ဖုန်မှုန့်နှင့် အညစ်အကြေးများ ကင်းကွာနေဆဲပင်။

ဤအခိုက်တွင် ကျွင်းရှောင်ယောက်က ကမ္ဘာကြီးတစ်ခုလုံးအတွက် ကယ်တင်ရှင် နတ်ဘုရား ဖြစ်လာပုံရ၏။

ပိုင်ယုအာ၏ နှလုံးသားထဲမှာတော့ သူဟာ တစ်ဦးတည်းသော နတ်ဘုရားသာ ဖြစ်တော့သည်။

-----------wunzinnosp

အခန်း ( ၈၇ ) နတ်ဘုရားသားတော်ရဲ့ အမျက်ဒေါသကို ဘယ်သူမှမခံနိုင်ဘူး၊ မဟာမိတ်တပ်များ ဆုတ်ခွာပြီ

ကောင်းကင်ထက်တွင် ခေါင်းကိုးလုံးခြင်္သေ့ကြီးက ရွှေရောင် စစ်ရထားကို ဆွဲထားသည်။

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော ကျွင်းရှောင်ယောက်ကတော့ နတ်ဘုရားတစ်ပါးကဲ့သို့ လက်နှစ်ဖက်ကို နောက်ပစ်ကာ ရပ်နေပေ၏။ သူ့အဝတ်အစားများက လေတိုးလိုက်တိုင်း တဖျတ်ဖျတ် လူးလွန့်နေရာ ပို၍ပင် ခမ်းနားထည်ဝါနေတော့သည်။

ဤအခိုက်အတန့်တွင် ပိုင်ယုအာနှင့် မီးငှက်ရှေးဟောင်းတိုင်းပြည်မှလူအားလုံးက အလွန်စိတ်လှုပ်ရှားနေခဲ့ကြသည်။ ၎င်းတို့ဟာ မြင့်မြတ်သောကယ်တင်ရှင်ကိုကြည့်နေကြသကဲ့သို့ စိတ်လှုပ်ရှားမှုအပြည့်ဖြင့် ကျွင်းရှောင်ယောက်ကို လှမ်းကြည့်လိုက်ကြ၏။

ဖြူစင်သော နှင်းလွှာပြင်မှလွဲ၍ အဘယ်သူသည်
အဖြူရောင်အဝတ်ကို ဆောင်ယူထိုက်မည်နည်း။

သူတို့အဖို့ရာတော့ ကျွင်းရှောင်ယောက်ဟာ
သက်ရှိဘုရားသခင်သာ ဖြစ်တော့သည်။

"ဘယ်လိုဖြစ်ပြီး... ကျွင်းမိသားစုက ဘယ်လိုလုပ်ပြီး
ရောက်လာတာလဲ"

မိုးပြာနဂါး၊ လိပ်နက်နှင့် ကျားဖြူဘုရင်သုံးပါးစလုံး
မျက်နှာအနည်းငယ် ဖြူဖျော့သွားကြသည်။

၎င်းတို့က ဂုဏ်သိက္ခာရှိသော သူတော်စင်များ
ဖြစ်ကြသော်လည်း မွန်းစတားကြီး
ကျွင်းမိသားစုအရှေ့တွင် ရင်ခုန်သံမြန်နေရဆဲပင်။

ကျွင်းမိသားစုနှင့် ရင်ဆိုင်ရလျှင် သူတော်စင်များ
မဆိုထားဘိ၊ အဓိပမိတန်ခိုးရှင်များပင်
ထိတ်လန့်ကြောက်ရွံ့သွားရမည် ဖြစ်သည်။

ယခုက သူတော်စင်များ ပါမလာသော်လည်း
ကျွင်းရှောင်ယောက် တစ်ယောက်တည်းကပင်
အဟန့်အတား ဖြစ်စေနိုင်သည်။

ကျွင်းရှောင်ယောက်က သူတော်စင်မဟုတ်သော်လည်း
ဟန့်တားနိုင်စွမ်းမှာတော့ သူတော်စင်ထက်
ကြီးမား၏။

အကြောင်းမူကား ကျွင်းရှောင်ယောက်ကို
ရင်ဆိုင်ခြင်းက ကျွင်းမိသားစုတစ်ခုလုံးကို
ဆန့်ကျင်ခြင်းနှင့် ညီမျှသောကြောင့်သာ

ဖြစ်တော့သည်။

"သခင်လေး နတ်ဘုရားသားတော်"

ပိုင်ယုအာနှင့် မီးငှက်တပ်သား အားလုံးတို့၏ နှလုံးသားတွင် ဝမ်းသာပျော်ရွှင်မှုများ ပြည့်နှက်သွားသည်။

'နောက်ဆုံးတော့ နတ်ဘုရားသားတော်က ဒီကိုရောက်လာပြီ'

မီးငှက်ဘုရင်လည်း တိတ်တဆိတ် စိတ်သက်သာရာ ရသွား၏။

ယခင်က မီးငှက်ဘုရင်ဟာ ကျွင်းရှောင်ယောက်ကို သစ္စာခံရခြင်းအတွက် သိပ်ဘဝင်မကျပေ။

ယခုတော့ ဤခံစားချက်အားလုံး
လွင့်ပါးပျောက်ကွယ်သွားရပြီ ဖြစ်သည်။

မီးငှက်တိုင်းပြည် ကျဆုံးကာနီးတွင် အမှန်တကယ်
ကျွင်းရှောင်ယောက်က ရပ်တည်လာခဲ့၏။

ကျွင်းရှောင်ယောက်က မျက်လုံးကိုမှေးစင်းကာ
တိုင်းပြည်သုံးခု မဟာမိတ်တပ်အား
ငုံ့ကြည့်လိုက်သည်။

ထို့နောက် သူ့လက်ကို အနည်းငယ် ဝှေ့ယမ်းလိုက်၏။

လေမီးတောတောင်တပ်လေးသောင်းကလည်း
မဟာမိတ်တပ်များဆီကို အရှိန်အဟုန်ဖြင့်
ပြေးဝင်သွားတော့သည်။

လူလေးသောင်းက လူတစ်သန်းပါ တပ်မဟာကို ဆန့်ကျင်ခြင်းက ယုံနိုင်စရာမရှိပေ။

သို့သော် ရလဒ်က တုန်လှုပ်ချောက်ချားစရာပင် ဖြစ်သည်။

လူတစ်သန်းပါ တပ်မဟာကြီးက လူလေးသောင်းပါတပ်ငယ်တစ်ခု၏ အရှိန်အဟုန်ကို လုံးဝ မဟန့်တားနိုင်ပေ။

မဟာမိတ်တပ်များက လေမီးတောတောင် အစောင့်တပ်များအရှေ့တွင် တစ်ချက်ပင် မခံနိုင်ကြပါချေ။

မိနစ်အနည်းငယ်အတွင်း မဟာမိတ်တပ်များဘက်မှ

လူတစ်သိန်းကျော် ကျဆုံးသွားခဲ့ပြီ ဖြစ်သည်။

ၚင်းက အလွန်ကြောက်စရာကောင်း၏။

"ကျွင်းမိသားစုရဲ့
လေမီးတောတောင်အစောင့်အရှောက်တွေက
အရမ်းသန်မာတယ်"

"မိစ္ဆာ၊ သူတို့က မိစ္ဆာတွေပဲ"

"ပြေးကြဟေ့"

တပ်များ ဖရိုဖရဲဖြစ်စ ပြုလာခဲ့၏။

မီးငှက်တပ်များမှာလည်း စိတ်ဓာတ်တက်ကြွလျော

အပြင်းအထန် ပြန်လည် တိုက်ခိုက်ကြတော့သည်။

"ဒါ..."

ကောင်းကင်ထက်တွင် မိုးပြာနဂါးဘုရင်နှင့်
အခြားသူများ အံ့အားသင့်သွားကြသည်။

ကျွင်းမိသားစု၏ အစောင့်တပ်က
ဤမျှအင်အားကြီးမယ်ဟု
မျှော်လင့်မထားခဲ့ကြပါချေ။

လူ လေးသောင်းသာရှိသော တပ်တစ်ခုက
တခဏအတွင်းမှာ မဟာမိတ်တပ်များကို
ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊

မင်းဘာလိုချင်လို့လဲ"

မိုးပြာနဂါးဘုရင်က တည်ငြိမ်စွာ မေးလိုက်သည်။

"ဘယ်လိုလဲဆိုတော့...ရိုးရှင်းပါတယ်..."

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ထို့နောက် သူ့မျက်လုံးများတွင် အေးစက်စက်နှင့် တင်းမာခက်ထန်သောအမူအရာ ထွက်ပေါ်လာ၏။

"နောက်ဆုတ်မလား၊ ဒါမှမဟုတ်...
မင်းရဲ့မျိုးနွယ်ကိုးခုအထိ အသတ်ခံမလား"

ယင်းက လူတိုင်းကို
တုန်လှုပ်ချောက်ချားသွားစေသည်။

မိုးပြာနဂါးဘုရင်ကို ဤစကားမျိုး မပြောသင့်ဘူး

မဟုတ်ပါလား။

သို့သော် ဤစကားများက
ကျွင်းရှောင်ယောက်ပါးစပ်မှ ထွက်လာသောအခါ
မည်သူမျှ မသင့်သကဲ့သို့ မခံစားရတော့ပေ။

သူလိုဘုရင်ငယ်တစ်ပါးက ကျွင်းမိသားစု၏
နတ်ဘုရားသားတော်နှင့် အဆင့်အတန်းခြင်း မည်သို့
နှိုင်းယှဉ်နိုင်မည်နည်း။

"ကျွင်းရှောင်ယောက်၊ မင်း..."
မိုးပြာနဂါးဘုရင်၏မျက်နှာက ပြာနှမ်းသွားသည်။

"ဒီနတ်ဘုရားသားတော်က ဒီမှာရပ်နေတယ်၊
မင်းလှုပ်ရှားဝံ့လား"

ကျွင်းရှောင်ယောက်က အင်္ကျီလက်ကိုခါယမ်းကာ မိုးပြာနဂါးဘုရင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

သူက ပေါင်းစည်းခြင်းနယ်ပယ်ဖြစ်သော်လည်း သူတော်စင်နှင့် ရင်ဆိုင်ရချိန်၌ပင် ကြောက်ရွံ့မှု စိုးစဉ်းမျှမရှိပေ။

ဤအနေအထားတစ်ခုတည်းကပင် ကေရာဇ်တစ်ပါးကဲ့သို့ ခံစားရစေသည်။

"ဒါက ကျွင်းမိသားစု နတ်ဘုရားသားတော်ရဲ့ စွမ်းအားလား"

အောက်ဘက်ရှိ မီးငှက်တိုင်းပြည်မှလူအားလုံး ဤမြင်ကွင်းကို မြင်ရသောအခါ စိတ်လှုပ်ရှားစွာဖြင့် တုန်ရီသွားကြသည်။

ပိုင်ယုအာ၏ မျက်လုံးတွင်လည်း အကြွင်းမဲ့
လေးစားမှုများဖြင့် ပြည့်နှက်နေတော့သည်။

"ကျွင်းရှောင်ယောက်၊ သိပ်လွန်မလာပါနဲ့...
ငါတို့အနောက်မှာ သခင်လေးရှိတယ်၊ အခုလည်း
သူစေခိုင်းလို့ လာခဲ့တာ"

မိုးပြာနဂါးဘုရင်က တည်ငြိမ်စွာ ပြောလိုက်သည်။

သူဟာ ကျွင်းမိသားစုကို မိမိဘာသာ
ရင်မဆိုင်ဝံ့သောကြောင့် နောက်ကွယ်မှ
သခင်လေးကိုသာ ထုတ်ပြောလိုက်ရသည်။

"အိုး"

ကျွင်းရှောင်ယောက်မျက်လုံးများ
ကျဉ်းမြောင်းသွား၏။

သို့တိုင် မိုးပြာနဂါး
ရှေးဟောင်းတိုင်းပြည်နောက်ကွယ်တွင် တခြားလူများ
ရှိနေနိုင်ကြောင်းကို အစကတည်းက
သူတွေးထားပြီးသား ဖြစ်သည်။

ယခုတော့ မှန်နေပုံရ၏။

တိုင်းပြည်သုံးခု၏ ဘုရင်များကို အလွယ်တကူ
အညံ့ခံစေသောကြောင့် တစ်ဖက်လူအနေအထားဟာ
သာမန်မဟုတ်ကြောင်း ထင်ရှားသည်။

သို့သော် ကျွင်းရှောင်ယောက်က မည်ကဲ့သို့
ကြောက်ရွံ့ပါမည်နည်း။

တစ်ဖက်လူ၏ အဆင့်အတန်းက

ဘယ်လောက်မြင့်နေပါစေ၊ သူ့ကို ယှဉ်နိုင်ပါမည်လော။

"မင်းရဲ့နောက်မှာ ဘယ်သူပဲ ရပ်နေပါစေ
ဒီနတ်ဘုရားသားတော်ရဲ့ ဒေါသကို ဘယ်သူမှ
မခံနိုင်ဘူး"
ကျွင်းရှောင်ယောက်က အေးစက်စက်ဖြင့်
ပြောလိုက်သည်။

ထို့နောက် လက်နှစ်ချောင်းကို ဓားသဏ္ဍာန်ဖြင့်
တစ်ချက်ညွှန်ပြလိုက်၏။ ချက်ချင်းပင်
ကြီးကျယ်ခမ်းနားသော အရှိန်အဝါနှင့်
သန်မာသောဓားစိတ်ဆန္ဒများ
ထွက်ပေါ်လာတော့သည်။

စူးရှတောက်ပကာ အင်မော်တယ်
အငွေ့အသက်များနှင့် ဓားချက်က သူ့ထံမှ

ထွက်ပေါ်လာသည်။

ထိုဓားအလင်းဟာ အံ့မခန်းပင် ဖြစ်၏။

၎င်းက အင်မော်တယ်သတ်ဓားသိုင်း၏ ပထမပုံစံ၊
အင်မော်တယ် ကျဆုံးခြင်း ဖြစ်သည်။

"ဝုန်း"
သူ၏ဓားအလင်းက မဟာမိတ်တပ်များအတွင်းသို့
ကျဆင်းသွားသည်။

တခဏချင်းမှာပဲ သွေးများ ဖြာထွက်ကာ
မရေမတွက်နိုင်သော အော်သံများ ထွက်ပေါ်လာ၏။

ဓားတစ်ချက်ဖြင့် တပ်သားများစွာ

သေဆုံးသွားခဲ့ကြချေပြီ။

လေမီးတောတောင်တပ်များနှင့် ဘဝပျက်နေသော မဟာမိတ်တပ်များဟာ ဖရိုဖရဲနှင့် ထွက်ပြေးလိုက်ကြသည်။

ယင်းက မိုးပြာနဂါးဘုရင်ကို သွေးများဆူပွက်ကာ မခံမရပ်နိုင် ဖြစ်စေခဲ့၏။

သို့သော် ကျွင်းရှောင်ယောက်ကို တိုက်ခိုက်ခြင်း၏ အကျိုးဆက်များကို တွေးကြည့်သောအခါ ဒေါသကို ဖိနှိပ်ထားရုံမှတပါး အခြားမရှိတော့ပေ။

"တပ်ဆုတ်မယ်"

မိုးပြာနဂါးဘုရင်မျက်လုံးတွင် ရုန်းကန်မှုများ ဖြစ်ပေါ်လာပြီးနောက် ဆုံးဖြတ်ချက်ချကာ

အမိန့်ပေးလိုက်သည်။

နှောင့်နှေးနေပါက တပ်သားတစ်သိန်းကင်မကျန်မှာ စိုးရိမ်ရ၏။

သူက ကျွင်းရှောင်ယောက်ကို ဘာမျှမလုပ်ဝံ့သောကြောင့် သခင်လေးကို သတင်းပြန်ပို့ရုံသာ ရှိတော့သည်။

မိုးပြာနဂါးဘုရင်က တပ်ဆုတ်သောအခါ ကျားဖြူဘုရင်နှင့် လိပ်နက်ဘုရင်တို့လည်း တပြိုင်နက်တည်း ဆုတ်ခွာသွားကြသည်။

အချိန်တိုအတွင်း၌ တပ်သားတစ်သန်းဟာ ခြောက်သိန်းခန့်သာ ကျန်ခဲ့၏။ ထို့နောက်တော့ ခွေးပြေးဝက်ပြေး ဆုတ်ပြေးသွားကြရတော့သည်။

ခဏကြာသောအခါ မဟာမိတ်တပ်များကို
အရိပ်အယောင်ပင် မမြင်ရတော့ပေ။

ယင်းကလည်း ကျွင်းရှောင်ယောက်က ဆန္ဒမရှိ၍သာ
ဖြစ်သည်။

နောက်ဆုံးမှာတော့ မိုးပြာနဂါးဘုရင်နှင့်
တခြားသူများက အရေးအကြီးဆုံးမဟုတ်ပေ။

အရေးကြီးဆုံးဟာ သူတို့နောက်ကွယ်မှ
သခင်လေးဖြစ်သည်။

တိုင်းပြည်လေးခုကို ပေါင်းစည်းလိုသည့်
၎င်း၏ရည်ရွယ်ချက်က အဘယ်နည်း။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ
အခြေအနေသိလိုပြီး အခွင့်အရေးပေးလိုက်ခြင်း
ဖြစ်သည်။

ကျန်ရစ်ခဲ့သော မီးငှက်တပ်သားများမျက်နှာမှာတော့
စိတ်လှုပ်ရှား၊ ပျော်ရွှင်မှုများ ပြည့်နှက်နေတော့သည်။

အားလုံးက အလွန်တက ကျေးဇူးတင်နေသော
မျက်လုံးများဖြင့် ကျွင်းရှောင်ယောက်ကို
ကြည့်လိုက်ကြသည်။

ကျွင်းရှောင်ယောက်သာမရှိလျှ
မီးငှက်တိုင်းပြည်ကျဆုံး၍ တစ်ဖက်လူကို
သစ္စာခံလိုက်ရလိမ့်မည်။

ကောင်းကင်ယံတွင် မီးငှက်ဘုရင်က
ကျွင်းရှောင်ယောက်ကို လေးလေးစားစားဖြင့်
ဦးညွှတ်ပြီး ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်၊
နတ်ဘုရားသားတော်သာ ရောက်မလာခဲ့ရင်
တိုင်းပြည်က တကယ် အန္တရာယ်ကျခဲ့ရလိမ့်မယ်"

"မလိုပါဘူး၊ ဒီတိုင်းပြည်က
ငါ့ရဲ့လက်အောက်မှာရှိတာကြောင့် ဒီအတိုင်း
ပျက်ဆီးသွားမခံနိုင်ဘူး"

ကျွင်းရှောင်ယောက်က လက်ကိုဝှေ့ယမ်းလိုက်သည်။

"သခင်လေး နတ်ဘုရားသားတော်"

ပိုင်ယုအာကလည်း လေးလေးနက်နက်
ဦးညွှတ်လိုက်၏။

"အင်း၊ သိပ်လည်း မပျော်နဲ့ဦး။ သူတို့က
လက်လျှော့ဦးမှာ မဟုတ်ဘူး"
ကျွင်းရှောင်ယောက် ပြောလိုက်သည်။

------------wunzinnosp

အခန်း ( ၈၈ ) ကြယ်လေးပွင့်ဆုလာဘ်...
ရှေးဟောင်းသူတော်စင်လက်နက်၊ တိုင်းပြည်လေးခု၏
လျှို့ဝှက်ချက်

ယင်းကိုကြားသောအခါ မီးငှက်ဘုရင်၏မျက်နှာက
အလွန် လေးနက်သွားသည်။

တိုင်းပြည်သုံးခု၏ ဘုရင်များကို သစ္စာခံစေနိုင်သော
ထိုသခင်လေး၏အနေအထားက

သာမန်မဟုတ်နိုင်ပေ။

သို့သော်လည်း သူတို့ဘက်တွင် ကျွင်းရှောင်ယောက်ရှိသောကြောင့် မီးငှက်ဘုရင်၏ နှလုံးသားက တည်ငြိမ်မှုရှိလာသည်။

ထိုသခင်လေးက ကျွင်းရှောင်ယောက်ထက် ပိုသန်နာနိုင်သလော။

သူ့နောက်ကွယ်မှ အင်အားစုကလည်း ကျွင်းမိသားစုထက် ပိုသန်မာနိုင်သလော။

ထိုအတွက် မီးငှက်ဘုရင်ဟာ မစိုးရိမ်တော့ပေ။

"ကောင်းပြီ၊ အခုနန်းတွင်းကို အရင်ပြန်ဝင်ရအောင်။

ကျုပ်ခင်ဗျားကို မေးစရာရှိတယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

တစ်ဖက်တွင် သူက မီးငှက်နန်းတော်တွင်
လက်မှတ်ထိုးဝင်လို၏။

အခြားတစ်ဖက်မှာတော့ တစ်စုံတစ်ခုကို
မေးလိုခဲ့ပေသည်။

"ကောင်းပါပြီ နတ်ဘုရားသားတော်"
မီးငှက်ဘုရင်ဟာ ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ကာ
ခေါ်သွား၏။

ကျွင်းရှောင်ယောက်လည်း
ရွှေရောင်စစ်ရထားပေါ်တက်ကာ

နောက်မှလိုက်သွားခဲ့သည်။

"ဟင်း... အခုမှ သွေးပူရုံရှိသေး၊ ပြီးသွားပြီ"

ကျွင်းကျန်းကျန့်က သူ၏ လက်ကောက်ဝတ်ကို
တစ်ချက်ချိုးကာ ပြောလိုက်သည်။

"အဆုံးသတ်ဖို့က မလွယ်ပါဘူး၊
ရက်နည်းနည်းကြာရင် သူတို့ပြန်လာမှာတောင်
ကြောက်ရတယ်"

ကျွင်းလင်းလုံက ပြောလိုက်၏။

ကျွင်းလင်းလုံက ဝင်ပေါက်ခုနစ်ခုနှလုံးသားဖြင့်
ဉာဏ်ထက်မြက်ပေရာ တစ်ဖက်သခင်လေးက
အလွယ်တကူ လက်မလျှော့မှန်း သူသိသည်။

"ဟမ့်၊ သခင်လေးဒီမှာရှိနေရင် ဘယ်လိုလှိုင်းမျိုးကို ဖြစ်စေနိုင်မှာလဲ"

ကျွင်းဝမ်ကျဲက ဂရုမစိုက်ပေ။

ကျွင်းရှောင်ယောက်၏အရှေ့တွင် နဂါးတစ်ကောင်ပင် ဝပ်တွားသွားရမည် ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ တော်ဝင်မြို့တော်ထဲသို့ ဝင်ရောက်လာခဲ့သည်။

မီးငှက်တိုင်းပြည်တွင်းမှ လူအားလုံးကတော့ ကျွင်းရှောင်ယောက်ကို ဒူးထောက်အရိုအသေပေးရ၏။

ကျွင်းရှောင်ယောက်ကို ချီးမွမ်းထောပနာပြုသံများကလည်း အသံမဆဲ

ထွက်ပေါ်နေတော့သည်။

ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာကတော့ အပြောင်းအလဲမရှိပေ။

ဤလူများက သူ့ကို ကယ်တင်ရှင်၊ စိတ်ကောင်းရှိသော သူတော်စင်ဟု မှတ်ယူနေခဲ့ကြသည်။

လက်တွေ့မှာတော့ သူဟာ ကိုယ့်စည်းစိမ်ကိုသာ ကာကွယ်နေခဲ့ခြင်း ဖြစ်၏။

သို့သော် သူက ဂရုမစိုက်တော့ပေ။

နောက်ဆုံးမှာတော့ ပါရမီရှင်အတော်များများဟာ သူ့ကို နတ်ဆိုးတစ်ကောင်ဟု ခေါ်ဝေါ်သမုတ်နေခဲ့ကြပြီ

ဖြစ်သည်။

သို့သော်လည်း ဤနာမည်ကောင်းကို သဘောကျ၏၊ သူက နတ်ဆိုးမဟုတ်ပေ။

သူက ကြက်သွန်မြိတ်လှီးဖြတ်ခြင်းကို နှစ်သက်မှုရှိရုံသာ ဖြစ်သည်။

မီးငှက်တော်ဝင်နန်းတော်အတွင်းသို့ ဝင်လာပြီးနောက် စနစ်အသံဟာ သူ့စိတ်ထဲတွင် ထွက်ပေါ်လာသည်။

"ဒင်၊ မီးငှက်ရှေးဟောင်းတိုင်းပြည် တော်ဝင်နန်းတော်ကိုရောက်ပါပြီ၊ လက်မှတ်ထိုးဝင်ချင်ပါသလား"

"ဝင်မယ်"

ကျွင်းရှောင်ယောက် စိတ်ထဲမှ ပြောလိုက်သည်။

"ဒင်၊ ကြယ်လေးပွင့်ဆုလာဘ်၊
ရှေးဟောင်းသူတော်စင်လက်နက် ကုချင်းနဲ့
ဖီးနစ်ငိုကြွေးချီတောင်တန်းကို ရရှိတဲ့အတွက်
ဂုဏ်ယူပါတယ် ပိုင်ရှင်"

စနစ်အသံဆုံးသည်နှင့် ကျွင်းရှောင်ယောက်
ခံစားလိုက်ရသည်။

သူ၏ သိုလှောင်ခြင်းမှော်ရတနာထဲတွင် ကုချင်းတစ်ခု
ထွက်ပေါ်လာသည်။

ကုချင်းက အနီရောင်ဖြစ်ပြီး သွယ်လျသည်။
ကုချင်းမျက်နှာပြင်တွင် ရွှေရောင်

ဖီးနစ်တောင်တန်းပုံစံများ ရေးထိုးထား၏။ ယင်းက
အလွန်လှပကာ အဖိုးတန်ပုံရသည်။

ကြိုးခုနစ်ချောင်းကလည်း
အနီရောင်သလင်းကျောက်ကဲ့သို့ ကြည်လင်ကာ
ပြိုးပြိုးပြက်ပြက် လက်နေသည်။

'ဒီတော့ ကုချင်းတစ်လက်ပေါ့'

ကျွင်းရှောင်ယောက် တိတ်ဆိတ်သွား၏။

စနစ်က သူ့ဘာသာလေ့ကျင့်ဖို့
ကြိုးစားနေတာများလား။

သို့သော်လည်း ဤသူတော်စင်အဆင့်လက်နက်က
သာမန်မဟုတ်ဘဲ

ရှေးဟောင်းသူတော်စင်လက်နက်ဖြစ်သည်။

ထို့အပြင် ဖီးနစ်ငိုကြွေးချီတောင်တန်းကလည်း
အပျော်တန်း တီးခတ်ရုံမျှသာမဟုတ်ကြောင်း
သိသာထင်ရှား၏။

ကျွင်းရှောင်ယောက်၏
တာအိုကာကွယ်သူဆိုရင်လည်း သူတော်စင်တစ်ပါးကို
သံစဉ်တစ်ချက်တည်းဖြင့်
ဒဏ်ရာအပြင်းအထန်ရစေခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ဤဖီးနစ်ငိုကြွေးချီတောင်တန်းက
လျှော့တွက်၍မရနိုင်သော
ကြောက်မက်ဖွယ်စွမ်းအားများ ရှိနေနိုင်သည်။

'ဒါက ဆုံးရှုံးမှု မဟုတ်ဘူး'

ကျွင်းရှောင်ယောက်စိတ်ထဲတွင် တွေးလိုက်မိသည်။

နောက်ဆုံးတွင် သာမန်ကာလျှံကာ
လက်မှတ်ထိုးဝင်ရုံမျှဖြင့်
သူတော်စင်လက်နက်တစ်ခုကို ရရှိခဲ့ပြီ
မဟုတ်ပါလော။

'ကြည့်ရတာ အနာဂတ်မှာ ကုချင်းတီးခတ်ရဦးမဲ့ပုံပဲ။
ကံကောင်းထောက်မစွာနဲ့ အရင်ဘဝက
ကျော်ကကားတဲ့သံစဉ်တွေကို ငါမမေ့သေးဘူး'
ကျွင်းရှောင်ယောက် တွေးလိုက်၏။

"နတ်ဘုရားသားတော်၊ ဘာဖြစ်လို့လဲ"
မီးငှက်ဘုရင်က မလှုပ်ရှားသော
ကျွင်းရှောင်ယောက်ကိုကြည့်ကာ မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး၊ သွားကြရအောင်"
ကျွင်းရှောင်ယောက် ပြောလိုက်သည်။

ထို့နောက် မီးငှက်ဘုရင်ဟာ ကျွင်းရှောင်ယောက်ကို ဇိမ်ခံအဆောက်အဦးတစ်ခုသို့ ခေါ်ဆောင်သွားခဲ့၏။

ကျွင်းရှောင်ယောက်လည်း ကျွင်းကျန်းကျန့်နှင့် တခြားသူများကို အေးအေးဆေးဆေး အနားယူခိုင်းလိုက်လေသည်။

နေရာတွင် ကျွင်းရှောင်ယောက်၊ မီးငှက်ဘုရင်နှင့် ပိုင်ယုအာတို့သာ ကျန်ရစ်ခဲ့သည်။

"ကျုပ်ခင်ဗျားကို မေးစရာရှိတယ်"

ကျွင်းရှောင်ယောက်က စကား စလိုက်၏။

"နတ်ဘုရားသားတော်၊ ကျေးဇူးပြုပြီး..."
မီးငှက်ဘုရင်လည်း စကားလမ်းကြောင်း
ဟပေးလိုက်သည်။

"ခင်ဗျားတို့ ရှေးဟောင်းတိုင်းပြည်ကြီး လေးခုမှာ
လျှို့ဝှက်သမိုင်းကြောင်းတွေ ရှိကြလား"
ကျွင်းရှောင်ယောက် မေးလိုက်သည်။

ထိုစကားကိုကြားသောအခါ မီးငှက်ဘုရင်က
ခဏစဉ်းစားပြီးမှ ပြန်ဖြေလိုက်၏။
"အမှန်အတိုင်းပြောရရင် သမိုင်းမှတ်တမ်းတွေအရ
ငါတို့တိုင်းပြည်လေးခုဟာ အင်မော်တယ်မင်းဆက်နဲ့
နီးစပ်တဲ့ ဆင်လေးကောင်
ရှေးဟောင်းတိုင်းပြည်လို့ခေါ်တဲ့

တော်ဝင်ကေရာဇ်မင်းဆက်ကနေ
ဆင်းသက်လာခဲ့တာ"

"ဆင်လေးကောင်တိုင်းပြည်ရဲ့ တည်ထောင်သူက
အဓိပဓိစစ်ရှုန်းလို့ခေါ်တဲ့
အဓိပဓိတန်ခိုးရှင်ကြီးတစ်ယောက်ပဲ။
ငါတို့တိုင်းပြည်လေးခုကိုတော့
တပည့်လေးယောက်ဖြစ်တဲ့ မိုးပြာနဂါး၊ ကျားဖြူ၊
လိပ်နက်နဲ့ မီးငှက်သခင်တွေက တည်ထောင်ခဲ့တာ"

မီးငှက်ဘုရင်၏ ရှင်းလင်းချက်ကိုကြားပြီးနောက်
ကျွင်းရှောင်ယောက် အနည်းငယ်
မျက်ခုံးပင့်လိုက်မိသည်။

ရှေးဟောင်းတိုင်းပြည်လေးခုတွင် ထိုကဲ့သို့သော
သမိုင်းကြောင်းရှိမည်ဟု ထင်မထားခဲ့ပေ။

"ဒါဆိုရင် မိုးပြာနဂါးဘုရင်ရဲ့ ရည်ရွယ်ချက်က တိုင်းပြည်လေးခုကိုပေါင်းစည်းပြီး ဆင်လေးကောင်ရှေးဟောင်းတိုင်းပြည်ရဲ့ ဘုရင်ဖြစ်ဖို့ ဖြစ်နိုင်တယ်"

ကျွင်းရှောင်ယောက် ခန့်မှန်းလိုက်သည်။

"ဒါပေမဲ့ သူ့နောက်ကွယ်က သခင်လေးရဲ့ ရည်ရွယ်ချက်ကကော၊ တိုင်းပြည်လေးခုကို ပေါင်းစည်းချင်ရုံပဲလား"

ကျွင်းရှောင်ယောက် ပဟေဠိဖြစ်သွား၏။

ထိုစကားကိုကြားသည့်အခါ ပိုင်ယုအာက နှုတ်ခမ်းကိုကိုက်၍ ပြောလိုက်သည်။

"သခင်လေး နတ်ဘုရားသားတော်၊ ယုအာမှာ ခန့်မှန်းချက်တစ်ခုရှိတယ်"

"အိုး၊ ဆိုစမျးပါဦး"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်သည်။

"ဒီနောက်ကွယ်က သခင်လေးဟာ
ကြေးအိမ်မြှောင်လေးခုကို စုဆောင်းချင်နေပုံရတယ်"
ပိုင်ယုအာ ပြောလိုက်၏။

"ကြေးအိမ်မြှောင်တွေလား"

ကျွင်းရှောင်ယောက် နားမလည်နိုင် ဖြစ်သွားသည်။

ထိုအခါ မီးငှက်ဘုရင်က ဆက်လက်
ရှင်းပြလိုက်လေသည်။

ဆင်လေးကောင်တိုင်းပြည်ဘုရင် အဓိပဓိစစ်ရှန်းဟာ

တချိန်က ကြေးအိမ်မြှောင်တစ်ခုကို
မတော်တဆရခဲ့သည်။

အဆိုပါ ကြေးအိမ်မြှောင်တွင် လျှို့ဝှက်ချက်ကြီးတစ်ခု
ပါဝင်နေ၏။

နောက်ပိုင်းတွင် အကြောင်းတစ်စုံတစ်ရာကြောင့်
ဤသတင်းပေါက်ကြားခဲ့ပြီး တန်ခိုးရှင်များစွာဟာ
အဓိပဓိစစ်ရှန်း၏ ကြေးအိမ်မြှောင်အတွက်
ယှဉ်ပြိုင်လာခဲ့ကြသည်။

ဝိုင်းဝန်း တိုက်ခိုက်မှုများအောက်တွင် အဓိပဓိစစ်ရှန်း
အခြေအနေမကောင်းခဲ့ပေ။

သူဟာ ကြေးအိမ်မြှောင်ကို လေးပိုင်းခွဲပြီး
မိုးပြာနဂါးဘုရင်တို့ တပည့်လေးယောက်အား

ခဲ့ဝေပေးလိုက်သည်။

နောက်ပိုင်းမှာတော့ ထိုတပည့်လေးယောက်တို့ဟာ
ယခုအခါ ကျော်ကြားသော
ရှေးဟောင်းတိုင်းပြည်ကြီးလေးခုကို
တည်ထောင်ခဲ့၏။

ကြေးအိမ်မြှောင်အပိုင်းများကလည်း
ရှေးဟောင်းုတိုင်းပြည်ကြီးလေးခုအတွက်
အမွေဆက်ခံရာ အမွေအနှစ်တစ်ခုလည်း
ဖြစ်လာခဲ့တော့သည်။

"ကျုပ်ကိုပြပါဦး"
ကျွင်းရှောင်ယောက်က ပုံမှန်လေသံဖြင့်
ပြောလိုက်သည်။

မီးငှက်ဘုရင်လည်း လေးလေးစားစား
ခေါင်းညိတ်လိုက်၏။

အကယ်၍ တခြားတစ်ယောက်က ကြေးအိမ်မြှောင်ကို
လက်ညှိုးထိုးလာပါလျှင် ချက်ချင်း
ရိုက်သတ်လိုက်မိမည် ဖြစ်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
ပြောလာသောအခါ မဆိုင်းမတွ ထုတ်ပေးလိုက်သည်။

ကြေးအိမ်မြှောင်ကိုမြင်သောအခါ
ကျွင်းရှောင်ယောက်စိတ်ထဲ အံ့သြသွားမိ၏။

အကြောင်းမှာ ကြေးအိမ်မြှောင်အစိတ်အပိုင်းက ယခင်
သစ်သားသေတ္တာအတွင်းမှ ကြေးအပိုင်းအစလေးနှင့်
အမှန်တကယ် တူညီကြောင်း

တွေ့ရှိလုိကိုရသောကြောင့်သာ ဖြစ်တော့သည်။

ဤကြေးအပိုင်းအစက အံ့ဖွယ်ခုနစ်ပါးထဲမှ တစ်ခုဖြစ်သော ကြေးအင်မော်တယ်နန်းတော်နှင့် ဆက်စပ်နေသည်။

'ဒီတော့ ဒီလိုဖြစ်တာကိုး... အဓိပဓိစစ်ရှုန်းကို ဝိုင်းတိုက်ကြတာ အံ့သြစရာမရှိတော့ပါဘူး၊ ဒီကြေးအိမ်မြှောင်က တကယ်ပဲ ကြေးအင်မော်တယ်နန်းတော်နဲ့ ဆက်စပ်နေတယ်'

ကျွင်းရှောင်ယောက် တွေးလိုက်သည်။

၎င်းက သေချာပေါက် လျှို့ဝှက်ချက်ကြီးတစ်ခုပင်။

ထိုသခင်လေး၏ ရည်ရွယ်ချက်ကို ယခုအခါ

သူသိလာခဲ့ပြီ။

ထိုသခင်လေးက ကြေးအင်မော်တယ်နန်းတော်နှင့် ကြေးအိမ်မြှောင်၏ ပတ်သက်ပုံကို သေချာပေါက် သိထားပေလိမ့်မည်။

"ဒီအိမ်မြှောင်က စိတ်ဝင်စားစရာပဲဗျ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

မီးငှက်ဘုရင်ကလည်း ပါးနပ်သူဖြစ်ရာ ချက်ချင်း ပြောလိုက်၏။

"သခင်လေး နတ်ဘုရားသားတော်က စိတ်ဝင်စားမှတော့ ပေးလိုက်ပါမယ်"

ကျွင်းရှောင်ယောက်လည်း ပါးနပ်လှသော

မီးငှက်ဘုရင်အပေါ်တွင် ကျေနပ်သွားမိသည်။

'ကျန်အစိတ်အပိုင်းတွေကတော့
သခင်လေးဆိုသူရဲ့လက်ထဲကို ရောက်နေလောက်ပြီ။
အခုကစပြီး သူက ငါ့ကိုလာမရှာရင်တောင် ငါက
သွားရှာရတော့မှာပဲ'
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

သို့သော် သူနှင့်ရင်းနှီးသူများကတော့ ထိုအပြုံးကို
သိနိုင်ပေ၏။

ဤအပြုံးက ကျွင်းရှောင်ယောက်ဟာ
ကြက်သွန်မြိတ်များ ထပ်မံလှီးဖြတ်တော့မည်ဟူသော
အဓိပ္ပာယ်သာ ဖြစ်တော့သည်။

-----------wunzinnosp

အခန်း ( ၈၉ ) နောက်ကွယ်မှလက်မည်းကြီး ထွက်ပေါ်လာတော့မှာလား

မီးငှက်ရှေးဟောင်းတိုင်းပြည်၏ နယ်နိမိတ်နှင့် မိုင်ထောင်ချီဝေးကွာသောနေရာတွင် မြို့တစ်မြို့ရှိနေသည်။

ထိုမြို့တွင် တိုင်းပြည်သုံးခု မဟာမိတ်တပ်များ တပ်ဆွဲထားကြ၏။

ထိုအချိန် မြို့လယ်ခေါင်ရှိ ခန်းမအတွင်းမှာတော့ ဇိမ်ခံအိပ်ခန်းတစ်ခုရှိနေသည်။

မိုးပြာနဂါး၊ ကျားဖြူနှင့်
လိပ်နက်ဘုရင်သုံးပါးတို့သည်ကား အိပ်ခန်းအရှေ့တွင်
ဦးညွတ်ကာ ရပ်နေကြ၏။

ထိုအချိန်တွင် အိပ်ရာအပေါ်ရှိ
ပိတ်ကန့်လန့်ကာအနောက်မှ အေးစက်သော
ဒေါသသံတစ်ချက် ထွက်ပေါ်လာသည်။

"မအောင်မြင်ဘူး၊ မင်းတို့ မဟာမိတ်တပ်တွေ
တစ်သန်းနဲ့တောင်
မီးငှက်ရှေးဟောင်းတိုင်းပြည်ငယ်လေးကို
ဖြိုခွင်းလို့မရဘူးလား"

"အိမ်မြှောင်ကို ရမလာဘူး၊ ပိုင်ယုအာကိုတောင်
ခေါ်မလာနိုင်ခဲ့ဘူး၊ မင်းတို့အားလုံး
တကယ်အမှိုက်တွေပဲ"

လူငယ်၏ ဒေါသသံက ဟိန်းထွက်နေသည်။

မိုးပြာနဂါးဘုရင်နှင့် တခြားသူများဟာ ဘာမျှ ပြန်မပြောဝံ့သောကြောင့် ခေါင်းငုံ့နေကြ၏။

သူတို့ဟာ ဤသခင်လေး၏ စိတ်သဘောထားနှင့် ဒေါသကို ကျင့်သားရနေခဲ့ကြပြီ ဖြစ်သည်။

ကျားဖြူဘုရင်နှင့် လိပ်နက်ဘုရင်ကတော့ လူငယ်တစ်ယောက်က ဆူပူကြိမ်းမောင်းလာသောအခါ မျက်နှာပျက်သွားပြီး အံ့ကြိတ်လိုက်ကြသည်။

သို့သော်လည်း အနက်ရောင်ဝတ် လူကြီးလေးယောက်ကိုမြင်သောအခါ အံ့ကြိတ်ထားရုံမှတပါး အခြားမတတ်နိုင်တော့ပေ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်
ကျွင်းရှောင်ယောက်၊ ဟမ့်... မင်းကိုယ်မင်း တကယ်ပဲ
အဓိကဇာတ်ကောင်လို့ ထင်နေတာလား"

လူငယ်က အေးစက်စက်ဖြင့် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏ အဆင့်အတန်းနှင့် ခွန်အားက
အမှန်ပင် သန်မာလှသည်။

သို့ရာတွင် ယင်းက သူ့ကိုယှဉ်ပြိုင်နိုင်သူ မရှိတော့ဟု
မဆိုလိုပေ။

ကျွင်းမိသားစုက အလွန်ချမ်းသာပြီး
တန်ခိုးထွားသော်လည်း ကောင်းကင်ကြီးကို
လက်တစ်ဖက်တည်းဖြင့် ဖုံးအုပ်ထားရန် မဖြစ်နိုင်ပေ။

ဤသခင်လေးကလည်း မယုံကြည်ပါချေ။

"အခုချက်ချင်း အမိန့်ဖြန့်ထားလိုက်၊ နောက်သုံးရက်ကြာရင် ဒီသခင်လေးကိုယ်တိုင် ဦးဆောင်ပြီး လိုက်ပါမယ်၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဘာလုပ်နိုင်မယ်ဆိုတာ ငါကြည့်ချင်စမ်းတယ်။

"ကောင်းပါပြီ"

မိုးပြာနဂါးဘုရင်နှင့် တခြားသူများလည်း ချက်ချင်း ထွက်ခွာသွားတော့သည်။

"နောက်ဆုံးအပိုင်းကို ရရှိနိုင်သ၍ ပြီးပြည့်စုံတဲ့ကြေးအိမ်မြှောင်ကို ရရှိနိုင်ပြီ။ ဒါက ကြေးအင်မော်တယ်နန်းတော်ကို ငါစူးစမ်းတဲ့အခါ

အကူညီအများကြီးရလိမ့်မယ်"

"ငါ့ရဲ့လမ်းကို ဘယ်သူမှ တားဆီးလို့မရဘူး။
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ဆိုရင်တောင်
မရဘူး"

...........

ညအချိန်...

မီးငှက်တိုင်းပြည်နန်းတွင်မှ ဇိမ်ခံ
အဆောက်ဦးတစ်ခုတွင်။

အလွန် နာဝင်ပီယံရှိ၍ လူများကို
သက်တောင့်သက်သာရှိစေသော ကုချင်းသံဟာ

အဆောင်အတွင်းမှ ထွက်ပေါ်နေသည်။

အဆောင်တွင်းရှိ အိပ်ရာထက်မှာတော့ ကျွင်းရှောင်ယောက်ဟာ တင်ပျဉ်ခွေထိုင်နေ၏။ သူက ဖီးနစ်ငိုကြွေးချီတောင်တန်းဖြင့် တီးခတ်နေခဲ့ခြင်း ဖြစ်သည်။

ဖြူဖွေးကာ သွယ်လျသောလက်ချောင်းများက ကုချင်းကြိုးများပေါ်တွင် လှပစွာ လှုပ်ရှားနေခဲ့သည်။

ဤသီချင်းဟာ ကျွင်ရှောင်ယောက် ယခင်ဘဝတွင် ကြားဖူးခဲ့သော ထိပ်တန်း ရှေးဟောင်းကုချင်းသံစဉ် ဆယ်ခုထဲမှ တစ်ခုဖြစ်သည်။

ထိုသံစဉ်ကို နားဆင်ပြီးပါက လူများကို စိတ်သက်သာရာရစေပေလိမ့်မည်။

ကုချင်းတီးခတ်နေရင်း ကျွင်းရှောင်ယောက်ဟာ
နတ်အသိတစ်ခုကို ယောင်ဝါးဝါး ခံစားလိုက်ရသည်။

'ဒါက ငါ့ရဲ့ လျှို့ဝှက်ဆန်းကျယ်တဲ့
တာအိုကာကွယ်သူလား'
ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။

သူ၏ တာအိုကာကွယ်သူကလည်း ကုချင်းသံစဉ်ဖြင့်
တိုက်ခိုက်တတ်သူ မဟုတ်ပါလား။

သို့သော်လည်း ဆန်းကျယ်သော တာအိုကာကွယ်သူက
ထွက်ပေါ်မလာခဲ့ပေ။

ထိုအစား တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"ဝင်ခဲ့ပါ"

ကျောင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်၏။

ထိုအခါ အနီရောင်စကတ်ကို ဝတ်ဆင်ထားကာ လက်ဖက်ရည်တစ်ခွက်ကို ကိုင်ထားသော ပိုင်ယုအာ ဝင်ရောက်လာခဲ့လေသည်။

"သခင်လေး၊ ကျေးဇူးပြုပြီး လက်ဖက်ရည် သောက်ပါဦး"

ပိုင်ယုအာဟာ ကျောင်းလင်းလုံကိုခွင့်တောင်း၍ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ပိုင်ယုအာက ကျောင်းရှောင်ယောက်ကို ခိုးကြည့်ရင်း ပြောလိုက်သည်။

လက်ရှိတွင် ကုချင်းတီးခတ်နေသော ကျွင်းရှောင်ယောက်၏ပုံက မတူခြားနားသော ခံစားချက်တစ်ခုကို ဖြစ်ပေါ်စေသည်။

မည်သည့်အမျိုးသမီးမဆို တစ်ချက်ကြည့်မိရုံဖြင့် ရုန်းမထွက်နိုင်ဘဲ စွဲလမ်းသွားရပေလိမ့်မည်။

"အင်း"

ကျွင်းရှောင်ယောက်က ဖီးနစ်ငိုကြွေးချီတောင်တန်းကို နံဘေးတွင်ချကာ လက်ဖက်ရည်ခွက်ကို ယူလိုက်သည်။

လက်ဖက်ရည်ကို တစ်ကျိုက်သောက်လိုက်၏။

လက်ဖက်ရည်သောက်ပြီးကာမှ သူဟာ ပိုင်ယုအာက အနည်းငယ်ပါးလွှာသည့် အနီရောင်စကတ်ကို ဝတ်ဆင်ထားကြောင်း သတိပြုမိသွားသည်။

အနီရောင် စကတ်အောက်မှ ဖြူဖွေးသော ကျောက်စိမ်းအသားရေလေးကိုပင် မြင်တွေ့နေရသည်။

ယင်းက အမှန်တကယ် ဆွဲဆောင်မှုရှိ၏။

ကျွင်းရှောင်ယောက်လည်း မျက်စိမှိတ်ကာ လက်ဖက်ရည်ကို ဆက်သောက်နေလိုက်သည်။

"နတ်ဘုရားသားတော်၊ ကျွန်မတို့ မီးငှက်တိုင်းပြည်မှာ မီးငှက်ဝိညာဉ်ရည်လို့ခေါ်တဲ့ အထူးဂါရပ်တစ်ခုရှိတယ်။ အဲဒီမှာ ရေချိုးမယ်ဆိုရင်

စိတ်ကို အေးချမ်းတည်ငြိမ်စေသလို သွေးကြောတွေ ပိတ်ဆို့နေရင်တောင် ပွင့်လင်းစေနိုင်တယ်လေ။ သခင်လေး နတ်ဘုရားသားတော် စိတ်ဝင်စားရဲ့လား မသိဘူး"

ပိုင်ယုအာက နှုတ်ခမ်းကို အနည်းငယ်ကိုက်ကာ ပြောလိုက်သည်။

"အိုး၊ ကောင်းတာပေါ့"

ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်၏။

ယင်းက ရေပူစမ်းပင် မဟုတ်ပါလား။

ကျွင်းရှောင်ယောက်က သဘောတူလိုက်သောအခါ ပိုင်ယုအာလည်း ဝမ်းသာအားရဖြင့် ခေါ်ဆောင်သွားလိုက်သည်။

တော်ဝင်နန်းတော်အတွင်းပိုင်းတွင် နွေးထွေးသော နွေဦးဝိညာဉ်ကန်တစ်ကန် ရှိနေသည်။

ဤတွင် အင်မော်တယ်ဘုံကဲ့သို့ မြူခိုးများလည်း ထွက်ပေါ်လျက် ရှိ၏။

"သခင်လေး နတ်ဘုရားသားတော်၊ ကျွန်မ ကူညီပေးပါရစေ"
ပိုင်ယုအာ ပြောလိုက်သည်။

ကျွင်းရှောင်ယောက်ကလည်း မငြင်းပေ။

ခံစားသင့်သည်များကို ခံစားမည်။

မီးငှက်တိုင်းပြည်တစ်ခုလုံး၌ပင် မင်းသမီးပိုင်ယုအာ၏
ပြုံးစုခြင်းကို ခံယူနိုင်သူ မရှိလောက်ပါချေ။

ပိုင်ယုအာလည်း ကျွင်းရှောင်ယောက်၏
အပေါ်ဝတ်ရုံကို ကူညီ ချွတ်ပေးလိုက်သည်။

ထိုအခါ အင်မော်တယ်ကျောက်စိမ်းကို စနစ်တကျ
ထုဆစ်ထားသကဲ့သို့ ကျွင်းရှောင်ယောက်
ခန္ဓာကိုယ်ဟာ ပိုင်ယုအာအရှေ့တွင် ထွက်ပေါ်လာ၏။

ပိုင်ယုအာလည်း တတွေးတစ်ချက်ကို ခက်ခက်ခဲခဲ
မြိုချလိုက်ရတော့သည်။

ခြေထောက်များလည်း ပူးကပ်လိမ်ယှက်သွားမိသည်။

မီးငှက်နွေဦးဝိညာဉ်ရေကန်ထဲသို့ ဝင်ရောက်သွားပြီးနောက် ကျွင်းရှောင်ယောက်ဟာ အလွန် သက်တောင့်သက်သာ ရှိသကဲ့သို့ ခံစားလိုက်ရသည်။

ဤရေပူစမ်းဟာ အမှန်တကယ် ကောင်း၏။

ပိုင်ယုအာ၏ မျက်နှာကတော့ သွေးများ စီးကျလာတော့မည်ကဲ့သို့ နီမြန်းနေတော့သည်။ သူက တုန်ယင်နေသော လက်များဖြင့် ကျွင်းရှောင်ယောက်၏ ပုခုံးကို ဖျစ်ညှစ်လိုက်မိသည်။

ကျွင်းရှောင်ယောက်လည်း ယင်းကို သတိပြုမိသွား၏။

"သ… သခင်လေး နတ်ဘုရားသားတော်…"

ပိုင်ယုအာ၏အသံက တုန်ယင်စွာ ထွက်ပေါ်လာသည်။

သူဟာ ကျွင်းရှောင်ယောက်နှင့် အမှန်တကယ် လိုချင်သွားမိ၏။

ကျွင်းရှောင်ယောက်က မျက်လုံးမှိတ်ကာ ပုံမှန်အတိုင်း ပြောလိုက်သည်။

"မင်းရဲ့အနေအထားကို သတိရပါ၊ အကန့်အသတ်ကို မကျော်လွန်စေနဲ့"

ကျွင်းရှောင်ယောက်၏ စကားက ပိုင်ယုအာကို ပြန်လည်နိုးထလာစေခဲ့သည်။

ဟုတ်၏။

သူမက ကျွင်းရှောင်ယောက်၏ ကျွန်မိန်းကလေးသာ ဖြစ်သောကြောင့် အဆင့်အတန်းချင်းဟာ လုံးဝ ကိုက်ညီမှုမရှိပါချေ။

ကျွင်းရှောင်ယောက်က သူမ လက်လှမ်းမမှီနိုင်သော ယောက်ျားတစ်ယောက် ဖြစ်သည်။

"တောင်းပန်ပါတယ် နတ်ဘုရားသားတော်၊ ယုအအာ ရိုင်းသွားမိတယ်"
ပိုင်ယုအအာက ခါးသက်မှုကိုခံစားရင်း ပြောလိုက်သည်။

ကျွင်းရှောင်ယောက်ကတော့ ဂရုမစိုက်ပေ။

သူက မိန်းမလှမြင်တိုင်း ရူန်းကြွတတ်သူ မဟုတ်ပါချေ။

မိန်းမလှများနှင့် ကျောက်ကပ်ဆေးခြင်းက ပြဿနာတစ်ခု မဟုတ်ပါ။

သို့သော် သတိထားရမည်။

သူ့အဖို့တော့ ပိုင်ယုအာဟာ စစ်တုရင်ခုံပေါ်မှ ပွန်းရုပ်လေးတစ်ခုမျှသာ ဖြစ်သည်။ သူမကဲ့သို့ ကျွန်မိန်းကလေးတစ်ယောက်က သူ့ခန္ဓာကိုယ်နှင့် ပေါင်းဖက်ရန် အရည်အချင်းမရှိပါချေ။

"ထွက်သွားတော့၊ ငါတစ်ယောက်တည်း နေမယ်"

ကျွင်းရှောင်ယောက်က အေးစက်စက်နှင့်ပြောကာ မျက်လုံးမှိတ်ပြီး အနားယူလိုက်သည်။

ပိုင်ယုအာလည်း ဝမ်းနည်းနေသောမျက်နှာနှင့်
ထွက်ခွာသွားတော့၏။

သို့သော်လည်း သူ့မျက်လုံးထဲမှ
ကျွင်းရှောင်ယောက်အပေါ် မြတ်နိုးမှုနှင့်
စွဲလန်းမှုတို့ကတော့ လျော့မသွားသေးပေ။

ကျွင်းရှောင်ယောက်ဟာ အချက်တစ်ချက်ကို
လျစ်လျူရှုခဲ့၏။ ယင်းက ကိုယ်မရနိုင်သောအရာကို
ပိုမက်မောတတ်သည့် လူ့သဘာဝပင် ဖြစ်တော့သည်။

............

သုံးရက်ကြာသွားခဲ့ချေပြီ။

ဤအတောအတွင်း မီးငှက်တိုင်းပြည်ဟာ
အစောင့်အကြပ်များကို မပေါ့လျော့ခဲ့ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်နှင့်
လေမီးတောတောင်အစောင့်လေးပါးတို့က
ဦးဆောင်နေသောကြောင့် တိုင်းပြည်တစ်ခုလုံး
အေးချမ်း တည်ငြိမ်လျက်ရှိသည်။

ကျွင်းရှောင်ယောက်ကတော့ ဤရက်အတွင်းမှာ
ကုချင်းတီးလိုက်၊ ရေပူစမ်းတွင် ရေချိုးလိုက်နှင့်
သက်တောင့်သက်သာ အနားယူနေတော့သည်။

လက်ရှိတွင် ကျွင်းရှောင်ယောက်က
ကျွင်းလင်းလုံဖျော်ပေးသော
လက်ဖက်ရည်ကိုသောက်ကာ ထိုင်နေသည်။

"ဒီကောင် ထပ်မလာရင် ငါသူ့ကို သွားရှာတော့မယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

"အဲဒီလူက သခင်လေးကို ကြောက်နေတာ
ဖြစ်နိုင်ပေမဲ့ လွယ်လွယ်နဲ့ လက်လျှော့မယ်မထင်ဘူး"

ကျွင်းလင်းလုံက ပြုံးကာ ပြောလိုက်၏။

မျှော်လင့်ထားသည့်အတိုင်း ဤအခိုက်အတန့်တွင်
ကျွင်းရွှယ်ဟွမ်၏အသံက အပြင်ဘက်မှ
ထွက်ပေါ်လာသည်။

"နတ်ဘုရားသားတော်ကို သတင်းပို့ပါတယ်၊
တိုင်းပြည်သုံးခု မဟာမိတ်တပ်တွေ တကျော့ပြန်
လာနေပါပြီ"

"နောက်ဆုံးတော့ ရောက်လာခဲ့ပြီပေါ့၊

စောင့်လိုက်ရတာ"

ကျွင်းရှောင်ယောက်က နေရာမှထလိုက်သည်။ ကျွင်းလင်းလုံလည်း အဝတ်အစားများကို ကူညီပြင်ဆင်ပေးလိုက်၏။

အဖြူရောင်ဝတ်စုံနှင့် ကျွင်းရှောင်ယောက်က အပြောင်အပျက်ဟန်ဖြင့် ပြုံး၍ ပြောလိုက်သည်။

"အဲဒီသခင်လေးက ဘယ်သူဆိုတာ မြင်ချင်စမ်းတယ်"

-----------wunzinnosp

အခန်း ( ၉၀ ) တပ်နှစ်ခု ထိပ်တိုက် တွေ့ဆုံခြင်း၊ နောက်ကွယ်မှ လက်မည်းကြီး ထွက်ပေါ်လာခဲ့ပြီ

မီးငှက် ရှေးဟောင်းတိုင်းပြည်၏ တော်ဝင်မြို့တော်

အပြင်ဘက်တွင် တိုင်းပြည်သုံးခု
မဟာမိတ်တပ်များက ထပ်မံတိုက်ခိုက်လာသည်။

တပ်သားများနှင့် ဗိုလ်ချုပ်တို့မျက်နှာမှာတော့
ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်နေဆဲပင်။

နောက်ဆုံးအကြိမ်က လေမီးတောတောင်
မဟာမိတ်တပ်များဟာ သူတို့ကို သေမတတ်
ထိတ်လန့်သွားစေခဲ့သည်။

သို့သော်လည်း တပ်သားများဟာ
တုန်လှုပ်နေကြသည့်တိုင် နောက်မဆုတ်ကြပေ။

အကြောင်းမှာ ဘုရင်၏အမိန့်အပြင်
လျှို့ဝှက်ဆန်းကျယ်သော အကူညီများလည်း
ပါလာကြမည် ဖြစ်သောကြောင့်ပင်။

ကျွင်းမိသားစုမှ နတ်ဘုရားသားတော်ရှိနေလျှင်ပင် မီးငှက်တိုင်းပြည်၏ ပျက်ဆီးခြင်းကို တားဆီးရမည် မဟုတ်ပါချေ။

သို့ရာတွင် မီးငှက်တိုင်းပြည်ဘက်ကလည်း ပြင်ဆင်မှုများ ပြုလုပ်ထား၏။

သောင်းချီသော မီးငှက်တပ်သားများက အင်ပါယာမြို့တော်အပြင်ဘက်တွင် စောင့်ကြပ်နေခဲ့ကြသည်။

နေရာတွင် မီးငှက်ဘုရင်နှင့် ပိုင်ယုအာအပြင် အခြားသူများလည်း ထွက်ပေါ်လာသည်။

"သခင်လေး နတ်ဘုရားသားတော်

မရောက်သေးဘူးလား"

ပိုင်ယုအာ မေးလိုက်၏။

"မင်းသမီးကို သတင်းပို့ပါတယ်၊
နတ်ဘုရားသားတော်ကို သတင်းပို့ပြီးပြီမို့ မကြာခင်
ရောက်လာမယ်လို့ ထင်ပါတယ်"

တစ်ယောက်က ပြန်ဖြေလိုက်သည်။

"ကောင်းပြီ"

ပိုင်ယုအာ အနည်းငယ် ခေါင်းညိတ်လိုက်၏။

ကျွင်းရှောင်ယောက်ကို မမြင်ရသ၍တော့
သူ့နှလုံးသားက တည်ငြိမ်နိုင်မည် မဟုတ်ပေ။

အခြားတစ်ဖက်တွင် တိုင်းပြည်သုံးခု

မဟာမိတ်တပ်များက အင်ပါယာမြို့တော်သို့ ချဉ်းကပ်လာခဲ့သည်။

ကောင်းကင်မှာတော့ မိုးပြာနဂါး၊ လိပ်နက်နှင့် ကျားဖြူ ဘုရင်သုံးပါးတို့က ဦးဆောင်ကာ ချီတက်လာ၏။

ထိုစဉ် အခြေအနေတစ်ခုက မီးငှက်ဘုရင်နှင့် တခြားသူများ၏အာရုံကို ချက်ချင်း ဖမ်းစားသွားခဲ့သည်။

ဘုရင်သုံးပါး၏ နောက်ကွယ် လေထဲတွင် အမှန်တကယ် ရွှေဖြင့်ပြုလုပ်ထားသော အိပ်ရာတစ်ခုရှိနေသည်။

ဟုတ်ပေသည်။ ၎င်းက အမှန်တကယ် အိပ်ရာကြီးတစ်ခု ဖြစ်သည်။

ခုတင် ထောင့်လေးထောင့်ကိုတော့
နဂါးဦးခေါင်းသဏ္ဌာန် ထွင်းထုထား၏။

ထောင့်လေးထောင့်စလုံးကို ကန့်လန့်ကာများ
ကာထားသည့်တိုင် အတွင်းမှာကခုန်နေသော
မိန်းမလှလေးများ၏ပုံကို မြင်တွေ့ရနိုင်သည်။

ဤမြင်ကွင်းကြောင့် မိုးပြာနဂါးဘုရင်ပင် အနည်းငယ်
ထိတ်လန့်သွားသည်။

မိုးပြာနဂါးဘုရင်ညွှန်းဆိုသော
လျှို့ဝှက်ဆန်းကျယ်သည့် သခင်လေးသည်
ဤခုတင်ကြီးပေါ်တွင် ရှိနေနိုင်လောက်၏။

သို့သော်လည်း ယင်းက အမှန်တကယ် ထူးဆန်းသည်။

ဘယ်လိုလူက တမူထူးကာ ပျံသန်းခြင်းမှော်ရတနာကို အိပ်ရာအသွင် ထုဆစ်ထားသနည်း။

ရုတ်တရက် တစ်စုံတစ်ခုကို တွေးမိသောအခါ မီးငှက်ဘုရင်၏မျက်နှာအမူအရာက ပြောင်းလဲသွားသည်။

"မဟုတ်ဘူး... အဲတာက..."

မီးငှက်ဘုရင် မျက်နှာပျက်သွား၏။

သူထင်ထားသည့်အတိုင်း တကယ်ဖြစ်ရင် အဆင်မပြေတော့ပေ။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်က ထောက်ပံ့ထားလျှင်ပင် အလွယ်တကူ ပြီးဆုံးမည့်ပုံ

မရပါချေ။

"ဟားဟားဟား၊ မီးငှက်ဘုရင်...
ငါတို့ပြန်ဆုံကြပြန်ပြီ"
မိုးပြာနဂါးဘုရင်က ရယ်မောလိုက်သည်။

ဤတစ်ခေါက်တော့ သူဟာ ယုံကြည်မှုရှိလာခဲ့၏။

"မင်းတို့က အတော်ခေါင်းမာတာပဲ၊
နောက်ဆုံးတစ်ခေါက်က ခံလိုက်ရတာ
မလုံလောက်သေးဘူးလား"
မီးငှက်ဘုရင်က ပြောလိုက်သည်။

သူတို့ဘက်တွင် ကျွင်းမိသားစုမှနတ်ဘုရားသားတော်
ရှိနေသောကြောင့် တစ်ဖက်သခင်လေးကို များစွာ

စိုးရိမ်နေရန် မလိုပေ။

ထိုအချိန်တွင် ရွှေရောင်နဂါးကုတင်ပေါ်မှ အေးစက်၍ မာနကြီးသော အသံတစ်ချက် ထွက်ပေါ်လာသည်။

"မီးငှက်ဘုရင်၊ မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်။ ငါ့အပေါ်သစ္စာခံပြီး ငါအလိုရှိတာကို လွှဲပေးပါ၊ နောက်ပြီးတော့..."

အသံက ခေတ္တရပ်လိုက်ပြီးမှ ဆက်ပြောသည်။

"မင်းသမီးပိုင်ယုအာကို ဒီမားကွစ်ရဲ့ ကိုယ်လုပ်တော် ဖြစ်လာခဲ့ပါစေ"

အေးစက်၍ မာနကြီးသော စကားသံ ကောင်းကင်နှင့် မြေကမ္ဘာကြားတွင် ပဲ့တင်ထပ်သွားသည်။

မီးငှက်တိုင်းပြည်ဘက်မှ လူများလည်း ဒေါသတကြီးဖြစ်ကုန်ကြသည်။

မီးငှက်ဘုရင်လည်း ဒေါသထွက်သွား၏။ သို့သော် လျှို့ဝှက်ဆန်းကျယ်သော သခင်လေးက သူ့ကိုယ်သူ 'ဒီမားကွစ်'ဟု ခေါ်ခြင်းကို ကြားလိုက်သောအခါ နှလုံးသားတွင် တုန်လှုပ်သွားတော့သည်။

သေချာပြီ၊ သူမမှားတော့ပြီ။

သို့သော် ထိုအချိန်တွင်...

ကောင်းကင်မှ ပို၍အေးစက်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

"ဒီနတ်ဘုရားသားတော်ရဲ့ လူတွေကို
ကိုယ်လုပ်တော်အဖြစ် ပြောရအောင်၊ မင်းက ဘာလဲ"

စကားဆုံးသည်နှင့် တော်ဝင်မြို့တော်၏ အတွင်းပိုင်းမှ
ရွှေရောင်အလင်းများ ထွက်ပေါ်လာသည်။

၎င်းက ကြီးကျယ်ခမ်းနားသော
ခေါင်းကိုးလုံးခြင်္သေ့ကြီးဖြစ်ကာ ရွှေရောင်စစ်ရထားကို
ဆွဲ၍ ထွက်ခွာလာသည်။

ရွှေရောင်စစ်ရထားအထက်မှာတော့
အဖြူရောင်ဝတ်ဆင်ထားသည့် စစ်နတ်ဘုရားကဲ့သို့
လူငယ်တစ်ယောက် ရှိနေခဲ့၏။

သူ့အနောက်မှာတော့ ကျွင်းကျန်းကျန့်နှင့်

တခြားသူများဟာ လေမီးတောတောင်အစောင့်များကို ဦးဆောင်၍ လိုက်ပါလာခဲ့တော့သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ရောက်လာပြီ"

"ဒါ ထိပ်တန်းတော်ဝင်မိသားစုက ခေါင်းကိုးလုံးခြသေ့်ကြီးပဲ၊ ရထားဆွဲဖို့ သူ့ကိုသုံးတာလား"

"လေမီးတောတောင် အစောင့်လေးပါးလည်း ရောက်လာပြီ"

တိုင်းပြည်သုံးခု မဟာမိတ်တပ်များ ရုတ်တရက် တုန်လှုပ်သွားသည်။

နောက်ဆုံးတော့ သူတို့ နှလုံးသားထဲတွင်
အရိပ်မည်းကြီးများ ရှိနေသေးသည် မဟုတ်ပါလား။

လေမီးတောတောင်အစောင့်အပြင်
တပ်သားထောင်ချီကို ဓားတစ်ချက်တည်းဖြင့်
သတ်ဖြတ်ခဲ့သော ကျွင်းရှောင်ယောက်လည်း ရှိ၏။
၎င်းက တကယ်ကို မိစ္ဆာနတ်ဆိုးတစ်ကောင်
ဖြစ်သည်။

ကျွင်းရှောင်ယောက်က တော်ဝင်မြို့တော်၏အထက်
ကောင်းကင်ယံ၌ ရပ်လိုက်သည်။

ကျွင်းရှောင်ယောက်နှင့်
လေမီးတောတောင်အစောင့်များ ရောက်ရှိလာခြင်းက
မီးငှက်တပ်သားများကို တည်ငြိမ်မှု
ပြန်ရလာစေခဲ့သည်။

ပိုင်ယုအာ၏ မျက်လုံးများတွင်လည်း
စိတ်လှုပ်ရှားမှုများဖြင့် တောက်ပလာသည်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက် ပြောခဲ့သည်က
'ဒီနတ်ဘုရားသားတော်ရဲ့လူ' မဟုတ်ပါလား။

တစ်နည်းဆိုရလျှင် သူမက ကျွင်းရှောင်ယောက်၏လူ
ဖြစ်သည်။

သူက ကျွန်မိန်းကလေးဖြစ်လျှင်ပင်
ကျွင်းရှောင်ယောက်အပိုင်သာ ဖြစ်တော့သည်။

"နတ်ဘုရားသားတော်"
မီးငှက်ဘုရင်က အနည်းငယ် ဦးညွှတ်လိုက်သည်။

ကျွင်းရှောင်ယောက်က သူ့လက်ကို ဝှေ့ယမ်းကာ ရွှေရောင်နဂါးကုတင်ဆီသို့ လှမ်းကြည့်လိုက်၏။

သူ့တွင် ခန့်မှန်းချက်တစ်ခုရှိသည်။ ယင်းက မမှန်လျှင်ပင် အလွန်နီးစပ်လိမ့်မည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ကောလာဟလအတိုင်း တကယ်ကို မာနကြီးတာပဲ"

ရွှေရောင် နဂါးကုတင်ထက်မှ အေးစက်စက်အသံ ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်၏ ဆူပူကြိမ်းမောင်းမှုက သူ့ကို မကျေမနပ်ဖြစ်စေသည်။ သို့ရာတွင် နတ်ဘုရားသားတော်၏ အဆင့်အတန်းအရ ပြောဆိုနိုင်သော အရည်အချင်းရှိ၏။

"ကြည့်ရတာ မင်းက တိုင်းပြည်သုံးခုနောက်ကွယ်က လက်မည်းကြီးဖြစ်ပုံရတယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။ သူက လက်နှစ်ဖက်ကိုနောက်ပစ်ကာ လေထဲတွင် ရပ်နေလိုက်၏။

"လက်မည်းကြီးလား၊ ဟားဟားဟား... ဒီမားကွစ်က ဆက်စပ်အင်အားတချို့ကို ချေမှုန်းချင်ရုံပါပဲ"

အသံက ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏မျက်လုံးက အရောင်တစ်ချက်လက်သွားသည်။

၎င်းက ဆင်ခြေတစ်ခုသာဖြစ်မှန်း သိသာထင်ရှား၏။

၎င်း၏ရည်ရွယ်ချက်က တိုင်းပြည်လေးခုမှ
အမွေခံဖြစ်သော ကြေးအိမ်မြှောင်များသာ ဖြစ်ရမည်။

အင်အားစုကို ချေမှုန်းခြင်းက ဆင်ခြေသက်သက်သာ
ဖြစ်သည်။

ထို့ပြင် သူ့ကိုယ်သူ ဒီမားကွစ်ဟု ညွှန်းဆိုခဲ့၏။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ အတိအကျနီးပါး
ခန့်မှန်း နိုင်သွားသည်။

“ဒီနတ်ဘုရားသားတော်က ငါ့ရှေ့မှာ ခေါင်းငုံ့ပြီး
အမြီးပြတာကို မကြိုက်ဘူး၊ ကိုယ်ထင်ပြစမ်း"
ကျွင်းရှောင်ယောက်က လက်သီးတစ်ချက်ကို

ထုတ်ဖော်လိုက်သည်။

လက်ရှိသူဟာ ပေါင်းစည်းခြင်းနယ်ပယ် နှောင်းပိုင်းအဆင့်ဖြစ်သောကြောင့် ကောင်းကင်တံတားနယ်ပယ်တွင် ရှိစဉ်ကထက် များစွာပိုအားကောင်းလာခဲ့ပြီ ဖြစ်သည်။

တူညီသော တိုက်ခိုက်မှုဆိုလျှင်ပင် အဖျက်စွမ်းအားက လုံးဝ မတူညီကြပေ။

၎င်းက နဂါးလက်သီးသာ ဖြစ်သည်။

အားလုံးက နဂါးဟိန်းသံနှင့်အတူ ရွှေရောင်နဂါးခုတင်ကိုတိုက်ခိုက်ရန် ပြေးထွက်သွားသော နဂါးကြီးတစ်ကောင်အား မြင်တွေ့လိုက်ရ၏။

ကျွင်းရှောင်ယောက်ဟာ အနိုင်းမဲ့နတ်ဆင်ခွန်အားကို မထုတ်ဖော်ခဲ့သော်လည်း ၎င်းတွင်ပါဝင်သောစွမ်းအားက တောင်တန်းကြီးတစ်ခုအား ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။

"ဟမ့်"

ရွှေရောင်နဂါးခုတင်အတွင်း၌ အေးစက်စက် နှာခေါင်းရှုံ့သံတစ်ချက် ထွက်ပေါ်လာသည်။

ထို့နောက် လက်ဝါးတစ်ခု ထွက်ပေါ်လာပြီး လေထုကို တုန်ခါသွားစေခဲ့၏။

"ဟမ်၊ ရှေးကျခဲ့ဖြာလက်ဝါး... ကြည့်ရတာ ဟုတ်နေပါပြီ"

ကျွင်းဝမ်ကျဲ၏မျက်လုံးက အရောင်လက်သွားသည်။

ယခင်ကတော့ သူဟာခန့်မှန်းထားခဲ့ရုံဖြစ်သည်။
သို့သော်လည်း ဤသိုင်းကွက်ကိုမြင်သောအခါ လုံးဝ
သေချာသွားစေခဲ့၏။

"ဝုန်း"
တိုက်ခိုက်မှုနှစ်ခု တွေ့ဆုံသောအခါ
သန်မာသောလှိုင်းလုံးကြီးများ
ဖြာထွက်လာခဲ့တော့သည်။

ယင်းက အောက်ဘက်ရှိ လူပေါင်းများစွာကို
အံ့အားသင့်သွားစေခဲ့သည်။

ယင်းက ပေါင်းစည်းခြင်းနယ်ပယ်ကြားမှ
တိုက်ပွဲတစ်ခုပင် ဟုတ်ပါ၏လော။ အဘယ်ကြောင့်

သူတော်စင်များ၏ တိုက်ပွဲတစ်ခုနှင့် တူနေရသနည်း။

သန့်မာသော လေလှိုင်းများ ထွက်ပေါ်လာသော်လည်း
ကျွင်းရှောင်ယောက်က မတုန်လှုပ်ပေ။

အခြားတစ်ဖက်မှာတော့ ရွှေရောင်နဂါးခုတင်က
တုန်ခါကာ ပိတ်ကျဲစများ ပျက်ဆီးသွားသည်။

ထိုအခါ အတွင်းမှ ပုံရိပ်များ ထွက်ပေါ်လာ၏။

မလုံမလဲဝတ်ထားသော အကာသမအများစုဟာ
လှိုင်းလုံးကြီးကြောင့် ကုတင်ပေါ်မှာတင်
လဲကျသေဆုံးသွားတော့သည်။

ခုတင်အလယ်တွင်ကား ကျောက်စိမ်းသရဖူနှင့်

ရွှေအနီရောင် တော်ဝင်ဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးရှိနေသည်။ ၎င်းက အေးစက်စက် မျက်နှာအမူအရာဖြင့် ကျွင်းရှောင်ယောက်ကို စိုက်ကြည့်လိုက်၏။

"သေချာတာပေါ့၊ မင်းပဲ... ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ မားကွစ်ကွမ်ကျွင်း"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

စာစဉ် ( ၆ ) ပြီးပါပြီ။